

ဘုန်းကြွယ်
အရိပ်မဲ့မှော်သိုင်း
ပ+ဒ ဇာတ်သိမ်း
GRAPHIC DESIGN THEE ZAR

# ဘုန်းကြွယ်

---

အရိပ်မဲ့ မှော်သိုင်း

(ဓာတ်သိမ်းဗိုင်း)

# အခန်း (၁)

ငါးပျံမာအန်းနား စီစဉ်ပေးသော ငါးတင်များကို ညလယ်စာအဖြစ် စားသောက်ကြပြီးနောက် အလွတ်မှတ်မိ သိရှိနေသော အရိုပ်မဲ့ကိုယ်ဖော့ပညာအကြောင်း ဖော်ပြထားချက်များကို ပြန်လှန် စစ်ဆေးကြည့်ကြသည်။

အကုန်အစင် အလွတ်မှတ်မိနေကြောင်း သေချာသောအခါတွင်မှ အကြမ်းဖျင်းလေ့ကျင့်မှုများ ပြုလုပ်ကြသည်။ မာအန်းနားကမူ ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်းတို့ အရိုပ်မဲ့ ကိုယ်ဖော့ပညာ လေ့ကျင့်နေကြသည်များကို အသာစင် ထိုင်ကြည့်နေသည်။

မာအန်းနားမှာ ကိုယ်ဖော့ပညာ အလွန်ပင်တော်သူတစ်ယောက်ဖြစ်သည်။ကိုယ်ဖော့ပညာစွမ်းလှသော်ကြောင့် 'ကိုယ်ဖျောက်နိုင်သည်' ဟုပင် နာမည်ကြီးနေသည်။ ယခု



ကျောင်းဖန်းယောင်တို့လေ့ကျင့်နေသော အရိပ်မဲ့ ကိုယ်ဖော့ပညာမှာ ပြိုင်စံရှားသော တကိုယ့် အထွတ်အထိပ် ကိုယ်ဖော့ပညာ ဖြစ်ကြောင်း မာအန်းနားပင် ချီးမွမ်းမိသည်။

ကျောင်းဖန်းယောင်တို့ အကြမ်းဖျင်း လေ့ကျင့်နေကြသည်များကို ကြည့်ရင်း အရိပ်မဲ့ ကိုယ်ဖော့ပညာကို မာအန်းနား အတော်ပင် စိတ်ဝင်စားလာမိသည်။ မာအန်းနားသည် အရိပ်မဲ့မှော်သိုင်း ပညာများကို ကိုယ်တိုင် လေ့ကျင့်သင်ယူရန် စိတ်ကူးမရှိပေ။

ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်းတို့ကိုသာ ပံ့ပိုးကူညီပေးသွားရန် ဆုံးဖြတ်ထား၏။ သို့သော်စိတ်ဝင်စားမှု အနည်းငယ် ရှိလာသည့်အတွက် ကျောင်းဖန်းယောင်တို့ လေ့ကျင့်နေကြသည်ကိုသာမက ကျောက်ပြားချပ်များတွင် ရေးသား ဖော်ပြထားသည်များကိုပါ တစ်လက်စတည်း လှမ်းဖတ်ကြည့်မိသည်။

ပင်ကိုကပင် ကိုယ်ဖော့ပညာ အထူးကောင်းမွန်သူမို့ တစ်ခေါက် ဖတ်ကြည့်သည်နှင့် အရိပ်မဲ့ ကိုယ်ဖော့ပညာ အကြောင်းကို ကောင်းကောင်းနားလည်သွားသည်။ မိမိ လက်ရှိတတ်မြောက်နေသော ကိုယ်ဖော့ပညာတွင် လိုအပ်မှုများကိုလည်း သိမြင်သည်။

ဤသို့ဖြင့် အဆင့်မြင့်အစွမ်းထက်သော ကိုယ်ဖော့ပညာစွမ်းရည်အခံရှိနေသော မာအန်းနားသည် အထွေအထူး ကြိုးစားလေ့ကျင့်စရာပင်မလိုတော့ဘဲ အရိပ်မဲ့

ကိုယ်ဖော့ပညာကို အတော်အသင့် နားလည်တတ်မြောက်သွားသည့် အနေမျိုးဖြစ်သည်။

''ကျွန်တို့ ကျောက်ပြားချပ်တွေမှာ ဘယ်လိုသိုင်းပညာတွေ ရှိနေတယ်ဆိုတာ သိရအောင် ကြည့်သွားကြရရင် မကောင်းဘူးလား အစ်ကို''

အရိပ်မဲ့ကိုယ်ဖော့ပညာကို အကြမ်းဖျင်း တစ်ခေါက် လေ့ကျင့်မှု ပြုလုပ်ပြီးသောအခါ တုကူးချင်းချင်းက ကျောင်းဖန်းယောင်ကို ပြောသည်။

''သိရုံလောက်ပဲကြည့်လို့ရမှာ၊ သေသေချာချာ မှတ်မိအောင်လုပ်ဖို့ကတော့ အချိန်ရနိုင်မယ်မထင်ဘူး၊ အရုဏ်မတက်ခင် ပြန်ထွက်ကြရမှာကို မမေ့နဲ့''

မာအန်းနားက ဝင်ပြောသည်။

မည်သည့်အတွက်ကြောင့် အရုဏ်မတက်ခင် ပြန်ထွက်ရမည်ဆိုခြင်းကို ကျောင်းဖန်းယောင်တို့ သေသေချာချာမသိကြပေ။

သို့ရာတွင် အရိပ်မဲ့သိုင်းကျမ်းရှာဖွေတွေ့ရှိပြီး အရိပ်မဲ့ကိုယ်ဖော့ပညာ မှတ်သားလေ့ကျင့်နိုင်မှုတို့တွင် မာအန်းနားက ဦးစီးရှေ့ဆောင်ဖြစ်ပေရာ မာအန်းနား စီစဉ်မှုအတိုင်း လိုက်နာရမည်မို့ စေ့စေ့ပေါက်ပေါက်မေးမြန်းမနေတော့ပေ။

''အရုဏ်တက်ဖို့ အချိန်ကလဲ သိပ်မလှိုတော့ဘူး၊ ဒီတော့ အရိပ်မဲ့ကိုယ်ဖော့ပညာကိုပဲ ကျကျနနမှတ်မိအောင်



လုပ်ကြတာပေါ့၊ ကျန်တာတွေကို နောက်နေ့ညတွေမှ ထပ်ပြီး လေ့လာလို့လဲရတာပဲ''

ကျောင်းဖန်းယောင်က ပြောသည်။

မိန်းကလေးပီပီ စပ်စုလိုစိတ်ထက်သန်သော တုကူးချင်းချင်းကမူ ကျောက်ပြားချပ်အားလုံးကို မဟုတ်သည့်တိုင် သိုင်းပညာခေါင်းစဉ်များ ရေးသားထားနိုင်သော အပေါ်ဆုံးအတန်းမှ ကျောက်ပြားချပ်နှစ်ချပ်ကိုတော့ ဖတ်ကြည့်ဖို့ပြောမည် ကြံမိသေးသည်။

သို့သော် ကျောင်းဖန်းယောင်က ဦးအောင်ပြောလိုက်သည်မို့ သူမသည် သိလိုစိတ်၊ စပ်စုလိုစိတ်များကို မျိုသိပ်လိုက်ရလေတော့သည်။

ကျောင်းဖန်းယောင်ကိုတော့ တစ်ချက်လှမ်းကြည့်သည်။ မျက်စောင်း ချိတ်သယောင်ယောင် ဖြစ်သော ထိုအကြည့်လေး၏ အဓိပ္ပာယ်ကို လူရိုးကြီးကျောင်းဖန်းယောင် မရိပ်မိ။

ငါးပျံမာအန်းနားသာ အမျိုးသမီးချင်း နားလည်သဘောပေါက်ကာ အသာကျိတ်၍ပြုံးမိသည်။

ကျန်ကျောက်ပြားများပေါ်တွင် ရေးထားသည်တို့ကို ဖတ်ကြည့်ရန်မကြိုးစားတော့။ အရိပ်မဲ့ကိုယ်ဖော့ပညာကိုသာ ဆက်လက်၍ လေ့ကျင့်ကြပြီးနောက် အရုဏ်တက်လုလုတွင် ပြန်ကြရန် ပြင်ဆင်ကြလေသည်။

အချိန်ကိုက်ဟူ ဆိုရမည်လားတော့ မပြောတတ်။

သူတို့သုံးယောက် ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေကြချိန်မှာပင် ပထမနေရာရှိ ကျောက်ပြားသုံးခုပေါ်မှ အရိုင်မဲ့ ကိုယ်ဖော့ပညာအကြောင်း ရှင်းလင်းဖော်ပြထားသည်များ မှေးမှိန်ပျောက်ကွယ်ကုန်ကြသည်။

*  *  *

နောက်တစ်နေ့ည သန်းခေါင်ယံတွင် မာအန်းနား၊ ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်းတို့ သုံးယောက်သား နွံအိုင်လယ်ကျောက်ဆောင်သို့ ရောက်ရှိလာကြပြန်သည်။

ရောက်သည်နှင့် ကျန်ကျောက်ပြားချပ် ၆-ချပ်ပေါ်ရှိ ဖော်ပြထားချက်များ ပီပြင်ပေါ်လွင်ကြစေရန် ကျောက်ပြား မျက်နှာပြင်များပေါ် ပွတ်တိုက် ဖော်ထုတ်ကြည့်ကြသည်။

ဒုတိယနေရာရှိ ကျောက်ပြားချပ် ၃-ချပ်ပေါ်တွင် 'အရိုင်မဲ့ ဓားမြန်သိုင်း'နှင့် ပတ်သက်သည့် ရှင်းလင်းချက်များကိုတွေ့ကြရသည်။

တတိယနေရာရှိ ကျောက်ပြားချပ် ၃-ချပ်ပေါ်တွင်မူ 'အရိုင်မဲ့ လက်နက်ပုန်း'ပညာကို ရှင်းလင်းဖော်ပြထားသည်။



'အရိုင်မဲ့ဓားမြန်သိုင်း'၏ခေါင်းစဉ်အောက်တွင်'အရိုင်မဲ့ကိုယ်ဖော့ပညာ'ကို ပြည့်စုံပိုင်နိုင်စွာ လေ့ကျင့်အောင်မြင်ပြီးမှ ဤဓားသိုင်းပညာကို လေ့ကျင့်ပါ' ဟူသော အရေးကြီး သတိပေးချက် ရေးသားထားသည်။

ထို့နည်းတူ အရိုင်မဲ့လက်နက်ပုန်းပညာ ခေါင်းစဉ်အောက်တွင်လည်း အရိုင်မဲ့ကိုယ်ဖော့ပညာနှင့် အရိုင်မဲ့ဓားမြန်သိုင်းတို့ကို ပြည့်စုံပိုင်နိုင်စွာ လေ့ကျင့်အောင်မြင်ပြီးမှသာ ဤလက်နက်ပုန်းပညာကို လေ့ကျင့်ပါ'ဟူ သတိပေးချက် ရေးထားပြန်သည်။

တုကူးချင်းချင်းက စာအုပ် အလွတ်နှစ်အုပ်ယူလာခဲ့၏။ အရိုင်မဲ့ဓားမြန်သိုင်းနှင့် အရိုင်မဲ့လက်နက်ပုန်းပညာတို့နှင့် ပတ်သက်သည့် ရှင်းလင်းဖော်ပြချက်များကို ကူးယူရန်ဖြစ်သည်။

ယမန်နေ့ညက အလွတ်မှတ်သား သိရှိသွားသော ကိုယ်ဖော့ပညာကိုတော့ အိမ်ပြန်ရောက်ပြီးနောက် စာအုပ်အလွတ်တစ်ခုတွင် ရေးချမှတ်သားထားလိုက်ပြီးဖြစ်သည်။

"အရိုင်မဲ့မှော်သိုင်းပညာလို အဆင့်မြင့် အစွမ်းထက်သိုင်းပညာတွေကိုလိုချင်တဲ့ သိုင်းသမားတွေ အများကြီးရှိတယ်၊ စာအုပ်နဲ့ကူးယူသိမ်းထားရင် အန္တရာယ်ကို ဖိတ်ခေါ်သလိုဖြစ်နိုင်တယ်၊ တူမကြီးအနေနဲ့ ဆင်ခြင်သင့်တယ်"

ငါးပျံမာအန်းနားက ပြောသည်။

ကျိုးကြောင်း ဆီလျော်သော သတိပေး စကားများဖြစ်သောကြောင့် တုကူးချင်းချင်းလည်း မိမိ စိတ်လောဘ

ကြီးနေမှုကို သိမြင်သွားလျက် အရိပ်မဲ့ ဓားမြန် သိုင်းနှင့် အရိပ်မဲ့ လက်နက်ပုန်းပညာတို့ကို ကူးယူခြင်း မပြုတော့ပေ။

သို့သော် အိမ်တွင်ကူးယူသိမ်းထားပြီးဖြစ်သည့်အရိပ်မဲ့ကိုယ်ဖော့ပညာစာအုပ်ကိုတော့ ဖျက်ဆီးပစ်ခြင်းမပြုမိ၊ သည်အတိုင်း သိမ်းဆည်း၍သာ ထားမိသည်။

* * *

"ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်း တို့သည် ကျော်ကြားပေါ်တွင် ရေးသားထားသည်များကိုအကြမ်းဖျင်း သိရှိရလေအောင် တစ်ခေါက် ဖတ်ကြည့်ကြ လေသည်။

အထူးသတိပေးတားမြစ်ချက် ရှိနေသောကြောင့် လောလောဆယ်တွင် ထိုသိုင်းပညာနှစ်ရပ်ကို လေ့ကျင့်ရန် စိတ်မကူးကြ။

အရိပ်မဲ့ ဓားမြန်သိုင်းသည် ပေါ့ပါး သွက်လက်စွာ လှုပ်ရှားမှုနှင့် ဓားကွက် ပရိယာယ်အများအပြား ဖော်ထုတ်နိုင်မှုကို အခြေခံသည်။ အဓိက ဓားသိုင်းကွက် ကတော့ တစ်ကွက်တည်းသာရှိသည်။

သို့ရာတွင် ပရိယာယ်လှုပ်ရှားကွက်တွေ အများအပြား ဖော်ထုတ်ကာ ဓားကွက်ပေါင်း များစွာနှင့် တရကြမ်းတိုး



ခုတ်တိုက်ခိုက်နေသည်ဟု တစ်ဖက်လူ၏စိတ်ထဲတွင်ထင်မှတ်သွားအောင် ဖန်တီးယူပြီးနောက် မထင်မှတ်သော အချိန်တွင် မထင်မှတ်သော နေရာမှ တစ်ခုတည်းသောဓားသိုင်းကွက်အစစ်အမှန်ကို ထုတ်သုံးကာ အပိုင်အနိုင် ချေမှုန်းအနိုင်ယူသည်။

ပရိယာယ်ဓားကွက်ဓားချက်များက ဆန်းပြားရှုပ်ထွေးသလောက် အဓိက ဓားသိုင်းကွက် ကတော့ အလွန်ပင် ရိုးစင်းသည်။

သို့သော် ဓားချက်ကတော့ အလွန်ပင် မြန်ဆန်သည်။ တစ်ဖက်လူအနေဖြင့် မည်သို့ ထိုးခုတ်လိုက်မှန်း မသိရဘဲ ဓားချက်အထိခံရပြီးဖြစ်သည်။

အဓိကဓားကွက် ထုတ်ရာတွင် ပွဲသိမ်းတိုက်ကွက်၊ ထိရှအနိုင်ယူ တိုက်ကွက်၊ အကြောပိတ် သိုင်းကွက်နှင့် ခြိမ်းခြောက်တိုက်ကွက်ဟူ၍ (၄)မျိုး(၄)စားရှိသည်။

ပွဲသိမ်းတိုက်ကွက်မှာ တစ်ဖက်လူ၏အသက်ကို ခြေပစ်ခြင်း၊ သို့မဟုတ် နာလန်မထူနိုင်အောင် ဒဏ်ရာ အပြင်းအထန်ရရှိစေသည့် ဓားချက်ဖြစ်သည်။

ထိရှအနိုင်ယူ တိုက်ကွက်ကတော့ တစ်ဖက်လူ ပြန်မလှန်နိုင်အောင် ဒဏ်ရာများ ရရှိစေသည်။ အကြောပိတ် တိုက်ကွက်မှာမူ တစ်ဖက်လူကို သေွးထွက်သံယို မထိခိုက်စေသော်လည်း အကြောများ ထိုးပိတ်ပစ်နိုင်သည်။ သေကွင်းသေကွက်ဖြစ်သော အကြောများကိုထိုးနှက်လျှင် အသက်ပင် သေဆုံးနိုင်သည်။

ခြိမ်းခြောက်တိုက်ကွက်ကတော့ တစ်ဖက်လူအား မထိ ခိုက်စေသော်လည်း အသက် ဆုံးရှောမလိုလို အခြေ အနေမျိုးပေါ်ပေါက်စေကာ စိတ်တုန်လှုပ်ချောက်ချားပြီး နောက်ဆုတ် အလွတ်ရုန်း ထွက်ပြေးသွားစေနိုင်သည်။

'အရိပ်မဲ့ လက်နက်ပုန်းပညာ' ကလည်း လျင်မြန်စွာ လက်သော လှုပ်ရှားဟန်များ ဖြစ်ကြသည်။ အသုံးပြုသော လက်နက်ပုန်း(၃)မျိုးမှာ စပါးစေ့လက်နက်ပုန်း၊ ငွေမျှင် လက်နက်ပုန်းနှင့် မိုးစက်လက်နက်ပုန်း။ ကိုယ်နှိုက်ကပင် သေးငယ်သည်။

သာမန်ရိုးရိုး ပစ်လွှတ်လျှင်ပင် မြင်တွေ့နိုင်ဖို့ ခက် သည်။

အပြောင်းအလဲ အလှုပ်အရှား ကလည်း အလွန်ပင် များပြားသည်။ ထို့ပြင် အရိပ်မဲ့ဓားမြန်သိုင်းလို အဓိက သိုင်းကွက်တစ်ကွက်လည်း မဟုတ်။

နေရာအပြောင်းအလဲတိုင်းမှာ လက်နက်ပုန်းကို အနေ အထား အမျိုးမျိုးဖြင့် ပစ်လွှတ်နိုင်သည်။ အဓိကပြောင်း လဲကွက် (၆၄)ကွက်ရှိသည်။ အဓိကပြောင်းလဲကွက် တစ် ကွက်စီတွင် ဆင့်ပွားပြောင်းလဲကွက် (၃၆)ကွက်ပါသည်။ ဆင့်ပွား ပြောင်းလဲကွက် တစ်ကွက်တွင် ကိုယ်ဟန်အလှည့် အပြောင်း (၅)မျိုး ရှိနေပြန်သည်။

စပါးစေ့လက်နက်ပုန်း၊ ငွေမျှင်လက်နက်ပုန်းနှင့် မိုး စက် လက်နက်ပုန်းများ ပြုလုပ်သည့် နည်းလမ်းနည်းစနစ် များကိုလည်း ရေးသားဖော်ပြထားသည်။ လက်နက်ပုန်း



များတွင် မည်သည့်အဆိပ်ကိုမျှ ထည့်သွင်းခြင်း မပြုရန် လည်း တားမြစ်ထားသည်။

အရိပ်မဲ့ဓားမြန်သိုင်းနှင့် အရိပ်မဲ့လက်နက်ပုန်း ပညာ တို့ကို အကြမ်းဖျင်းသိရှိရအောင် တစ်ခေါက်ဖတ်ကြည့်ကြ ပြီးနောက် အရိပ်မဲ့ကိုယ်ဖော့ပညာကို လက်တွေ့လေ့ကျင့် မှု ပြုလုပ်ကြသည်။

* * *

အကွေ့တစ်ထောင်နွံ့အိုင်၏ အရှေ့ဘက်ကမ်းစပ် တစ် နေရာတွင် လူငါးယောက် ရပ်နေကြသည်။

ကျားရဲ ယန်ထယ်မို၊ ပင့်ကူနက် ယောက်စွမ်းကိနှင့် ချိတန်းသိုင်းသမားကြီး သုံးယောက်တို့ ဖြစ်ကြသည်။

ကျားဘုရင်ဂိုဏ်းသား နှစ်ဆယ်နှင့် ချိတန်းသိုင်းသမား ဆယ်ယောက်လည်း အနီးဝန်းကျင်ရှိ သစ်ပင်ချုံနွယ်များ အကြားတွင် ဖြန့်ကြက်ပုန်းအောင်းလျက် ရှိနေကြသည်။ လိုအပ်လျှင် အသင့်ထုတ်ယူ အသုံးပြုနိုင်မည့် အရန် အင် အားစု ဖြစ်သည်။

ငါးပုံ့မာအန်းနား၊ စင်ရော်နက်ကျောင်းဖန်းယောင် နှင့် တုကူးချင်းချဝ်းတို့သုံးယောက်ကို တွေ့ခဲ့ရသည့်အတွက် နွံ့အိုင်ကြီးထဲတွင် သည်လူသုံးယောက် လျှို့ဝှက်တဲစွတစ်ခုခု

တိတ်တဆိတ် လုပ်ဆောင်နေကြကြောင်း ယောက်စွမ်းကို နားလည်ခဲ့သည်။

မည်သည့်ကိစ္စဟူ တိကျရေရာစွာ မပြောနိုင်သော်လည်း အရိုင်မဲ့ မှော်သိုင်းနှင့် ဆက်နွှယ် ပတ်သက်နိုင်ကြောင်း လည်း တွေးမိသည်။

ဤတွေးဆချက် မှန်သည် ဖြစ်စေ၊ မှားသည် ဖြစ်စေ အရိုင်မဲ့ သိုင်းကျမ်းသည် အကွေ့တစ်ထောင် နွံအိုင်ထဲတွင် ရှိနေပြီး မာအန်းနားက ထိုသိုင်းကျမ်းရှိသည့် နေရာသို့ ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်းတို့အား ခေါ်ယူ ပြသနေကြောင်း သတင်းကို ချိတန်း သိုင်းသမားများထံ ပေးလိုက်လျှင် ချိတန်း သိုင်းသမားများက အကွေ့တစ် ထောင် နွံအိုင်တစ်ခုလုံးကို မြေလှန် ရှာဖွေကြတော့မှာမို့ အနည်းဆုံးတော့ မာအန်းနား၏ အမိဖမ်းနိုင်မှာ သေချာ သည်။

ထို့ပြင် မိမိအနေဖြင့် ဆုငွေ အ များ အ ပြား လည်း သတင်းစေးခ အဖြစ် ရနိုင်မည်ဟု ယောက်စွမ်းကိုက တွက် သည်။

ယောက်စွမ်းကိသည် တုကူးချင်းချင်းအပေါ်တွင်လည်း အကျိတ်အခဲလေး ရှိနေရာ ဤသတင်း ပို့ချက်ဖြင့် တုကူး ချင်းချင်းကိုလည်း ကောင်းကောင်း ဒုက္ခပေးနိုင်ပေလိမ့် မည်။

ကျောင်းဖန်းယောင်နှင့် ပတ်သက်၍တော့ ယောက် စွမ်းကိုနှင့် ဘာပတ်သက်မှုမျှမရှိ။ ပြဿနာလည်းမရှိ။ သူ့



လမ်း သူသွား၊ ကိုယ့်လမ်းကိုယ်လျှောက် တင်းကင်း ရှင်း ရှင်း နေလာခဲ့သည်။

သို့သော် ကျောင်းဖန်းယောင်ကို ငဲ့ညှာထောက်ထား နေလို့ မဖြစ်နိုင်သည့်အတွက် မာအန်းနား၊ တုကူးချင်းချင်း တို့နှင့် ပူးပေါင်းနေသည့်အတွက် ဒုက္ခ ကြုံရသည်ဟု သာ ယောက်စွမ်းကိက သဘောထားလိုက်သည်။

အကွေ့တစ်ထောင် နွံအိုင်ထဲတွင် မာအန်းနား ပုန်း အောင်းရှောင်တိမ်းနေကြောင်း သိကြသော်လည်း မာယာ များလှသော နွံအိုင်၏ အန္တရာယ် ထူပြောမှုတို့ကြောင့် မည်သူမျှ စွန့်စွန့်စားစား ဝင်ရောက်ရှာဖွေ ဖမ်းဆီးခြင်း မလုပ်ရဲခဲ့ကြပေ။

အကွေ့တစ်ထောင် နွံအိုင်ထဲတွင် အရိုင်မဲ့မှော် သိုင်း ကျမ်းရှိနေကြောင်းသတင်းကိုသာ ယုံကြည်လောက်အောင် ယုတ္တိရှိရှိပြောနိုင်လျှင် ချိတန်း သိုင်းသမားများသည် သူ တို့တွင် ရှိသမျှသောစွမ်းရည်နှင့် ဩဇာအာဏာ အားလုံး ကိုသုံးကာ ပိုက်စိပ်တိုက်လိုက်ရှာကြမည်မို့ မာအန်းနား၏ ပုန်းအောင်း ခိုနားရာ နေရာကောင်းကြီး ပျောက်ကွယ် သွားပေလိမ့်မည်။

ဤအချက်ကိန်းများဖြင့် ပင့်ကူနက် ယောက်စွမ်းကိုသည် ချိတန်းသိုင်းသမားများ၏ အကြီးအမှူးဖြစ်သော သိမ်းငှက် ရာဇာ တင်မှူးဂါးထံ အရောက်ဝင်ကာ သတင်းပေးခဲ့လေ သည်။

မိမိ၏ သတင်းပေးချက်အပေါ် ချိတန်း သိုင်းသမားအကြီးအမှူး သိမ်းငှက်ရာဇာတင်မူးဂါး ယုံကြည်စိတ်ချမှု ရှိစေရန်အတွက် မာအန်းနားတို့သုံးယောက် အကွေ့တစ်ထောင် နွံအိုင်ထဲသို့ တိတ်တဆိတ်ဝင်ရောက် လှုပ်ရှားကြပုံများကို မျက်မြင်လိုက်ကြည့်နိုင်ရန် စီစဉ်ပေးမည်ဟုလည်း ယောက်စွမ်းကိက အာမခံခဲ့သည်။

ယောက်စွမ်းကိက ယန်ထယ်မိုကိုမကျေနပ်သောကြောင့် ဘေးဖယ်ထားနိုင်ရန် ချိတန်းသိုင်းသမားများထံ သတင်းပေးပို့ခဲ့သော်လည်း သိမ်းငှက် ရာဇာ တင်မူးဂါးကမူ အရေးကြီးသော သတင်းကို ယန်ထယ်မိုအား အသိပေး အကူအညီ တောင်းခဲ့သည်။

ချိတန်း သိုင်းသမားများသည် ဤဒေသ၏ နယ်မြေကို သိပ်မကျွမ်းကျင်။ အကွေ့တစ်ထောင် နွံအိုင်အကြောင်းလည်း ဘာမျှမသိ။

ထို့ကြောင့် ဒေသခံသိုင်းသမားလည်း ဖြစ်၊ မိမိတို့၏ သြဇာခံမဟာမိတ်လည်းဖြစ်သော ယန်ထယ်မိုကို အသိပေး အကူအညီ တောင်းခဲ့လေသည်။ အကူအညီတောင်းသည် ဆိုသော်လည်း မိမိတို့အတွက် လိုအပ်သမျှဆောင်ရွက်ပေးရန် စေခိုင်းခြင်း ဖြစ်ပေသည်။

မိမိကျွဲကျော်တာ ချိတန်းသိုင်းသမားများထံ သတင်းပေးခဲ့သော ယောက်စွမ်းကိ၏ လုပ်ရပ်ကို ယန်ထယ်မိုက မကျေနပ်ပေ။ သို့သော် သိမ်းငှက်ရာဇာ တင်မူးဂါးကို



မလွန်ဆန်ရဲသောကြောင့် ယောက်စွမ်းကိနှင့် ပူးပေါင်းလုပ်ဆောင်နေရလေတော့သည်။

မာအန်းနား၊ ကျောင်းဖန်းယောင်နှင့်တုကူးချင်းချင်းတို့၏ လှုပ်ရှားလုပ်ဆောင်မှုများကို ကြည့်ရှုထောက်လှမ်းကာ အမိဖမ်းရန်နှင့် အရိုင်ပ်မဲ့သိုင်းကျမ်းရှိသည့် နေရာကိုဖော်ထုတ်ရန်အတွက် တင်မူးဂါးကိုယ်တိုင် အစီအမံများ ချမှတ်လုပ်ဆောင်သည်။

ယန်ထယ်မိုတို့ ကျားဘုရင်ဂိုဏ်းက တင်မူးဂါး၏ စီမံမှုအောက်တွင် ပါဝင်လှုပ်ရှားရလေသည်။

* * *

ချိတန်းနိုင်ငံတွင် သိမ်းငှက်များပေါများသည်။ ချိတန်းလူမျိုးတို့သည်လည်း သိမ်းငှက်များနှင့် အလွန်ယဉ်ပါးကျွမ်းဝင်သည်။

ဤသို့ဖြင့် ချိတန်းတို့က သိမ်းငှက်များကို အမျိုးမျိုးလေ့ကျင့်ပေးထားခဲ့ကြသည်။

ချိတန်းတို့လက်ထဲတွင် အမဲလိုက်သိမ်းငှက်၊ စာပို့သိမ်းငှက်၊ သိုးထိန်း သိမ်းငှက်စသည့် လေ့ကျင့်ထားသော သိမ်းငှက်တွေရှိသည်။

အထူးတလည် ဂရုစိုက်ကာ စနစ်တကျလေ့ကျင့် သင်ကြားပေးထားသော သူလျှိုသိမ်းငှက်နှင့် တိုက်ခိုက်ရေးသိမ်းငှက်များပင် ရှိသည်။

သိမ်းငှက်ဘုရင် တင်မူးဂါးသည် ချိတန်းနိုင်ငံ၏ ထိပ်တန်း သိုင်းသမားကြီး တစ်ယောက်ဖြစ်သလို သိမ်းငှက်များ မွေးမြူလေ့ကျင့်ရာတွင်လည်း အထူးပင်ပိုင်နိုင်ကျွမ်းကျင်သည်။ သူ လေ့ကျင့်ထားသော သူလျှိုသိမ်းငှက်နှင့် တိုက်ခိုက်ရေး သိမ်းငှက်များသည် ချိတန်းနိုင်ငံတွင် အလွန်ပင် ကျော်ကြားသည်။

ယန်ဖူးမြို့လေးသို့ ရောက်နေသည့် တင်မူးဂါးနှင့်အတူ သူလျှိုသိမ်းငှက်တစ်ကောင်နှင့် တိုက်ခိုက်ရေးသိမ်းငှက်သုံးကောင်ပါရှိလာရာ သူ၏အချစ်တော် ထိုသိမ်းငှက်များကို အကွေ့တစ်ထောင်နွံအိုင်အတွင်း အရိပ်မဲ့သိုင်းကျမ်းရှာဖွေမှုအစီအစဉ်တွင် ထိရောက်စွာဖေါ်ဝင်နိုင်ရန် တင်မူးဂါးက ပွဲထုတ်ခဲ့သည်။

ကျောင်းဖန်းယောင်ကိုစောင့်ကြည့်ရန် သူလျှိုသိမ်းငှက်ကို အထူးတာဝန်ပေးခဲ့သည်။

သိမ်းငှက်ရာဇာ တင်မူးဂါးကိုယ်တိုင် စနစ်တကျ အထူးတလည် လေ့ကျင့် သင်ကြားပေးထားသော ထိုသူလျှိုသိမ်းငှက်သည် နွံအိုင်ထဲသို့ ကျောင်းဖန်းယောင်သွားသည့်အခါတွင်လည်း အလွတ်မပေးဘဲ နောက်ယောင်ခံလိုက်ခဲ့သည်။



ကျောင်းဖန်းယောင်တို့သုံးယောက်နွံအိုင်လယ်ကျောက်ဆောင်သို့ရောက်သွားကြသည်အထိ ဝဲပျံကာ လိုက်လာနိုင်ခဲ့သည်။ ငါးပျံမာအန်းနားမှာ အထူးသတိရှိကာ ပတ်ဝန်းကျင်ကို သတိထားနေသည့်တိုင် လေထဲတွင် ဝဲပျံလိုက်လာသော သူလျှိုသိမ်းငှက်ကိုတော့ ဂရုမပြုမိခဲ့ပေ။

အဆင့်မြင့်မြင့် စနစ်တကျ လေ့ကျင့်ပေးထားသော သူလျှိုသိမ်းငှက်မျိုးရှိမည်ဟုလည်း မာအန်းနားထင်မထားခဲ့ပေ။ အမဲလိုက်သိမ်းငှက်နှင့် စာပို့သိမ်းငှက်လောက်သာ မာအန်းနားတို့ ကြားဖူးသိဖူးကြသည်။

မိမိ၏အချစ်တော် သူလျှိုသိမ်းငှက်ကို စုံစမ်းထောက်လှမ်းရန် စေလွှတ်ပြီးနောက် တင်မူးဂါးသည် လူသူအင်အားအပြည့်အစုံနှင့်အတူ အကွေ့တစ်ထောင်နွံအိုင်ကမ်းတစ်နေရာမှ လာစောင့်နေခဲ့သည်။

ညဉ့်သန်းခေါင်ကျော်ကျော်လောက် အချိန်ကပင် လာစောင့်နေခဲ့ကြရာ သူလျှိုသိမ်းငှက်က တော်တော်နှင့်ပေါ်မလာသည့်အတွက်ယန်ထယ်မိုနှင့်ယောက်စွမ်းကီတို့တစ်တွေ စိတ်မရှည်နိုင်တော့လောက်အောင် ဖြစ်လာကြသည်။

သူတို့သည် တင်မူးဂါးပြောပြထား၍ သူလျှိုသိမ်းငှက်အကြောင်း အနည်းအကျဉ်းကြားသိကြပြီးဖြစ်သော်လည်း ကိုယ်တွေ့မကြုံရသေးသောကြောင့် သိပ်စိတ်မချနိုင်။ မယုံတစ်ဝက် ယုံတစ်ဝက်လိုဖြစ်နေကြသည်။

မိမိကိုယ်တိုင် သေသေချာချာ လေ့ကျင့်သင်ကြားပေးထားလျက် ပွဲတိုးဖူးသည့် အတွေ့အကြုံတွေလည်း အတော်

ရှိနေရာ တင်မူးဂါးကမူ သူ၏ သူလျှိုသိမ်းငှက်အပေါ် ယုံကြည်မှုအပြည့်ရှိနေသည်။

ထို့ပြင် ဤသိမ်းငှက်သည် သူလေ့ကျင့်ပေးထားသော သူလျှိုသိမ်းငှက်များထဲတွင် အကောင်းဆုံး လက်ရွေးစင်လည်းဖြစ်သည်။

ထို့ကြောင့် စိတ်ရှည်လက်ရှည်နှင့်ပင် မိမိလက်ရွေးစင် သိမ်းငှက်ပြန်အလာကိုစောင့်နေသည်။

သူလျှိုသိမ်းငှက် စုံစမ်းတွေ့သိခဲ့သည်များပေါ်တွင် မူတည်ကာ ဆက်လက်၍ လှုပ်ရှားလှုပ်ဆောင်ကြရပေလိမ့်မည်။

* * *

အတော်ကို စောင့်ဆိုင်းကြရသည်။

နံနက်အရုဏ်ဦး ရောင်နီသန်းစ ပြုသောအခါတွင်မှ သူလျှိုသိမ်းငှက် ပျံဝဲရောက်ရှိလာသည်။ သိမ်းငှက်ရာဇာ တင်မူးဂါး၏ညာဘက်ပခုံးပေါ်တွင် နားသည်။ တွေ့သိခဲ့ရသည့်သတင်းကို အသိပေးသည်။

တင်မူးဂါးသည် စင်ကိုကပင် သိမ်းငှက်တို့ကို ချစ်ခင်၏။ ငယ်စဉ်ကပင် သိမ်းငှက်များနှင့်လက်ပွန်းတတီးနေခဲ့သည်။ သိမ်းငှက်တို့၏ စရိုက်သဘာဝကို ရင်းနှီးကျွမ်းဝင်သည်။ သိမ်းငှက်တို့ မည်သည့်အသံတိုပြုလျှင် ဘာဆိုလိုသည်



မည်သို့သော လှုပ်ရှားဟန်က ဘာသဘော ရှိသည်တို့ကို ကောင်းစွာ နားလည်သိရှိသည်။

အသက်အရွယ်ကြီးပြင်းလာ၍ သိမ်းငှက်များကို ဂရုတစိုက် လေ့ကျင့်သင်ကြားမှုများ လုပ်ပေးတတ်လာသောအခါတွင်မူ သူကိုယ်တိုင် လေ့ကျင့်ပေးထားသော သိမ်းငှက်နှင့် အပြန်အလှန် စကားပြော ဆက်သွယ်နိုင်သည့် အခြေဖင် ရှိလာခဲ့သည်။

သိမ်းငှက်များ ဘာကိုဆိုလိုကြောင်း သေသေချာချာ သိသလို၊ တင်မူးဂါးဘာပြောလိုကြောင်းကိုလည်း သူ၏ သိမ်းငှက်တွေက နားလည်ကြသည်။ တင်မူးဂါးသည် သိမ်းငှက်စကား တတ်သည်ဟူပင် နာမည်ကြီးလာသည်။ နောက်ဆုံးတွင် 'သိမ်းငှက်ရာဇာ'ဟူသော တင်စားနာမည်ပင် ရရှိခဲ့သည်။

ကျောင်းဖန်းယောင်တို့နောက်သို့ ပျံဝဲလိုက်ပါကာ ခြေရာခံစုံစမ်းရန် စေလွှတ်ခဲ့သော သူလျှိုသိမ်းငှက်ပေးသည့်သတင်းတို့ကို တင်မူးဂါး ကောင်းကောင်းနားလည်သည်။ အနားတွင် ရှိနေကြသော ယန်ထယ်မိုတို့ကတော့ ဘာမျှမသိ။ သိမ်းငှက်၏ ကျီကျီကျာကျာ အသံများနှင့် တောင်ပံခတ်မှု၊ ခေါင်းမော့မှုတို့ကိုသာ ကြားနေမြင်နေရသည်။ ဘာဆိုလိုမှန်းတော့ လုံးဝနားမလည်။

"ဒီနွံအိုင်ထဲမှာ တောင်မြင့်ကြီးတစ်လုံးရှိသလား"

သူလျှို သိမ်းငှက်၏ သတင်းပေးမှုများကို နားထောင်ပြီးနောက် တင်မူးဂါးက ယန်ထယ်မိုကို မေးသည်။

ယန်ထယ်မို မျက်မှောင်ကြုတ်သွားကာ....

"တောင်မြင့်ကြီး ဟုတ်လား၊ မရှိပါဘူး"

သူလျှို သိမ်းငှက်၏သတင်းပို့မှုတွင် ကျောင်းဖန်းယောင်တို့သုံးယောက် နွံအိုင်ထဲရှိ လိုဏ်ဂူကြီးအတွင်း ဝင်ရောက်ကြောင်းပါရှိသည်။

ယန်ထယ်မိုက နွံအိုင်ထဲတွင် တောင်မြင့်ကြီးမရှိဟုပြောသည်တွင် တင်မူးဂါးအဖို့ ဇဝေဇဝါ ဖြစ်သွားရသည်။ သူလျှို သိမ်းငှက်၏သတင်းပေးချက်ကတော့ မမှားနိုင်။

တစ်ခုခု လွဲချော်နေနိုင်သည် ဟုလည်း စဉ်းစားမိသေးသည်။

"နွံအိုင်အလယ်လောက်မှာ ကျောက်ဆောင်ကြီး တစ်ခုတော့ရှိတယ်၊ ပေသုံးလေးရာလောက်တော့ မြင့်လိမ့်မယ်၊ နွံအိုင်တစ်ပြင်လုံးက အမြင့်ဆုံးနေရာပဲ"

ပင့်ကူနက် ယောက်စွမ်းကိုက ကြားဝင်ကာ ပြောလာသည်။

တောင်စွယ် တောင်တန်းများ ထူထပ်သော ချီတန်းနိုင်ငံတွင် မွေးဖွား ကြီးပြင်းခဲ့ရသော သူလျှို သိမ်းငှက်သည် နွံအိုင်အလယ်ရှိ ကျောက်ဆောင်ကို တောင်မြင့်ကြီးဟု ထင်မှတ်ခဲ့ကြောင်းကို တင်မူးဂါး နားလည် သွားခဲ့သည်။



တင်မူးဂါးက ကျေနပ်အားရစွာ ခေါင်းတစ်ချက်ညိတ်သည်။

ထိုအချိန်မှာပင်....။

* * *

အရုဏ်ဦး ရောင်နီပျိုးရန် အချိန် အနည်းငယ် အလိုတွင် ကျောက်ပြားချပ်များပေါ်ရှိ ဖော့်ပြ ထားချက်များ မှေးမှိန်ပျောက်ကွယ်ကုန်သည်။

ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်းတို့နှစ်ယောက်လည်း အရိပ်မဲ့ကိုယ်ဖျောက်ပညာ လေ့ကျင့်မှုကို တစ်စခန်း ရပ်လိုက်ကြသည်။

"နောက်နေ့တွေမှာ မင်းတို့နှစ်ယောက်ပဲ လာခဲ့ကြပေတော့၊ ကျုပ်အဖော်မပြုတော့ဘူး၊ ဩော်...တစ်ခု ပြောထားရဦးမယ်၊ လပြည့်နေ့ကနေ လပြည့်ကျော် ငါးရက်အထိပဲ ဒီနေရာကိုလာဖို့ အဆင်ပြေတယ်၊ လှေအတွက် ရွက်တိုက်နိုင်တဲ့လေကြောင်းက အဲဒီညခြောက်ညပဲ အဆင်ပြေတယ်၊ ပြီးတော့ လရောင်လဲလိုဏ်ဂူထဲထိုးကျလို့ အလင်းရောင်ကောင်းကောင်းရတယ်၊ ကျန်တဲ့ ညတွေဆိုရင် လေကြောင်း အဆင်မပြေသလို လိုဏ်ဂူထဲမှာလဲ မှောင်နေလိမ့်မယ်"

ပြန်ကြမည် ဖြူသောအခါ မာအန်းနားက ပြောလေသည်။

သူမထံတွင်ရှိသော ကြိုးကြာဖြူဂမုန်းဥကိုကျောင်းဖန်းယောင်တို့အားပေးသည်။ ထို့ပြင် ကြိုးကြာဂိုဏ်း၏သိုင်းပညာများ ရေးသားထားသော ကြိုးကြာ ဆယ့်နှစ်ဖော်သိုင်းကျမ်းကိုလည်း ထုတ်ပေးသည်။

"ဒေါ်လေးနဲ့ ကျွန်မတို့ ထပ်မတွေ့ကြရတော့ ဘူးလား"

နောက်ဆုံး နှုတ်ဆက်သည့် သဘောမျိုး ဖြစ်နေသည့်အတွက် တုကူးချင်းချင်းကမေးမိသည်။

"ကျုပ်က ဒီနွံအိုင်ထဲမှာ ခိုအောင်း နေပြီး လှည့်ပတ်သွားလာ နေတာပဲ၊ မင်းတို့ နှစ်ယောက် ဒီနွံအိုင် ထဲကိုရောက်လာကြတဲ့အခါတွေမှာ ကျုပ်နဲ့ဆုံရကောင်းဆုံနိုင်ပါတယ်၊အင်း....ပြောရမယ်ဆိုရင်တော့ ကျုပ်နဲ့ ပြန်ဆုံတွေ့ဖို့ထက် မင်းတို့ နှစ်ယောက် လုပ်စရာ ကိစ္စတွေ အောင်မြင်အောင် လုပ်ဆောင်နိုင်ကြဖို့က ပိုအရေးကြီး ပါတယ်၊ကဲ....သွားကြစို့"

သုံးယောက်သား ရေအောက်ဥမင်လှိုဏ်ခေါင်းလမ်းမှနေ၍ ပြန်ထွက်လာခဲ့ကြသည်။ လှေငယ်ကလေးဖြင့် မြေမာနေရာသို့အရောက် ခရီးဆက်သည်။ မြေမာနေရာလေးသို့ရောက်တော့ လူချင်းခွဲကြသည်။



ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်းတို့နှစ်ယောက်အကွေ့တစ်ထောင် နွံအိုင်အစ တစ်ဖက်ကမ်းစပ်သို့ ဆက်လာခဲ့ကြသည်။

အရှက်ဦး ရောင်နီများ သန်းစပြုနေပြီ။

"အစ်ကို....ဟိုမှာကြည့်စမ်းပါဦး"

တုကူးချင်းချင်း၏တိုးတိုးပြောလိုက်သံကြောင့်ကျောင်းဖန်းယောင်လှမ်းကြည့်လိုက်မိသည်။

မလှမ်းမကမ်းရှိ နွံအိုင်ကမ်းစပ်တွင်....။

* * *

အကွေ့တစ်ထောင် နွံအိုင်ကြီး၏ အရှေ့ဘက်ကမ်းစပ်တစ်နေရာတွင် အကြိတ်အနယ် တိုက်ပွဲတစ်ခု ဖြစ်ပွားနေသည်။

တင်မူးဂါးနှင့် ယန်ထယ်မိုတို့ လူစုကို ခမ်းယန်ကွမ်းဦးဆောင်သော တွန်းလှန်ရေးသမားများက စီးနင်းတိုက်ခိုက်ကြခြင်းဖြစ်သည်။

လူအင်အား(၃၀)ခန့်ရှိသော ချီတန်း သိုင်းသမားများနှင့် ကျားဘုရင် ဂိုဏ်းသားများ ပူးပေါင်း အဖွဲ့တစ်ဖွဲ့အကွေ့တစ်ထောင်နွံအိုင်ကမ်းစပ်သို့ ရောက်ရှိနေကြောင်းသတင်းပို့ချက်ရရှိချိန်တွင် ခမ်းယန်ကွမ်းနှင့်အတူ တွန်းလှန်ရေးအဖွဲ့ဝင် သိုင်းသမား(၅၀)ခန့် ရှိနေခဲ့သည်။

လျှို့ဝှက်တိုင်ပင် စီစဉ်မှုများလုပ်ရန် လူစုဝေးကြခြင်း ဖြစ်သော်လည်း အင်အားနည်းပါးသော ရန်သူတို့၏လှုပ်ရှားမှုသတင်းတို့ ကြားရသောအခါ အပိုင်စီးနင်း ချေမှုန်းရန် ဆုံးဖြတ်လိုက်ကြသည်။

ဝါရင့်ခေါင်းဆောင်ကောင်း တစ်ယောက် ဖြစ်သော ခမ်းယန်ကွမ်းက အရမ်းဝင်တိုက်ခြင်းမျိုးတော့ မလုပ်ခဲ့ပါ၊ ရန်သူ့အခြေအနေတို့ ပြည့်ပြည့်စုံစုံ သိရအောင် စုံစမ်းသတင်းယူမှုများပြုလုပ်သေးသည်။

ကျားဘုရင်ဂိုဏ်းသား(၂၀)နှင့် ချိတန်း သိုင်းသမား (၁၀)ယောက်တို့ နွံအိုင် အရှေ့ဘက် ကမ်းစပ်နေရာတွင် ခွဲဖြန့်နေရာယူထားလျက် အခြား အရန်အထောက် တပ်ကူများလည်း သေသေချာချာ သိရှိသောအခါတွင်မှ အလစ်အငိုက်ဖမ်းကာ စီးနင်းတိုက်ခိုက်ရန် ခမ်းယန်ကွမ်းက ဆုံးဖြတ်ချက်ချသည်။

မိမိ၏လူများကိုခွဲဖြန့်ကာ ရန်သူများရှိရာသို့ လျှို့ဝှက်စွာ ချဉ်းကပ်သည်။

ရန်သူများကို စနစ်တကျဝန်းရံပြီးနောက် အရုဏ်ဦးစအချိန်တွင် စီးနင်းတိုက်ခိုက်မှုစတင်ခဲ့သည်။

ရန်သူအင်အား သုံးဆယ်ခန့်သာရှိပြီး မိမိဘက်မှ ငါးဆယ်ရှိလျက် လူအင်အားအသာစီးရသည့်အပြင် အလစ်အငိုက်ဖမ်းကာ ရုတ်တရက် စီးနင်းတိုက်ခိုက်သည်မို့ မိမိတို့အနိုင်ရမည်ဟု ခမ်းယန်ကွမ်းက အပိုင်တွက်ခဲ့သည်။



လျှပ်တစ်ပြက် ထိုးစစ်ဆင်ကာ ရန်သူများ အထိနာအောင် တရကြမ်းမွှေနှောက်တိုက်ခိုက်ပြီးသည်နှင့် အမြန်ဆုတ်ခွာကာ လူစုခွဲကိုယ်ယောင်ဖျောက်ရန်သည်း စီမံထားခဲ့သည်။

သို့သော်....

တကယ်တမ်းတိုက်ပွဲဝင်သောအခါတွင်တော့ ခမ်းယန်ကွမ်းတို့ တွက်ချက်စီစဉ်ထားသလိုဖြစ်မလာခဲ့ပေ။

အဓိက ချွတ်ချော်ချက်မှာ တစ်ဖက်ရန်သူ၏ လူအင်အားအခြေအနေကို သေသေချာချာ သိရအောင် စုံစမ်းခဲ့သော်လည်း သိုင်းပညာစွမ်းရည်ကိုမူ ရေရေရာရာသိအောင် မလုပ်ခဲ့မှုဖြစ်သည်။

ပြီးတော့....

တစ်ဖက်ရန်သူများထဲတွင် ချိတန်းသိုင်းသမား၏ အကြီးအမှူး သိမ်းငှက်ရာဇာတင်မူးဂါးနှင့် ကျားဘုရင်ဂိုဏ်း၏ ထိပ်တန်းဂိုဏ်းခွဲမှူးယန်ထယ်မိုတို့လို သိုင်းအကျော်အမော်တွေ ပါရှိနေမည်ဟု မသိခဲ့ကြပေ။

ထို့ပြင် တင်မူးဂါးနှင့်အတူ ပါလာသော လူဆယ်ယောက်မှာလည်း ချိတန်းလက်ရွေးစင်သိုင်းသမားတွေဖြစ်နေကြပြန်သည်။

စတင်ရင်ဆိုင်မိသည်နှင့်ပင် မိမိတို့ အရှုံးမှားသွားပြီဟု ခမ်းယန်ကွမ်းသိနားလည်လိုက်ရသည်။ အလစ်ဖမ်းကာဝင်တိုက်သော်လည်း တစ်ဖက်ရန်သူတို့ အသာစီးမယူနိုင်။

ခမ်းယန်ကွမ်းတို့ဘက်မှသာ အထိနာခဲ့သည်။ အခြေအနေကို နားလည်သည်နှင့် ခမ်းယန်ကွမ်းသည် ဆုတ်ခွာဖို့ကြိုးစားသည်။ သို့သော် တစ်ဖက် ရန်သူတို့၏ ဝန်းပတ်တန်ပြန်တိုက်စစ်ကို ရင်ဆိုင်ရလျက် မဆုတ်သာ မတက်သာနှင့် အကျဉ်းအကျပ်ကြုံကြရလေတော့သည်။

တင်မူးဂါးနှင့်ယန်ထယ်မိုတို့သည်တော်လှန်ရေးသမားတို့၏ လျှို့ဝှက်လှုပ်ရှား တိုက်ခိုက်မှုများကြောင့် ယခင်ကအတော်ပင် စိတ်ရှုပ်နေခဲ့ကြရသည်။ အင်အားသိပ်မများလှသော ထိုတော်လှန်ရေးသမားတို့၏ လှုပ်ရှားတိုက်ခိုက်မှုများကိုနှိမ်နင်းနိုင်ရန် နည်းလမ်းအမျိုးမျိုးဖြင့် ကြိုးစားနေခဲ့ကြသည်။

ယခု တော်လှန်ရေးသမားတို့ အင်အားစုစည်းကာ တိုက်ခိုက်လာကြရာ သည်တိုက်ပွဲတွင်အပြတ်အနိုင်ယူချေမှုန်းပစ်လိုက်ပါက တောင်းကောင်းဦးကျိုးသွားမှာ သေချာသည်မို့ ဆုတ်ခွာထွက်မပြေးနိုင်အောင် ဝန်းပတ်ပိတ်ဆို့ကာ ဖိဖိစီးစီးတိုက်ခိုက်ကြသည်။

ထိုအချိန်မှာပင် တိုက်ပွဲအခြေအနေကို ပြောင်းလဲသွားစေသောအဖြစ်များ ပေါ်ပေါက်လာသည်။

* * *



နွံအိုင်ကမ်းစပ်တွင် တိုက်ခိုက်နေကြသည်ဆို လှမ်းမြင်သောအခါ ကျောင်းဖန်းယောင်မှာ ရုတ်တရက် အံ့အားသင့်သွားမိသေးသည်။

ထို့နောက် ချက်ချင်းဆိုသလိုပင် တော်လှန်ရေးသမားများနှင့် နယ်ချဲ့ဘက်တော်သားများ ရင်ဆိုင်တိုက်ခိုက်နေကြခြင်းဖြစ်ကြောင်းကိုသိသည်။ တိုင်းတစ်ပါးကျူးကျော်မှုကို တော်လှန်ခုခံနေသော လှုပ်ရှားမှုတွင် ကိုယ်တိုင်ပါဝင်ဦးဆောင်နေသောကြောင့် တော်လှန်ရေးသမားများသည် အင်အားစုစည်းတိုက်ခိုက်မှုမျိုးမလုပ်ဘဲနည်းနည်းနှင့်ကျဲကျဲဝိုင်းဆိုသလို လုံခြုံဖြန့်ကာ ပြောက်ကျားတိုက်ခိုက်မှုများသာ လုပ်ကြသည်ကို ကျောင်းဖန်းယောင်သိထားသည်။

ယခု တော်လှန်ရေးသမားများက အင်အားစုစည်းကာ တိုက်ပွဲဝင်နေကြသည်ကိုတွေ့သည့်အတွက် ကျောင်းဖန်းယောင်အဖို့ စဉ်းစားစရာ ဖြစ်နေသည်။ အပိုင်အနိုင်အခြေအနေမို့ အင်အားထုတ်သုံးကာ တိုက်ခိုက်သည်ဟုဆိုရမှာကလည်း ကျောင်းဖန်းယောင် မြင်ရသမျှတော့ တော်လှန်ရေးသမားများဘက်က အခြေအနေမဟန်။

တစ်ဖက်ရန်သူ၏ ဝန်းပတ်ချေမှုန်းမှုပင် ခံရတော့မလိုဖြစ်နေသည်။

မည်သို့ပင်ဖြစ်စေ မိမိ၏ သွေးသောက်ရောင်းရင်းများအရေးရှုံးနိမ့် အချေမှုန်းခံကြရတော့မည်ကို ကျောင်းဖန်းယောင်အနေဖြင့် ကြည့်မနေနိုင်။

"ချင်းချင်းရေ....အစ်ကိုတို့ ဝင်ကူပေးကြစို့"

ကျောင်းဖန်းယောင်က တုကူးချင်းချင်းကို ပြောလိုက်သည်။

ပြောပြီးနောက်ကမ်းစပ်ပေါ် ပြေးတက်မည်အပြု တုကူးချင်းချင်း၏ တုံ့ပြန်မေးခွန်းကြောင့် ခြေလှမ်းတစ်ချက်တုံ့သည်။

"ဘယ်သူ့ဘက်ကနေဝင်ကူပြီး ဘယ်သူ့ကို တိုက်ရမှာလဲ"

တုကူးချင်းချင်းသည် ကျောင်းဖန်းယောင်တို့၏နယ်ချဲ့တော်လှန်ရေးလှုပ်ရှားမှုများအကြောင်းကို သေသေချာချာမသိပေ။ နွံအိုင်ကမ်းစပ်ပေါ်မှ တိုက်ခိုက်နေကြမှုများနှင့်ပတ်သက်၍လည်း စိတ်ထဲတွင်ရှုပ်ထွေးနေသည်။

"ခမ်းယန်ကွမ်းတို့ဘက်က ကူညီပြီး ကျားဘုရင်ဂိုဏ်းသားတွေနဲ့ ချီတန်းသိုင်းသမားတွေကို တိုက်ကြမယ်"

ကျောင်းဖန်းယောင်က ပြန်ဖြေသည်။

တကယ်တော့ ခမ်းယန်ကွမ်း တိုက်ပွဲ ဝင်နေသည်ကို ကျောင်းဖန်းယောင် သေသေချာချာ မတွေ့မမြင်သေးပါ။ သို့သော် တွန်းလှန်ရေးသမားများကို သည်လို အင်အားစုစည်း တိုက်ပွဲဝင်နိုင်သည်မှာ မိမိကလွဲလျှင် ခမ်းယန်ကွမ်းသာရှိကြောင်း တွက်မိသည့်အတွက် ပြောလိုက်ခြင်း ဖြစ်သည်။

တွန်းလှန်ရေး သမားများဟု သုံးနှုန်း ပြောဆိုရလျှင် တုကူးချင်းချင်း သေသေချာချာနားလည်နိုင်မည်မဟုတ်မှာ



စိုးသောကြောင့် ခမ်းယန်ကွမ်း၏အမည်ကို တမင်ပင်ထည့်သုံးသည်။

ခမ်းယန်ကွမ်းကို တော့ တုကူးချင်းချင်း ကောင်းကောင်း သိပေသည်။

ပြန်ဖြေပြီးသည်နှင့် ကျောင်းဖန်းယောင်လည်း ကမ်းစပ်ပေါ် လွှားခနဲခုန်တက်သည်။ တိုက်ပွဲထဲသို့ အပြေးဝင်သွားသည်။

ကျောင်းဖန်းယောင် တိုက်ပွဲဝင်သွားပြီမို့ တုကူးချင်းချင်းလည်း နောက်ချန်မနေတော့ပါ။

ကျောင်းဖန်းယောင်၏နောက်မှ ကပ်၍ လိုက်ပါသွားလေတော့သည်။

* * *

ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်းတို့နှစ်ယောက် ပါဝင်လာသည်နှင့် တိုက်ပွဲအခြေအနေက တစ်မျိုးပြောင်းသွားသည်။

ခမ်းယန်ကွမ်းတို့ တွန်းလှန်ရေးသမားများကို ဝန်းပတ်တိုက်ခိုက်နေမှု လျော့ရဲသည်။ ပြိုပျက်သည့်နေရာများတွင် ပြိုပျက်ကုန်သည်။

အလွန်အရေးကြီးသော အခြေအနေမို့ ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်းတို့နှစ်ယောက်လုံး သူတို့ လက်

တွေ့ လေ့ကျင့်နေသော အရိုပ်မဲ့ ကိုယ်ဖော့သိုင်းပညာတို့ အလျှိုအလျောက် ထုတ်သုံးကြသည်။

တိုက်ပွဲထဲသို့ လျင်မြန်စွာ ပြေးလွှားဝင်ရောက် လာကြသည်။ အလွန်လျင်မြင်စွာ လှုပ်ရှားသည့်အတွက် တစ်ဖက်လူတို့မှာ ရိုးတိုးရိပ်တိပ် လှုပ်ရှားဟန်များကိုသာ ဝိုးတိုးဝါးတား တွေ့ကြရသည်။

လူလုံးလူဖန် မသဲကွဲ။

တင်မူးဂါးနှင့် ယန်ထယ်မိုတို့လို အတွေ့အကြုံ များသော အကြီးအမှူးလုပ်သူတို့သာ ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်းတို့ တိုက်ပွဲဝင်လာကြသည် ဖြစ်ကြောင်း လူကို သေသေချာချာ မတွေ့ရသော်လည်း မှန်းဆသိရှိကြသည်။

ကျောင်းဖန်းယောင်ကို အပြစ်ပေးစီရင် ရှင်းလင်းပစ်ရန် အကြောင်းရှာနေသော ယန်ထယ်မို အကြိုက်တွေ့သွားသည်။ တိုက်ပွဲတွင် တစ်ခါတည်းသုတ်သင်လိုက်လျှင် ကိစ္စပြတ်ပြီ။

ထိုသို့ အပြတ်မလုပ်နိုင်လျှင်လည်း ယခုလို ချိတန်းသိုင်းသမားများကို ရန်ပြုတိုက်ခိုက်ခြင်းကြောင့် ကျောင်းဖန်းယောင်ကို ဖမ်းဆီးကာ အပြစ်ဒဏ် ပြင်းပြင်းထန်ထန် ချနိုင်ပြီ။ ကျောင်းဖန်းယောင် အဖမ်းမခံရအောင် ထွက်ပြေးနိုင်သည် ထားဦး။ ယန်ဖူးမြို့လေးတွင် ဆက်နေနိုင်မည် မဟုတ်တော့။ အဝေးသို့ လွင့်သွားရပေတော့မည်။



တုကူးချင်းချင်း အပေါ်တွင် အပြစ်မသင့်အောင်တော့ ယန်ထယ်မိုအနေဖြင့် ကြံရဖန်ရပေလိမ့်မည်။

"ဟာ.... ကျောင်းဖန်းယောင်၊ အတင့်ရဲလှချည်လား၊ ချိတန်းမိတ်ဆွေတွေကိုမှ ဝင်တိုက်ရဲတယ်"

ယခုတိုက်ပွဲတွင် ကျောင်းဖန်းယောင် ပါဝင်ကြောင်း ထင်ရှားသိသာစေရန်အတွက် ယန်ထယ်မိုက အသံကျယ်ကျယ်ဖြင့် အော်ဟစ်ပြောဆိုသည်။

တစ်ဖက်ရန်သူများထဲတွင် ယန်ထယ်မို ပါဝင်ကြောင်း အစက ကျောင်းဖန်းယောင် မသိခဲ့။ အော်ဟစ်ကြိမ်းဝါးသံ ကြားရမှ သိသည်။ တိုင်းတစ်ပါးသား နယ်ချဲ့များနှင့် ပူးပေါင်းကာ အချင်းချင်း ရက်ရက်စက်စက် ဖိနှိပ်အနိုင်ကျင့်နေသော ယန်ထယ်မိုကို ဆုံးမဒဏ်ခတ်ရန် အစောကြီးကတည်းကပင် ကျောင်းဖန်းယောင်တို့ စိတ်ကူး ရှိခဲ့ကြသည်။

ယခုတိုက်ပွဲတွင် ဆုံမိနေရာ ယန်ထယ်မိုကို တော့တော့ဆိုင်ဆိုင် တိုက်ခိုက်ဖို့ ကြံမိသေးသည်။

သို့ရာတွင်....

ယခုတိုက်ပွဲ ဆည် တွန်းလှန်ရေး သမားများဘက်က အရေးနိမ့်နေသည်။ ရန်သူတို့ ဝိုင်းပက် ချေမှုန်းနေမှုမှ ထိုးဖောက် ဆုတ်ခွာသွားနိုင်ဖို့က အလွန် အရေးကြီးနေသည်။ ကျောင်းဖန်းယောင်သည် တိုက်ပွဲတွင်းဝင်လာသည့် ရည်ရွယ်ချက်ကလည်း တစ်ဖက်ရန်သူကို အသေအကျေ တိုက်ခိုက်ရန်မဟုတ်။

တွန်းလှန်ရေးသမားများ ဆုတ်ခွာနိုင်ရန် ကူညီလမ်းကြောင်း ဖော်ပေးဖို့ဖြစ်သည်။

အရိပ်မဲ့ ကိုယ်ဖျောက်ပညာ၏ အံ့မခန်းသော လျင်မြန်မှု အရှိန်အဟုန်ဖြင့် တစ်ဖက်ရန်သူတို့ ဖရိုဖရဲဖြစ်သွားအောင် ထိုးဖောက် မွှေနှောက်နိုင်သော်လည်း ယန်ထယ်မိုကို ရင်ဆိုင်တိုက်ခိုက်လျှင် အခြေအနေ ပြောင်းသွားနိုင်သည်။

ကျောင်းဖန်းယောင်တို့ အနေဖြင့် အရိပ်မဲ့ ကိုယ်ဖျောက်ပညာကို အလွန်မြန်ဆန်လှသော အရှိန်အဟုန်ဖြင့် လှုပ်ရှားရန်အတွက်သာ အသုံးချ လုပ်ဆောင်နိုင်သေးသည်။ တိုက်ခိုက်မှုအတွက် မသုံးတတ်ကြသေး။

တိုက်စစ်ဆင်လျှင် အရိပ်မဲ့ကိုယ်ဖျောက်ပညာဖြင့် လှုပ်ရှားနိုင်တော့မည် မဟုတ်။ ထိုအခါ ရန်သူတို့ စုစည်းမိသွားမည်။ အရှုပ်ရှုပ် အထွေးထွေး ဖြစ်နေသည့် အခြေအနေလည်း အတော်အသင့် ပြန်တည်ငြိမ်မည်။

တွန်းလှန်ရေးသမားများအတွက် ဆုတ်ခွာရှောင်တိမ်းရန် အခွင့်မသာတော့။

ထို့ကြောင့် ကျောင်းဖန်းယောင်သည် ယန်ထယ်မိုနှင့် ရင်ဆိုင်တိုက်ခိုက်ရန်အကြံတို့ ပယ်ဖျက်ပစ်လိုက်သည်။ အရိပ်မဲ့ ကိုယ်ဖျောက်ပညာသုံးကာ တစ်ဖက်ရန်သူတို့ စိတ်အာရုံ ရှုပ်ထွေးနေအောင် ဆက်လုပ်သည်။

ခမ်းယန်ကွမ်း ဦးဆောင်မှုဖြင့် တွန်းလှန်ရေးသမားများသည် အခွင့်ကောင်းကိုအသုံးပြုကာ အမြန်ပင်ဆုတ်ခွာသည်။ တစ်ဖက်ရန်သူတို့ ဝန်းပတ်ထားမှုမှ တိုးထွက် [illegible]



နိုင်သည်နှင့် ချက်ချင်းပင် လူစုခွဲကာ ကိုယ်ယောင်ဖျောက် ရှောင်တိမ်းသွားကြသည်။

ကျောင်းဖန်းယောင်လည်း တွန်းလှန်ရေးသမားများ ထိုးဖောက် ထွက်သွားနိုင်သည်နှင့် တုကူးချင်းချင်းကို အချက်ပြခေါ်ကာ အမြန်ရှောင်တိမ်း ထွက်လာခဲ့သည်။

ချိတန်းသိုင်းသမားများနှင့် ကျားဘုရင် ဂိုဏ်းသားတို့ ပြန်လည် စုစည်းမိကြချိန်တွင်တော့ သူတို့နှင့်တိုက်ခိုက်မည့်သူ တစ်ယောက်မျှ ရှိမနေတော့ပါ။

"ဟိုလူတွေ ဆုတ်ခွာထွက်ပြေးနိုင်အောင် တိုက်ပွဲထဲ မွှေနှောက် လှုပ်ရှားသွားကြတဲ့ နှစ်ယောက်ထဲက တစ်ယောက်က ကျောင်းဖန်းယောင်ကိုး၊ ကျန်တဲ့တစ်ယောက်ကော တုကူးချင်းချင်း မဟုတ်လား"

သိမ်းငှက်ရာဇာတင်မူးဂါးက ယန်ထယ်မိုကိုမေးသည်။

တုကူးချင်းချင်းဖြစ်ကြောင်း ရိပ်မိနေသော်လည်း ယန်ထယ်မိုထံမှ အတည်ပြု သက်သေစကားရအောင်မေးခြင်းဖြစ်သည်။

"တုကူးချင်းချင်းလို့ပဲ ထင်ရတာပဲ၊ ကျောင်းဖန်းယောင်ရှေ့ဆောင်ပြီး ပြေးဝင်လာလို့ သူ့အလဲရောယောင်လိုက်ပါလာမိတာ ဖြစ်ဖို့များတယ်၊ တုကူးချင်းချင်းတို့ ပင်သယ်ဂေဟာက ကျွန်တော်တို့ကို အများကြီးအကူအညီပေးနေတာပဲ"

ယန်ထယ်မိုက ပြန်ပြောသည်။

တုကူးချင်းချင်းအပေါ် အပြစ်မရောက်စေရန် ဖာဖာ ထေးထေးနှင့် ဖေးဖေးမမပြောခြင်းဖြစ်ကြောင်း တင်မူး ဂါး ရိပ်မိသည်။ သို့သော် ထိုသို့ဖေးမပြောဆိုမှုကို မသိ ကျိုးကျွန် ပြုလိုက်သည်။

''ခင်ဗျား....ပင်လယ်ဂေဟာကိုတော့ တစ်ခေါက်သွား ကြည့်ရင် ကောင်းမယ်ထင်တယ်''

''ဟုတ်ကဲ့၊ ကျွန်တော်သွားလိုက်ပါမယ်၊ ကျောင်းဖန်း ယောင်ကိုတော့ ဖမ်းချုပ်လိုက်မယ်''

''အဲဒီလူ တစ်ခါတည်း ရှောင်တိမ်း ထွက်ပြေးသွား လောက်ပါပြီ''

တင်မူးဂါးက မိမိကိုယ်ကိုမိမိပြောသလိုတီးတိုးရေရွတ် လိုက်သည်။

★

## အခန်း (၂)

ချိတန်းသိုင်းသမားသည် အရိပ်မဲ့မှော်သိုင်းထက် ထို သိုင်းကျမ်းရှိသည့်နေရာကို ပို၍စိတ်ဝင်စားကြသည်။အဓိက ထားကြသည်။

အရိပ်မဲ့သိုင်းကျမ်းရှိရာ နေရာတွင် ချိတန်းသိုင်းသမား ဆိုးမားပြဂိုဏ်းကြီးတစ်ခုက ရတနာပစ္စည်းများ သိမ်းဝှက် ထားသောကြောင့် ဖြစ်သည်။

ထိုမားပြဂိုဏ်းကြီးသည် အင်အားတောင့်တင်းပြီးသိုင်း ပညာ အစွမ်းထက်မြက်သူများလည်း ပါဝင် သောကြောင့် လွန်ခဲ့သည့် နှစ်ပေါင်း (၃၀၀)ကျော်လောက်က ချိတန်း တိုင်းပြည်တွင် အတော်ပင် မင်းမူ သောင်းကျန်းနေခဲ့ သည်။

ချိတန်းဘုရင်ကိုယ်တိုင် အမိန့်ထုတ်ကာ ချိတန်း သိုင်းသမားအပေါင်းကို စုစည်းစေပြီး ဝိုင်းဝန်းတိုက်ခိုက် နှိမ်နင်းတော့မှ ထိုဓားပြဂိုဏ်းကြီး ပြိုကွဲ ပျက်စီး သွားလေသည်။

ဓားပြခေါင်းဆောင် များသည် အနှစ်နှစ် အလလက လုယက် တိုက်ခိုက်ထားခဲ့သော ရတနာ ပစ္စည်း များကို ယူကာ တရုတ်ပြည်မြောက်ဘက်နယ်စပ်ထဲ ထွက်ပြေးလာခဲ့ကြသည်။

ဓားပြဂိုဏ်းကြီး ပြန်ခေါင်းမထောင်ဘဲ လုံးဝ ပျက်စီးသွားခဲ့သော်လည်း ထိုဓားပြဂိုဏ်း၏ ရတနာ ပစ္စည်းများကတော့ ပေါ်မလာသေးပေ။ ရတနာပစ္စည်း များကို အရိပ်မဲ့မှော်သိုင်း ကျမ်းရှိရာ နေရာတွင် သိမ်းဝှက် ထားကြောင်း သတင်းအစအနသာ ပေါ်ထွက်ခဲ့သည်။

ပစ္စည်းဥစ္စာကို မက်မောသော ချိတန်း သိုင်းသမားတို့ ကိုရှာဖွေစုံစမ်းနေကြသည်မှာ နှစ်ပေါင်းရာနှင့်ချီ၍ ကြာမြင့်နေခဲ့သည်။

ယခုကာလ ချိတန်းကျူးကျော်ရေးတပ်များက တရုတ်ပြည်မြောက်ဘက်နယ်စပ်ဒေသထဲ နယ်ချဲ့ တိုက်ခိုက်ရာတွင် ချိတန်းသိုင်းသမားများ အုပ်နှင့်ကျင်းနှင့်ပါရှိလာခြင်းမှာ ထိုရတနာသိုက်ကိုရှာဖွေရယူဖို့လည်းဖြစ်သည်။

ပင့်ကူနက်ယောက်စွမ်းကီ၏သတင်းပေးချက်နှင့် သူတို့သိမ်းငှက်၏ အစွမ်းအစ တို့ကြောင့် ချိတန်း သိုင်းသမားအကြီးအမှူးသိမ်းငှက်ရာဇာတင်မူးဂါးသည် ရတနာသိုက်တည်ရှိရာနေရာကိုသိသွားခဲ့ပေပြီ။

ထို့ပြင် ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်း တို့၏အံ့မခန်းလှသော ကိုယ်ဖော့ပညာစွမ်းကို တွေ့မြင်ရသည်တွင် အရိပ်မဲ့မှော်သိုင်းသည် အလွန်ပင် အဆင့်မြင့်ကာ များစွာအစွမ်းထက်မြက်သည့် တကယ့်ထိပ်တန်းသိုင်းပညာတစ်ခုဖြစ်ကြောင်း တင်မူးဂါးရိပ်မိခဲ့သည်။

မူလက တင်မူးဂါးသည် ရတနာသိုက်ကိုသာ အဓိက ထားသည်။ အရိပ်မဲ့မှော်သိုင်းဆိုသည်ကို သိပ် စိတ်မဝင်စား။ ယခုတော့ အလေးမထားဘဲ နေ၍မရအောင် ဖြစ်လာရပြီ။

တင်မူးဂါးသည် ရတနာသိုက်ရှိရာသို့အရောက်သွားနိုင်ရေးအတွက် နည်းလမ်းရှာဖွေမှုကို အထူးကြိုးစား လုပ်ဆောင်သည်။ ဤသို့ ကြိုးစားကြံစည်ရာတွင် ပင့်ကူနက်ယောက်စွမ်းကီထံမှ အကူအညီများ မမျှော်လင့်ဘဲ ရရှိသည်။

ယောက်စွမ်းကီသည် ငါးပျံမာအန်းနားကို မုန်းတီးလှပြီး အရအမိ ဖမ်းလိုသည့်စိတ် ပြင်းထန်လှပေရာ မာအန်းနားကိုအမိဖမ်းနိုင်ရန် အမြဲပင်စဉ်းစားအကြံထုတ်နေသည်။

မာအန်းနားသည် အကွေ့တစ်ထောင် နှံ့အိုင်ကြီး၏ သဘာဝအန္တရာယ်များကို သူ့အတွက် အကာအကွယ်များအဖြစ် ထိရောက်စွာအသုံးချကာ ရှောင်တိမ်းပုန်းအောင်း

နေနိုင်ကြောင်းသိသည့်အတွက် ယောက်စွမ်းကိုက အကွေ့တစ်ထောင်နွံအိုင်ကြီး၏ သဘာဝအန္တရာယ်များကို ကျော်လွှားနိုင်မည့် နည်းလမ်းမျိုးစုံကို စူးစမ်း ရှာဖွေနေလေသည်။

အထူးသဖြင့် အန္တရာယ်အများဆုံးဟု ဆိုရမည့် နွံအိုင်သည် ကျောက်ဆောင်ကြီး၏ ဝန်းကျင်ရှိ ငရဲမီးနွံ့နွံများကို၊ သတ္တိစွမ်းရည်များကို ပျက်ပြယ်သွားအောင် ထိန်းချုပ်ချေဖျက်ပစ်နိုင်မည့် ချုပ်ဆေးဖော်စပ်နိုင်ရေးကို စမ်းသပ်ကြိုးပမ်းနေသည်။

ချုပ်ဆေးကို အောင်မြင်စွာ မဖော်စပ် နိုင်သေးသော်လည်းစမ်းသပ်စူးစမ်းမှုတို့တွင် ရလဒ်ကောင်းများအတော်ပင်ရှိနေသည်။

မိမိသာဓာတ်သဘာဝများနှင့်ဆေးဖက် ဝင်ပစ္စည်းများအကြောင်း ပိုမိုဘတ်သိလျှင် ချုပ်ဆေးအောင်မြင်စွာဖော်စပ်နိုင်မည်ဟု ယောက်စွမ်းကိုကယုံကြည်သည်။

ယောက်စွမ်းကိုက ချုပ်ဆေးဖော်စပ်နိုင်ရန် မိမိအပတ်တကုတ်ကြိုးစားခဲ့မှုများနှင့် စမ်းသပ်မှုတို့၏ရလဒ်ကောင်းများကို တင်မူးဂါးအား အသိပေးလိုက်သည်။

ချိတန်းသိုင်းသမားအကြီးအမှူးကြီးတင်မူဂါးအတွက် ဓာတ်သဘာဝကျွမ်းကျင်သူနှင့် ဆေးဝါးပညာရှင်တို့ ရှာဖွေရန်မခက်ပေ။

ယောက်စွမ်းကိုစမ်းသပ်ထားချက်များအပေါ် သက်ဆိုင်ရာကျွမ်းကျင်သူ ပညာရှင်များ၏ အကူအညီ၊ အကြံဉာဏ်



များဖြင့် လုပ်ဆောင်လိုက်ရာ ရက်အနည်းငယ် အတွင်းမှာပင် နွံအိုင်လယ် ကျောက်ဆောင်ဝန်းကျင်ရှိ ငရဲမီး နွံ့နွံများကို သတ္တိစွမ်းရည်ပျက်ပြယ်သွားစေနိုင်သည့် ချုပ်ဆေးကို အောင်မြင်စွာဖော်စပ်နိုင်ခဲ့ကြသည်။

အရိပ်မဲ့ မှော်သိုင်းကျမ်းနှင့် ပတ်သက်၍ ယန်ထယ်မှိုသိပ်မသိလှပါ။ ချိတန်း သိုင်းသမားများ သဲသဲမဲမဲ စုံစမ်းရှာဖွေနေကြမှုကြောင့် အဆင့်မြင့် သိုင်းကျမ်းတစ်ဆူ ဖြစ်လိမ့်မည်ဟု အကြမ်းဖျင်းမှန်းကြည့်မှုမျိုးလောက်သာ ရှိ၏။

ထိုသိုင်းကျမ်း ရှိရာနေရာတွင် သိမ်းဝှက် ထားသောရတနာမြို့ကျက်အကြောင်းနှင့် ပတ်သက်၍တော့ ဘာမျှမသိ။ သတင်း သိုးသိုးသံ့သံ့ကလေးကို သော်မှ မကြားဖူးပေ။

အကွေ့တစ်ထောင် နွံအိုင်ကမ်းစပ်နား တိုက်ပွဲတွင် ကျောင်းဖန်းယောင် ကိုယ်ဖော့ ပညာစွမ်းပြကာ လေအဟုန်လို လျင်မြန်စွာလှုပ်ရှားခဲ့မှုတို့ကို တွေ့ရသည့်အခါမှ အရိပ်မဲ့မှော်သိုင်းသည် မိမိထင်ထားသည်ထက်ပို၍ အဆင့်မြင့် အစွမ်းထက်ကြောင်း နားလည်သွားခဲ့သည်။

အရိပ်မဲ့ မှော်သိုင်းကို တတ်မြောက်ချင်လာသည်။

သူသိထားသမျှဆိုလျှင် အရိပ်မဲ့ မှော်သိုင်း တတ်မြောက်နိုင်ရေးတွင် တုကူးချင်းချင်းနှင့်ကျောင်းဖန်းယောင်တို့ထံမှ အရယူခြင်းသည် အနီးစပ်ဆုံးနှင့် လက်တွေ့အကျဆုံး နည်းလမ်း ဖြစ်သည်။

တုကူးချင်းချင်းကိုလက်ထပ်ယူနိုင်လျှင်တော့ အကောင်းဆုံးနှင့် အဆင်ပြေဆုံးဖြစ်သည်။

တုကူးချင်းချင်း၏ အချစ်ကို ရနိုင်သည် မရနိုင်သည် မသေချာသော်လည်း မိမိကို လက်ထပ်ယူရအောင် တုကူးချင်းချင်းအား ဖိအားပေးနိုင်သည့် နိုင်ပေါက်တွေ သူ့လက်ထဲတွင် ရှိနေသည်ဟုလည်း ယန်ထယ်မိုက ယုံကြည်နေသည်။ ထိုနေ့က တိုက်ခိုက်မှုအပြီးသတ်ကာ တင်မူးဂါးတို့လူစုနှင့် ခွဲခွာခဲ့သည်နှင့် ယန်ထယ်မိုသည် ပင်လယ်ဂေဟာသို့ သွားရောက်ခဲ့သည်။ တုကူးချင်းချင်းကို ပင်လယ်ဂေဟာတွင် တွေ့ဆုံရသည့်အတွက် ယန်ထယ်မို အတော်လေး စိတ်အေးရသည်။

တိုက်ခိုက်မှုတွင် ကျောင်းဖန်းယောင်နှင့်အတူ တုကူးချင်းချင်း ပါဝင်သည်ကို မိမိသိသော်လည်း ချိတန်းသိုင်းသမားများကို ပြောမပြခဲ့ကြောင်း၊ ဤသို့ လျှို့ဝှက်ထားပေးရခြင်းမှာလည်း တုကူးချင်းချင်းက မိမိအပေါ် အခွင့်အရေးပေးကာ ခင်မင်ရင်းနှီးစွာ ဆက်ဆံ နေသည်ကို ထောက်ထား တုံ့ပြန်ခြင်း ဖြစ်ကြောင်း၊ ပင်လယ်ဂေဟာအနေဖြင့် ဟန်မပျက် နေထိုင်သွားနိုင်ကြောင်း အစချီကာ သူ့အနေဖြင့် အချိန်မရွေး တုကူးချင်းချင်းနှင့် ပင်လယ်ဂေဟာတို့ကို ဒုက္ခပေးနိုင်သည့် အခြေအနေရှိသည်ကို ပြပေးထားခဲ့သည်။

တုကူးချင်းချင်းတစ်ယောက်အနေဖြင့်ဆိုလျှင်ရှောင်တိမ်းထွက်သွားသော ကျောင်းဖန်းယောင်နှင့်အတူ လိုက်ပါသွားမည်ဖြစ်သော်လည်း အခြေတကျရှိနေသော ပင်လယ်ဂေဟာ အန္တရာယ်ကြုံနိုင်မည်ကို ထောက်ထားကာ အခြေ



အနေကို စောင့်ကြည့်နေရသောကြောင့် ယန်ထယ်မိုက နိုင်ပေါက်တစ်ခုကို အရယူထားပြန်ကြောင်း သိလျက်နှင့် အလိုက်အထိုက် လုပ်နေရသည်။

သို့သော် အကျဉ်းအကျပ် အခြေအနေ ဖြစ်ပေါ်လာလျှင် လုပ်ဆောင်ရမည့် အစီအမံများကိုတော့ စဉ်းစားထားပြီး ဖြစ်သည်။

ယန်ထယ်မိုသည် ရှောင်တိမ်း ထွက်ပြေးသွားသော ကျောင်းဖန်းယောင်ကို လိုက်လံတိုက်ခိုက် ဒုက္ခပေးချင်နေသည်။ ဆန့်ကျင်အာခံသူအဖြစ် ချိတန်းသိုင်းသမားများက ခွေးရူးကိုလိုက်သတ်သလို ကျောင်းဖန်းယောင်အား မရအရ တိုက်ခိုက်သုတ်သင်ဖို့မျှော်လင့်သည်။

သို့သော် တင်မူးဂါးတို့ တစ်တွေသည် နှံ့အိုင်လယ်ကျောက်ဆောင်သို့သွားနိုင်မည့် နည်းလမ်းကိုသာ အပတ်တကုတ် ကြိုးစားရှာဖွေကြလျက် ကျောင်းဖန်းယောင်ကို လစ်လျူရှုသလိုရှိနေကြရာ ယန်ထယ်မိုမှာ စိတ်ပျက်နေရသည်။

ယန်ထယ်မိုအတွက် အဆင်ပြေချင်တော့ နှံ့အိုင်ကမ်းစပ် တိုက်ခိုက်မှုဖြစ်ပွားပြီး နောက်တစ်နေ့ညတွင် သူ့ထံသို့ တောလည်ကျားရိုင်းတန်ခက်ဟင်း ရောက်လာခဲ့သည်။

* * *

တောလည်ကျားရိုင်း တန်ခက်ဟင်းသည် ကျားဘုရင်ဂိုဏ်း၏ လက်ရွေးစင် သိုင်းသမားတစ်ယောက်ဖြစ်သည်။ ယန်ထယ်မိုနှင့် တစ်ဆရာတည်းတပည့် သိုင်းပညာအတူသင်ဖက် သွေးသောက်အစ်ကိုတော်စပ်သည်။

တန်ခက်ဟင်းသည် ယန်ထယ်မိုထက် ဝါကြီးသလို သိုင်းပညာလည်းပိုကောင်းသည်။ သာမန်အားဖြင့်ဆိုလျှင် ကျားဘုရင်ဂိုဏ်းတွင် တန်ခက်ဟင်းသည် အရေးအပါဆုံး ဂိုဏ်းခွဲမှူးတစ်ယောက်ဖြစ်သင့်သည်။

သို့သော် တန်ခက်ဟင်းမှာ ဒေါသကြီးတတ်ကာ စိတ်လိုက်မာန်ပါ လုပ်တတ်သည့်အတွက် ထိုပျော့ကွက်ကို ယန်ထယ်မိုကအသုံးချကာ ကျားဘုရင်ဂိုဏ်း၏ ထိပ်တန်းဂိုဏ်းခွဲမှူးဖြစ်လာရန် ကြံဆောင်နိုင်ခဲ့သည်။

ယန် ထယ် မို ၏ အ ကွက် ဆင် မှု ဖြင့် တန် ခက် ဟင်းမှာ အဝေးသို့လွင့်သွားရသည်။ နယ်လှည့်ဂိုဏ်းခွဲမှူးဟူသော အမည်ခံရာထူးရရှိကာနေရာအနှံ့ လျှောက်သွားနေရသည်။ တစ်ခါတစ်ရံသာ ဂိုဏ်းသို့ပြန်လာရတတ်သည်။

တန်ခက်ဟင်းသည် တောကျွမ်းသည်။ ခြေရာကောက်ခြေရာခံတော်သည်၊ အမဲလိုက်အတတ်လည်း ကောင်းစွာတတ်မြောက်သည်။ ထိုအချက်များကြောင့် သူ့ကို 'တောလည်ကျားရိုင်း' ဟူ တင်စားအမည်ပေးထားသည်။ အပေါ်ယံအားဖြင့်ကြည့်လျှင်မူ နယ်လှည့်ဂိုဏ်းခွဲမှူး ရာထူးနေရာသည် တန်ခက်ဟင်းနှင့် အထူးသင့်လျော်သည်ဟုထင်ကြပေလိမ့်မည်။



"ဟာ... အစ်ကိုကြီးရောက်လာတာ အတော်ပဲ၊ အစ်ကိုကြီးကို ပြောစရာရှိတယ်"

ယန်ထယ်မိုက တန်ခက်ဟင်းကို မျာမျာသလဲ ကြိုဆိုသည်။

တန်ခက်ဟင်းက ယန်ထယ်မိုကို ခင်စိန်းစိန်းကြည့်ပြီး ထိုင်ခုံတွင် ဝင်ထိုင်သည်။ ယန်ထယ်မိုက လက်ဖက်ရည်ကြမ်းတစ်ခွက် ကိုယ်တိုင်ငှဲ့ကာ ဧည့်ဝတ်ပြုသည်။

"အရိုင်မဲ့မှော်သိုင်းဆိုတာ အစ်ကိုကြီးသိသလား"

"အရှေ့ဘက်ပင်လယ်ပိုင်းမှာရှိတဲ့ လျှို့ဝှက်သိုင်းကျမ်းတစ်ခုလို့ ကြားဖူးတာပဲ၊ သိပ်တော့ မသိဘူး၊ ဘာဖြစ်လို့လဲ"

"အရိုင်မဲ့သိုင်းကျမ်း ကျွန်တော်တို့ဆီမှာ လာပေါ်လာတယ်"

"ဟင်... ဟုတ်လား"

"ဟုတ်တယ်၊ အဲဒီသိုင်းကျမ်းရှိတဲ့နေရာကို ကျောင်းဖန်းယောင်ကသိတယ်၊ သူကိုယ်တိုင်လဲ အရိုင်မဲ့သိုင်းကျမ်းထဲက သိုင်းပညာအနည်းအကျဉ်းတတ်မြောက်နေပြီ"

"ကျောင်းဖန်းယောင်ဆိုတာ မြင်းသုံးကောင် သယ်ယူပို့ဆောင်ရေးအဖွဲ့စခန်းခွဲက ကောင်လေးမဟုတ်လား"

တန်ခက်ဟင်းသည် ကျားဘုရင်ဂိုဏ်းသို့ ရံဖန်ရံခါမှ ပြန်လာတတ်သော်လည်း စူးစမ်းတတ်သော ဝါသနာအရ ယန်ဖူးမြို့လေးရှိ သိုင်းသမားအတော်များများကိုတော့ သိရှိနေသည်။

"ဟုတ်တယ်....ဟုတ်တယ်၊ အရိပ်မဲ့မှော်သိုင်းကျမ်းရှိတဲ့နေရာကို သူသိနေကြောင်း သတင်းပေါက်ကြားသွားလို့ သူအခုရှောင်တိမ်းနေရတယ်၊ သိပ်ဝေးဝေးလံလံသွားမှာ မဟုတ်ဘူး၊ ဒီမြို့အနီးဝန်းကျင် တောအုပ်တောင်ကြားတွေမှာ ပုန်းနေမှာပဲ"

"နေပါဦး၊ ဒီအကြောင်းတွေဘာကြောင့် ငါ့ကိုလာပြောပြနေရတာလဲ"

"အစ်ကိုကြီး စိတ်ဝင်စားမလားလို့ပါ၊ ကျောင်းဖန်းယောင်ကို တွေ့အောင်ရှာနိုင်ရင် အစ်ကိုကြီးလဲ အရိပ်မဲ့သိုင်းကျမ်းကိုရနိုင်တယ်လေ"

"မင်းက ဘယ်လိုလုပ်ပြီး ငါ့အပေါ် စိတ်ကောင်းစေတနာကောင်းတွေရှိလာပြန်တာလဲ"

"ဟာဗျာ...အစ်ကိုကြီးကလဲ"

"သိုင်းကျမ်းကိုရရင် မင်းကို တစ်ခေါက်ပေးဖတ်ရဦးမှာလား"

"ရပါတယ် အစ်ကိုကြီးရာ၊ ကျွန်တော့်ကိုပေးဖတ်စရာမလိုပါဘူး၊ သိုင်းကျမ်းရရင် အစ်ကိုကြီးပဲယူလိုက်ပါ"

ယန်ထယ်မိုသည် အခွင့်အရေးကို ရသမျှယူတတ်ပြီး အကောက်ဉာဏ်လည်း များသူတစ်ယောက် ဖြစ်ကြောင်း တန်ခက်ဟင်း ကောင်းကောင်း သိထားသည်။ သိုင်းကျမ်းတစ်ခုခုရှိသောနေရာကို သတင်းပေးလမ်းညွှန်လျှင် ထိုသိုင်းကျမ်းရရှိသောအခါ သတင်းပေးသူကို တစ်ကြိမ်တစ်ခါ ပေးဖတ်ရသော အစဉ်အလာရှိသည်။



ထိုအစဉ်အလာအခွင့်အရေးကိုပင် ယန်ထယ်မိုက ရယူခြင်းမပြုဟု ဆိုနေသည့်အတွက် တန်ခက်ဟင်းအဖို့ထူးဆန်းနေသည်။ လျှို့ဝှက်အကြံအစည်တစ်ခုခု ရှိရမည်ဟုလည်း တွေးသည်။

* * *

ကျောင်းဖန်းယောင် တစ်ယောက် ဝေးဝေးလံလံသို့ မသွားဘဲ ယန်ဖူးမြို့အနီးဝန်းကျင် တောတောင်များတွင် ပုန်းအောင်းနေမည်ဟု ယန်ထယ်မိုက စိတ်မှန်းဖြင့် ပြောလိုက်သည့်စကားမှန်နေသည်။

ကျောင်းဖန်းယောင်ယန်ဖူးမြို့လေးအနီးတွင်သာရှိနေခြင်းမှာ အကြောင်းရင်းနှစ်ရပ်ရှိသည်။

ပထမ အကြောင်းရင်းက အကွေ့တစ်ထောင် နှံ့အိုင်အရှေ့ဘက်ကမ်းစပ် တိုက်ပွဲမှ အလွတ်ရုန်း ရှောင်တိမ်းထွက်သွားကြသော တွန်းလှန်ရေးသမားများကို ပြန်လည်စုစည်းကာ စနစ်တကျ ခွဲဖြန့်တပ်ဖျောက်ပေးရန် ဖြစ်လေသည်။

ဒုတိယအကြောင်းကတော့ တုကူးချင်းချင်းရှောင်တိမ်းထွက်ပြေးလာလျှင် စောင့်ကြိုရန်ဖြစ်ပေသည်။

ဆုတ်ခွာရှောင်တိမ်းလာကြသော တွန်းလှန်ရေးသမားများနှင့် အဆက်အသွယ်ရတွေ့ဆုံနိုင်ကာ စနစ်တကျ လူစု

ခွဲ၍ တပ်ဖျောက်ရန် သေသေချာချာ စီစဉ် ပေးနိုင်ခဲ့လေသည်။

သို့သော်....

သူမျှော်နေမိသော တုက္ကူးချင်းချင်းကတော့ ပေါ်မလာခဲ့ပေ။

ရှောင်တိမ်းလာကြသော တွန်းလှန်ရေးသမားများနှင့် အဆက်အသွယ် ရရှိပြီမို့ ကျောင်းဖန်းယောင် အနေဖြင့် လည်းလုံခြုံစွာပုန်းအောင်းနိုင်မည့် တစ်နေရာရာသို့ သွားရောက်ဖို့သင့်မနေလေပြီ။

တုက္ကူးချင်းချင်း၏ သံယောဇဉ်ဖြင့် နောက်ဆံတင်းနေသောကြောင့် ယန့်ဖူးမြို့လေး၏ အနီးဝန်းကျင် တောတောင်များမှ မခွာနိုင်အောင် ဖြစ်နေရသည်။

သည်နေ့တွင်လည်း တုက္ကူးချင်းချင်း ရောက်လာလို ရောက်လာငြားဆိုသော မျှော်လင့်ချက်ဖြင့် ကျောင်းဖန်းယောင်တစ်ယောက်ယန့်ဖူးမြို့လေး၏အရှေ့ဘက်တောစပ်နားသို့ရောက်လာခဲ့သည်။

အကယ်၍ တုက္ကူးချင်းချင်း ရောက်လာခဲ့လျှင် သည်နေရာအနီးဝန်းကျင်တွင်ရှိနေကြောင်း ရိပ်မိနိုင်ရန် အတွက် လျှို့ဝှက်အမှတ်အသားများကိုပင်အချို့နေရာများတွင်လုပ်ထားမိသည်။

ထိုသို့ပြုလုပ်ထားမှုက သူ့အတွက်အန္တရာယ် ဖိတ်ခေါ်သလိုဖြစ်မည်ကိုတော့ ကျောင်းဖန်းယောင် မသိခဲ့ပါ။



ပင်လယ်ဂေဟာမှာပင် မခွာမထွက်ဘဲ အိမ်ဘွင်းပုန်းလို လုပ်နေသော တုက္ကူးချင်းချင်းသည် ကျောင်းဖန်းယောင်ပြုလုပ်ထားသော လျှို့ဝှက်အမှတ်အသားတို့ကို မတွေ့နိုင်ပါ။

ကျားဘုရင်ဂိုဏ်းမှ ပြန်ထွက်လာသော တောလည်ကျားရိုင်းတန်ခက်ဟင်းကသာ တွေ့သွားခဲ့သည်။

တုက္ကူးချင်းချင်းနှင့် ကျောင်းဖန်းယောင်သာသိရှိသော လျှို့ဝှက်အမှတ်အသား၏ အဓိပ္ပာယ် တိတိကျကျကိုတော့ တန်ခက်ဟင်း မဖော်ထုတ်နိုင်ပါ။ မျက်စိရှင်ပြီး အကြည့်အမြင် စူးရှသောကြောင့်သာ ကျောင်းဖန်းယောင်၏ လျှို့ဝှက်အမှတ်အသားတို့ တန်ခက်ဟင်းတွေ့ရှိခဲ့ရသည်။

အတွေ့အကြုံ ရင့်ကျက်နေသောကြောင့် ဆိုလိုသည့် အဓိပ္ပာယ်ကိုသေသေချာချာ မဖော်နိုင်သော်လည်းလျှို့ဝှက်အချက်ပြမှုတစ်ခုဖြစ်ကြောင်းကိုတော့ နားလည်၏။

ယန်ထယ်မိုပြောသည်တို့နှင့် ဆက်စပ်ကြည့်သောအခါ ဤလျှို့ဝှက်အမှတ်အသားသည် ကျောင်းဖန်းယောင်နှင့် ပတ်သက်မှုရှိရမည်ဟုလည်း တွေးမိသည်။ ကျောင်းဖန်းယောင်လုပ်ထားတာ ဖြစ်နိုင်သလို တစ်စုံတစ်ယောက်က ကျောင်းဖန်းယောင်ကို အဆက်အသွယ်လုပ်ခြင်းလည်းဖြစ်နိုင်သည်။

အမှန်ပြောရလျှင် ကျောင်းဖန်းယောင်ကိုလိုက်လံစုံစမ်းရှာဖွေရန် တန်ခက်ဟင်းစိတ်ကူးမရှိခဲ့ပေ။ ယခု မမျှော်လင့်

ဘဲတွေ့ရသည့် လျှို့ဝှက်အမှတ်အသားက တန်ခက်ဟင်းကို ဆွဲဆောင်စိန်ခေါ်နေလေပြီ။

တောကျွမ်းပြီး အမဲလိုက်ပညာလည်း ကောင်းကောင်း တတ်သိနေသော တန်ခက်ဟင်းသည် ခြေရာအစအနကို တွေ့ရသောအခါ အကောင်ကိုမြင်ချင်လာသည်။ မိမိ၏ မှန်းဆချက် မည်မျှ မှန်ကန်သည်ကိုလည်း သိချင်လာသည်။

ထို့ကြောင့် ခြေရာကောက်ကာ စူးစမ်းမှုဆက်လုပ်လေတော့သည်။

မကြာမီမှာပင် ကျောင်းဖန်းယောင်၏ခြေရာကိုကောက်မိသည်။ ထို့နောက် ကျောင်းဖန်းယောင်ကို ရှာတွေ့လေတော့သည်။

* * *

"ဘယ်လိုလဲ ကျောင်းဖန်းယောင်၊ မင်းကိုငါရှာတွေ့ပြီ၊ ဟား....ဟား....ဟား"

ကျောင်းဖန်းယောင်ကိုရှာတွေ့သည်နှင့် တန်ခက်ဟင်းက ပြောလိုက်သည်။

သူ့အမည်ကို ဒက်ခနဲခေါ်ချသောကြောင့် ကျောင်းဖန်းယောင်မှာ မျက်နှာတစ်ချက်ပျက်သည်။ တန်ခက်ဟင်း မည်သူမည်ဝါဖြစ်ကြောင်း ကျောင်းဖန်းယောင် မသိပေ။



ပြောလိုက်သည့်စကားများအရတော့ မိမိကိုလိုက်၍ ရှာဖွေနေသည်ဟု နားလည်သည်။ မိမိ၏ မျက်နှာသိလည်း မဟုတ်။ တော်လှန်ရေးသမားအချင်းချင်း ပြောဆိုဆက်သွယ်သည့် စကားဝှက်လည်းမပြောသောကြောင့် ကျောင်းဖန်းယောင်က ရန်သူဖြစ်သည်ဟုသာ တွက်လိုက်သည်။

ရန်သူဟုတွက်မိသည်နှင့် ချက်ချင်းပင် ဓားရှည်ကို ဆွဲထုတ်လျက် ဆတ်ခနဲ လှမ်းထိုးသည်။ ကျွန်းနက်စံအိမ်၏ 'ရေလှိုင်းမာန်ဓားသိုင်း'ကိုထုတ်သုံးရာ ဓားချက် တစ်ချက်တည်းတွင် ဓားရိပ်ဓားရောင်အဆင့်ဆင့်ခွဲဖြာကာအင်အားလှိုင်းများကလည်း အဆင့်ဆင့်ပေါ်ထွက်သည်။

ဓားသွားက တန်ခက်ဟင်း၏ သေကွင်းသေကွက်နေရာများကို ဦးတည်တိုးဝင်သည်။

တွေ့ဆုံမိသည်နှင့် ဘာမပြောညာမပြော တိုက်ခိုက်လာသည့်အတွက် တန်ခက်ဟင်းမှာ ဒေါသထောင်းခနဲဖြစ်သွားသည်။ ထို့ပြင် သေကွင်းသေကွက်နေရာများကို ဦးတည်တိုက်ခိုက်ပြန်ရာ ပို၍ဒေါသထွက်မိသည်။

"မိုက်ရိုင်းလှချည်လား"

ဒေါသတကြီးပြောရင်း 'ကျားဆိုး သားကောင်ဖမ်းသိုင်း'နှင့်တုံ့ပြန်သည်။

ကျားဆိုးသားကောင်ဖမ်းသိုင်းသည် ကျားဘုရင်ဂိုဏ်းလျှို့ဝှက်သိုင်းပညာပင်ဖြစ်သည်။

အဆင့်မြင့်သလို ရက်စက်ကြမ်းတမ်းသည်။ တန်ခက်ဟင်းသည် အခြားသော ကျားဘုရင်ဂိုဏ်းဝင်များလောက်

ရန်လိုခက်ထန်သောစိတ် မရှိသည့်အတွက် ကျားဆိုးသားကောင်ဖမ်းကို သုံးခဲ့သည်။

ယခု 'စချင်းဆောက်နှင့်ထွင်း' ဆိုသလို ကျောင်းဖန်းယောင်၏ ဓားချက်ကြမ်းတမ်းမှုကြောင့် ဒေါသထွက်ကာ ရက်စက် ကြမ်းကြုတ်သော သိုင်းပညာကို သုံးခြင်းဖြစ်သည်။

စိတ်ဆိုးနေသည်မို့ ကျားဆိုးသားကောင်ဖမ်းသိုင်းကို အဆင့်ကုန် အသုံးပြုသည်။

သိုင်းပညာသဘောသဘာဝအရဆိုလျှင် ရေလှိုင်းမာန်သိုင်းသည် စနစ်တကျ တစ်ဆင့်ပြီးတစ်ဆင့် တိုက်ကွက်ဖော်သည့်အတွက် ကမူးရှူးထိုးတိုက်ခိုက်သော ကျားဆိုးသားကောင်ဖမ်း သိုင်းကွက်ထက် အဆင့်မြင့်သည်ဟု ဆိုနိုင်သည်။

သို့ရာတွင်....

ကျောင်းဖန်းယောင်သည် ရေလှိုင်းမာန် ဓားသိုင်းကို အဆင့်ကုန်အောင်မြင်အောင် မလေ့ကျင့်နိုင်သေး။ ဆယ်ပုံခုနစ်ပုံလောက်သာ အောင်မြင်သေးသည်။ တန်ခက်ဟင်းကျားဆိုးသားကောင်ဖမ်းသိုင်းကို အဆင့်ကုန်နီးပါး တတ်မြောက်နေသည်။

ထို့ပြင်....

ရင်ဆိုင်တိုက်ပွဲအတွေ့အကြုံလည်း ကျောင်းဖန်းယောင်ထက် များစွာသာလွန်သည်။ ယေဘုယျ သိုင်းပညာစွမ်းရည်တွင်လည်း တန်ခက်ဟင်းက ကျောင်းဖန်းယောင်ထက်သာလွန်သည်။

ထို့ကြောင့် ယခုရင်ဆိုင်တိုက်ခိုက်မှုတွင် တန်ခက်ဟင်းက အသာစီးရရှိနေသည်။

ကျောင်းဖန်းယောင်၏ 'ရေလှိုင်းမာန် ဓားသိုင်း' မှာ အုပ်စီးချေဖျက်ခြင်း ခံရတော့မလိုဖြစ်သည်။ မိမိ အခြေမဟန်တော့ကြောင်းရိပ်မိသော ကျောင်းဖန်းယောင်သည် အသေအလဲ ရင်မဆိုင်တော့ဘဲ ရှောင်တိမ်း ဆုတ်ခွာရန် စိတ်ပိုင်းဖြတ်လိုက်သည်။

ဆုံးဖြတ်ပြီးသည်နှင့် ရေလှိုင်းမာန် ဓားသိုင်းကို ချက်ချင်း ရုပ်သိမ်းသည်။ အရိပ်မဲ့ ကိုယ်ဖော့ပညာ သုံးကာ လှစ်ခနဲ ပြေးထွက်သွားသည်။

လှုပ်ရှားပုံ မြန်လွန်းလှသည်။

ကျားဆိုးတော့ဝင် သိုင်း၏ ဖိနှိပ် တိုက်ခိုက်မှုအောက်တွင် အလူးအလဲရှိနေရာမှ ကျောင်းဖန်းယောင်သည် ရုတ်တရက် ပျောက်ကွယ်သွားရာ တန်ခက်ဟင်းမှာ ကြောင်အမ်းအမ်းပင် ဖြစ်သွားရသည်။

အတွေ့အကြုံရင့်ကျက်သော သမ္မာရင့်သိုင်းသမားကြီးမို့ ကျောင်းဖန်းယောင်က အဆင့်မြင့် ကိုယ်ဖော့ပညာကို သုံးကာ အလွန်မြန်ဆန်စွာ လှုပ်ရှား ရှောင်တိမ်းသွားကြောင်းကို တန်ခက်ဟင်း ရိပ်မိလိုက်သည်။

တန်ခက်ဟင်း တွေ့ဖူးသမျှတွင် အလျင်မြန်၊ အပေါ့ပါး၊ အသွက်လက်ဆုံးသော ကိုယ်ဖော့ပညာ စွမ်းရည်မို့ အံ့ဩချီးမွမ်းမိသည်။

တန်ခက်ဟင်း သိထားသလောက်ဆိုလျှင် ကျောင်းဖန်းယောင်သည် သိုင်းပညာ အစွမ်းအစ ကောင်းသော်လည်း ထိပ်တန်းအဆင့်သို့မူ မရောက်သေး။ သူ၏ ကိုယ်ဖော့ပညာကလည်း သာမန်ထက် အနည်းငယ် ပိုမိုမြန်ဆန်မှုသာ ရှိသည်။

ယခု ရင်ဆိုင် တိုက်ခိုက်နေလျက်မှ ရုတ်ခြည်း ကိုယ်ပျောက်သွားသလို လှုပ်ရှားရှောင်တိမ်း ထွက်သွားနိုင်ရာ အရိပ်မဲ့မှော်သိုင်း၏ ကိုယ်ဖော့စွမ်းရည် ဖြစ်ရမည်ဟု တန်ခက်ဟင်းက သိလိုက်သည်။

အလွန်အဆင့်မြင့်လှသော ကိုယ်ဖော့ပညာစွမ်းကို ကိုယ်တိုင် မျက်မြင်တွေ့ဆည့်အတွက် တန်ခက်ဟင်းမှာ အရိပ်မဲ့မှော်သိုင်းကို စိတ်မဝင်စားဘဲ မနေနိုင်တော့။

ကျောင်းဖန်းယောင်၏နောက်သို့ အမြန်လိုက်လေတော့သည်။

* * *

ကျောင်းဖန်းယောင် ပြုလုပ်ထားသော လျှို့ဝှက်အမှတ်အသားများကို ကြည့်ကာ လူကိုပါတွေ့ရအောင် ခြေရာခံ



နိုင်ခဲ့သော တန်ခက်ဟင်းအနေဖြင့် သူ့မျက်စိရှေ့မှောက်မှ လစ်ခနဲ ထွက်ပြေးသွားသော ကျောင်းဖန်းယောင်နောက်သို့ လိုက်ရန်မှာ သိပ်မခက်ခဲပေ။

အဆင့်မြင့် ကိုယ်ဖော့ပညာစွမ်းဖြင့် ပေါ့ပါးသွက်လက်စွာ ပြေးလွှားသွားသော ကျောင်းဖန်းယောင်၏ ခြေရာလက်ရာ ထင်ထင်ရှားရှား ကျန်မနေသော်လည်း တောကျွမ်းကာ မျက်စိရှင်လှပြီး ခြေရာကောက် ခြေရာခံ တော်လှသော တန်ခက်ဟင်းသည် မထင်ရှားသောခြေရာလက်ရာ အစအနတို့ကို ရအောင်ရှာနိုင်ခဲ့သည်။ မြင်အောင်ကြည့်နိုင်ခဲ့သည်။

လွယ်လွယ်ကူကူတော့ မဟုတ်။

ကြိုးစားကာ စူးစမ်းရှာဖွေကြည့်ရသည်။ အတွေ့အကြုံများအရ ချိန်ဆတွက်ချက်မှုများလည်း ဦးနှောက်ဆူပွက်လုမတတ် လုပ်ရသည်။

ကျောင်းဖန်းယောင်က အရိပ်မဲ့ ကိုယ်ဖော့ပညာဖြင့် လျင်မြန်စွာ ပြေးလွှားသွားနေပြန်ရာ တန်ခက်ဟင်းအနေဖြင့် ကျောင်းဖန်းယောင်၏ခြေရာကို ကောက်မိနေသော်လည်း လူကိုတွေ့အောင်တော့ တော်တော်နှင့်ရှာမရ။

တစ်ရက်ကျော်ကျော် နှစ်ရက်နီးပါးမျှ ကြိုးကြိုးစားစား စိတ်ရှည်လက်ရှည် ခြေရာကောက် လိုက်လံရှာဖွေပြီးမှ ကျောင်းဖန်းယောင်ကို ရှာတွေ့လေတော့သည်။

သည်တစ်ကြိမ် အတွေ့တွင် ကျောင်းဖန်းယောင်သည် တောလည်ကျားရိုင်း တန်ခက်ဟင်းကို ရင်ဆိုင်တိုက်ခိုက်

ခြင်း မပြုတော့။ တန်ခက်ဟင်းဖြစ်ကြောင်း သိသည်နှင့် ရှောင်တိမ်း ထွက်ပြေးလေတော့သည်။

တန်ခက်ဟင်းက ကျောင်းဖန်းယောင် ထွက်မပြေးနိုင်အောင် ပိတ်ဆို့တားဆီးဖို့ ကြိုးစားသေးသည်။ သို့သော် အရိုင်မဲ့ ကိုယ်ဖော့ပညာကို သုံး ကာ ထွက်ပြေးသော ကျောင်းဖန်းယောင်၏ လှုပ်ရှားမှုက အလွန်မြန်ဆန်လှသောကြောင့် တန်ခက်ဟင်း၏ ကြိုးပမ်းမှုက ထာမျှအရာမရောက်။

ထွက်ပြေးသွားသော ကျောင်းဖန်းယောင်၏နောက်သို့ တန်ခက်ဟင်း ပြေးလိုက်သေးသည်။ မီအောင် မလိုက်နိုင်။ သို့သော် ခြေရာကောက်၍ လိုက်ပြန်ရာ နောက်တစ်နေ့တွင် ကျောင်းဖန်းယောင်ကို ရှာတွေ့သည်။

တန်ခက်ဟင်းသည် ရှာတွေ့သည်နှင့် အလောတကြီး ဝင်တိုက်ခိုက်ခြင်း မလုပ်တော့။ ကျောင်းဖန်းယောင်၏ အရိပ်အကဲကို ပုန်းအောင်းကာ အကဲခတ်ကြည့်နေသည်။

အနီးကပ် ဝင်ရောက်တိုက်ခိုက်လျှင် ဘာမျှ အကျိုးထူးမည်မဟုတ်ဘဲ ကျောင်းဖန်းယောင်ကို ကိုယ်ဖော့ပညာသုံး ထွက်ပြေးရန် လှန့်ပေးလိုက်သလိုဖြစ်မည်ကို တွေးမိသည့်အတွက် အဝေးမှ လက်နက်ပုန်းဖြင့် လှမ်းပစ်ရန် ဆုံးဖြတ်သည်။

လက်နက်ပုန်း တစ်ခုကို အသာထုတ်ယူကာ ဆတ်ခနဲ လှမ်းပစ်သည်။

"ရှစ်..."



လွင့်ပျံသွားသော လက်နက်ပုန်း၏ လေတိုးသံခပ်သဲ့သဲ့ ပေါ်ထွက်သည်။ ကျောင်းဖန်းယောင်သည် အရိပ်မဲ့မှော်သိုင်းမှ သိုင်းပညာများကို လေ့လာ သင်ယူနေမှုကြောင့် သောတအာရုံ အထူးထက်မြက်နေသည်။

တိုးညင်လှသော လက်နက်ပုန်းလေတိုးသံ သဲ့သဲ့လေးကို ကြားသည်။

မည်သူ့လက်ချက် ဖြစ်သည်ကိုလည်း ချက်ချင်းသိသည်။ ထိုအသိနှင့်အတူ လှုပ်ရှားမှုကလည်း တွဲ၍သွားသည်။ တန်ခက်ဟင်းက လက်နက်ပုန်းပစ်လွှတ်လိုက်သည်နှင့် ကျောင်းဖန်းယောင်ကလည်း လှစ်ခနဲဆိုသလို ရှောင်တိမ်းပြေးထွက်သွားပြီး ဖြစ်သည်။

ယခင်အကြိမ်များထက်ပင် ပို၍မြန်သည်။ တန်ခက်ဟင်းမှာ ရုတ်တရက် ဦးတည်ပစ်မှတ် ပျောက်သည်။ သူ အပိုင်ပစ်လိုက်သော လက်နက်ပုန်းမှာ ပစ်မှတ် မရှိတော့သည့်အတွက် အားပြင်းပြင်းနှင့် လွင့်ပျံထွက်သွားကာ ပစ်လွှတ်မှုလမ်းကြောင်း ပေါ်တွင် ရှိနေသော သစ်ပင်တစ်ပင်ကို သာ သွားထိမှန်သည်။

"တောက်"

တန်ခက်ဟင်း မကျေမနပ် တောက်ခတ်မိသည်။

★

# အခန်း (၃)

ပင့်ကူနက်ယောက်စွမ်းကို၏ အကူအညီပေးမှုဖြင့် ဖော်စပ်နိုင်ခဲ့သော ချုပ်ဆေးသည် အဆောင်ပင် အစွမ်းထက်မြက်သည်။ နွံအိုင်လယ် ကျောက်ဆောင်ကြီး၏ အနီးစန်းကျင်ရှိ ငရဲမီးရှို့နွံများ၏ စွမ်းရည်သတ္တိ ပျက်ပြားသွားအောင် လုပ်ဆောင်နိုင်ခဲ့သည်။

ဤသို့ဖြင့် တင်မူးဂါးနှင့် သူ့လက်ရုံး ချိဘန်းသိုင်းဆမားကြီး နှစ်ယောက်တို့ ကျောက်ဆောင်ကြီးဆီသို့ တေးမသိ ရန်မခဘဲ အရောက် ကူးသွားနိုင်ကြသည်။ သူတို့နှင့်အတူ ပင့်ကူနက်ယောက်စွမ်းကိုလည်း ပါရှိလာ၏။

တင်မူးဂါးသည် ယောက်စွမ်းကိုကို သိပ်သဘောမတွေ့လှပါ။ သို့ရာတွင် ကျောက်ဆောင်ကြီး ရှိရာသို့ အန္တရာယ်ကင်းကင်းနှင့် အရောက်သွားနိုင်ဖို့ ယောက်စွမ်းကို၏ အကူ



အညီ အကြံဉာဏ်များ ရယူခဲ့ပေရာ ယင်းအတွက် ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် ယောက်စွမ်းကိုက အတူလိုက်ပါလို့ကြောင်း တောင်းဆိုမှုကို ခွင့်ပြုခဲ့ရခြင်းဖြစ်သည်။

ယောက်စွမ်းကိုက ငါးပျံမာအန်းနား၏ ပုန်းအောင်းရာ အဓိက နေရာကို ကြည့်ရှုလိုကြောင်း အကြောင်းပြခဲ့သော်လည်း တကယ်စင်စစ် အရိုပ်မဲ့မှော် သိုင်းကျမ်းကို တွေ့မြင်ဖတ်ရှုလိုသောကြောင့် ဖြစ်ကြောင်း တင်မူးဂါးက ရိပ်မိသည်။

တင်မူးဂါးသည် မူလက နွံအိုင်လယ် ကျောက်ဆောင်လိုဏ်ဂူထဲရှိ ရတနာသိုက်ကိုသာ အလေးထားခဲ့ သော်လည်း နွံအိုင်အရှေ့ ကမ်းစပ် တိုက်ပွဲတွင် ကျောင်းဖန်းယောင် ကိုယ်ဖော်ပညာ ပြခဲ့မှုကြောင့် အရိပ်မဲ့ မှော်သိုင်းအပေါ် စိတ်ဝင်စားနေလေရာ ယောက်စွမ်းကိုကို သတိထား စောင့်ကြည့်ရမည့် လူတစ်ယောက် အဖြစ် သတ်မှတ်ထားလေတော့သည်။

နွံအိုင်လယ်ကျောက်ဆောင်သို့ မိမိတို့နှင့်အတူ လိုက်ပါခွင့်ရသော်လည်း ယောက်စွမ်းကိုက သံသယဖြစ်ဖွယ် လုပ်ဆောင်မှု တစ်ခုခုပြုလုပ်သည်နှင့် တိုက်ခိုက် ဖမ်းဆီးရန်လည်း တင်မူးဂါးက မိမိ၏လက်ရုံးသိုင်းသမားကြီး နှစ်ယောက်ကို လျှို့ဝှက် အမိန့်ပေးထားသည်။

သူတို့လူစု စီးနင်းလိုက်ပါလာသော အပေါ့စား လှေကလေး နွံအိုင်လယ် ကျောက်ဆောင်တွင် ဆိုက်ကပ်မိသည်

နှင့် ပင်ကူနက် ယောက်စွမ်းကိသည် လွှားခနဲ ခုန်ကာ ကျောက်ဆောင်ပေါ် တက်လိုက်သည်။

တင်မူးဂါး မျက်မှောင်ကြုတ်သွားသည်။

မိမိ စိတ်စောကာ အလောတကြီး လုပ်မိကြောင်း ယောက်စွမ်းကိ နားလည်လိုက်သည်။ မိမိအပြစ်ကို ဖုံးကွယ်သည့်အနေဖြင့် ခပ်မြန်မြန် ပြောလိုက်ရသည်။

"ခေါင်းဆောင် သိုင်းသမားကြီး ကြွပါ"

ခရီးဦးကြိုဆို လမ်းပြပေးသည့်သဘောမျိုး ဖြစ်အောင် လုပ်လိုက်နိုင်သောကြောင့် တင်မူးဂါးလည်း ဘာမျှမပြောတော့ဘဲ ကျောက်ဆောင်ပေါ် ဟန်ပါပါ လှမ်းတက်သည်။ ကျန် ချိတန်းသိုင်းသမားကြီး နှစ်ယောက်လည်း နောက်မှ ထက်ကြပ်မကွာ လိုက်ပါခဲ့ကြသည်။

ကျောက်ဆောင်ပေါ်တွင် လိုဏ်ဂူအဝ မရှိပါ။

သူလျှို သိန်းငှက်၏ သတင်းပေးချက်အရ ကျောက်ဆောင်ထိပ်တွင် ဂူထဲသို့ ဆင်းနိုင်သည့်အပေါက်ရှိကြောင်း သိထားသော တင်မူးဂါးသည် ကျောက်ဆောင်ထိပ်သို့ တစ်ခါတည်း လျှောက်လှမ်းတက်သွားသည်။

ခရီးဦးကြိုဆိုမှု သဘောအရဆိုလျှင် ယောက်စွမ်းကိက လိုဏ်ဂူထဲသို့ အရောက် လမ်းပြခေါ်သွားရမည်ဖြစ်သည်။ သို့သော် ယောက်စွမ်းကိမှာ လိုဏ်ဂူထဲသို့ ဝင်နိုင်သည့် လမ်းကြောင်းကို လုံးဝမသိ။ သည်တော့ တင်မူးဂါး၏နောက်မှ ခင်ယို့ယို့လေးသာ လိုက်ပါသွားရသည်။



ကျောက်ဆောင် ထိပ်တွင် အတော်ကျယ်သည့် အက်ကြောင်း အပေါက်တစ်ခု ရှိနေသည်။ တင်မူးဂါးသည် ထိုအပေါက်မှနေ၍ လိုဏ်ဂူထဲသို့ ဝင်ဆင်းသွားသည်။

ထိုအပေါက်ဝနှင့် လိုဏ်ဂူကြမ်းပြင်သည် အတော်ကွာလှမ်းသည်။ ကြိုးရှည်တစ်ချောင်းတွဲလဲချ၍ ခိုတွဲဆင်းသွားလျှင် အဆင်အပြေဆုံး ဖြစ်သည်။

တင်မူးဂါးတို့က တမင်ပင် ကြိုးခွေယူမလာကြ။ သိုင်းပညာစွမ်းပြသည့်အနေဖြင့် လက်လွတ်ပင်ဆင်းသည်။ အက်ကွဲကြောင်း အပေါက်၏ဘေးဘက်နံရံများကို လက်ခြေတို့ဖြင့် ကန်ကျောက် ကုတ်တွယ် အားပြုပြီး ဆင်းခြင်းဖြစ်သည်။

ကိုယ်ဖော့ပညာကို သုံးကာ ဟန်ချက်မိမိ ဆင်းသွားရာ တိုတောင်းလှသော အချိန်ကလေးအတွင်းမှာပင် တင်မူးဂါး လိုဏ်ဂူကြမ်းပြင်ပေါ် ခြေချရပ်မိသည်။ သူ၏လက်ရုံး ချိတန်းသိုင်းသမားကြီး နှစ်ယောက်လည်း တင်မူးဂါးနှင့် ရှေ့ဆင့်နောက်ဆင့်ဆိုသလို ဆင်းသွားကြသည်။

ယောက်စွမ်းကိသည် တင်မူးဂါးနှင့် လက်ရုံးသိုင်းသမားကြီး (၂)ယောက်တို့ထက် သိုင်းပညာ အဆင့်နိမ့်သည်။ ကိုယ်ဖော့ပညာတွင်လည်း သူတို့ကို မမီပါ။

သို့ရာတွင် ကြေးစား သူလျှိုတစ်ယောက် ဖြစ်သည့်အတိုင်း သူတစ်ပါး မတွေ့မမြင်ရအောင် မျက်ကွယ်နေရာတွင် တွယ်ကပ် ချောင်းမြောင်းမှုများတွင် ကျင့်သားရနေ

ပေရာ တင်မူးဂါးတို့နောက်မှ ကုတ်ကပ် ဆင်းလိုက်သွားနိုင်သည်။

တင်းမူးဂါးတို့လောက်တော့ လျင်မြန် သွက်လက်ခြင်းမရှိသော်လည်း မြန်သင့်သလောက်တော့ မြန်သည်။

* * *

လိုဏ်ဂူထဲသို့ ယောက်စွမ်းကို ရောက်သွားသောအခါ သူ၏ စိတ်အာရုံကို ဆွဲဆောင် လိုက်သည်မှာ အစုလိုက် အပုံလိုက် ရှိနေသော ရတနာပစ္စည်းပုံကြီး ဖြစ်သည်။ ပင့်ကူနက် ယောက်စွမ်းကို၏ မျက်လုံးများသည် လိုချင်လောဘစိတ်ဖြင့် အရောင်တလက်လက်ပင် တောက်လာသည်။

ထိုအချိန်တွင် လိုဏ်ဂူထဲသို့ ရောက်နှင့်ပြီးကြသော တင်မူးဂါးတို့ သုံးယောက်သည် အရိပ်မဲ့ မှော်သိုင်းကျမ်း ရေးသားထားသော ကျောက်ပြားချပ်များ ရှေ့တွင် ရပ်ကာ စဉ်းစား တွေးတောနေကြသည်။

ထို့ကြောင့် ရတနာပစ္စည်းများကို ယောက်စွမ်းကို လိုချင် တပ်မက်သည့် အမူအရာကိုသတိမပြုမိကြပေ။ ယောက်စွမ်းကိုကလည်း မိမိ၏ မျက်နှာ ပျက်သွားသည်ကို သိကာ ချက်ချင်းပင် အမူအရာပြင်လိုက်သည်။

တင်မူးဂါးတို့ အနားသို့ ခပ်သုတ်သုတ် သွားရပ်သည်။ ယောက်စွမ်းကိုသည် စာရေးဆရာ ဖတ်ဆတ်ရုံသာရှိသည်။



အရိပ်မဲ့ မှော်သိုင်းကျမ်းနှင့် ပတ်သက်၍ ရှေးဟောင်းစာများဖြင့် ရေးသားရှင်းလင်းပြထားသည်တို့ကို မဖတ်တတ်။ ဘာမှန်းမသိ။

သို့သော်—

တင်မူးဂါးတို့၏ အမူအရာ အသွင်အပြင်တို့ ကြည့်ကာ လိုအပ်ချက်ရှိ၍ အခက်တွေ့နေကြောင်းတို့တော့ အကဲခတ်မိသည်။

“မဟူရာ ကမာခွံ၊ ငါးမျက်လုံး ပုလဲနဲ့ ကြိုးကြာဖြူဂမုန်းဥဆိုတာတွေကို ခင်ဗျားသိသလား”

တင်မူးဂါးက ယောက်စွမ်းကိုကို လှည့်မကြည့်ဘဲ မေးသည်။

“ဟာ....သိတာပေါ့၊ ငါးမျက်လုံးပုလဲက တုကူးချင်းချင်း ဆီမှာရှိတယ်၊ ကြိုးကြာဖြူဂမုန်းဥက ငါးပျံမှာအန်နားဆီမှာ၊ မဟူရာကမာခွံကတော့ ကျောင်းဖန်းယောင်ရဲ့ ပစ္စည်းပဲ”

ယောက်စွမ်းကိုက ပြန်ဖြေသည်။

ပင်လယ်ဂေဟာတွင် ငါးမျက်လုံးပုလဲ ရှိကြောင်းတို့ ယန်ဖူးမြို့မှ သိုင်းသမားအများစု သိထားကြသည်။ တင်မူးဂါးတို့သည် ယန်ဖူးမြို့ကို ယခုမှ ရောက်လာကြလျက် အလုပ်ရှုပ်နေကြသည့်အတွက်သာ ထိုသတင်းတို့ မကြားသိကြသေးခြင်းဖြစ်သည်။

ကြိုးကြာဖြူဂမုန်းဥကတော့ ငါးမျက်လုံးပုလဲလောက် လူသိမများ။ ကြိုးကြာဂိုဏ်းကို ကျားဘုရင်ဂိုဏ်းက တိုက်

ခိုက် သုတ်သင်ရာတွင် ယောက်စွမ်းကိသည် သူလျှိုသတင်းပေးအဖြစ် ပါဝင်ခဲ့သည့်အတွက် ကြိုးကြာဖြူ ဂမုန်းဥ အကြောင်း သိထားသည်။

မဟာရာကမာခွ ဆိုသည်ကိုတော့ တင်မူးဂါးမေးမှသာ ယောက်စွမ်းကို ကြားဖူးသည်။

သို့ရာတွင် လှစ်နေအောင် အကင်းပါးသော သူလျှိုတစ်ယောက်မို့ တွေ့မြင်ကြားသိရမှုများပေါ်တွင် မူတည်ကာ ကျောင်းဖန်းယောင်ထံတွင်ရှိနေမည်ဟု တွက်၍ပြောချလိုက်ခြင်း ဖြစ်သည်။

ဤမှန်းဆချက် လွဲသွားဦးတော့ ကျောင်းဖန်းယောင်မှာ ချီတန်း သိုင်းသမားများနှင့် ပြဿနာ တက်ရတော့မည်မို့ ကျောင်းဖန်းယောင်အပေါ် အသိအမြင် မကြည်သော ယောက်စွမ်းကိအတွက် အရှုံးမရှိပေ။

တင်မူးဂါးသည် ခေတ္တငြိမ်ကာ စဉ်းစားသည်။

"ပြန်ကြမယ်"

ထို့နောက် တိုတိုပြတ်ပြတ် ပြောသည်။

ဂူခေါင်မိုးရှိ အပေါက်ဘက်နေရာကို ခပ်သွက်သွက် သွားသည်။

ယောက်စွမ်းကိကတော့ လိုဏ်ဂူမှပြန်မထွက်လို။ ရတနာပစ္စည်းများနှင့် သိုင်းကျမ်းတို့ကို ရယူနိုင်မည့် နည်းလမ်းရှာဖွေနိုင်ရေးအတွက် စူးစမ်းလေ့လာမှုများ ပြုလုပ်လိုသည်။



သို့သော် တင်မူးဂါးက ပြန်ရန်ပြောပြီးပြီမို့ ယောက်စွမ်းကိလည်း နောက်ချန်ကာနေ၍မဖြစ်။ အမူအရာမပျက်ရအောင် ထိန်းသိမ်းလျက် တင်မူးဂါးတို့နှင့်အတူ လိုက်ပါသွားရလေတော့သည်။

"တုကျိုနဲ့ ကျန်းဆာတို့ အရင်တက်သွားကြ"

တင်မူးဂါးက အမိန့်ပေးသည်။

ချီတန်း သိုင်းသမားကြီး နှစ်ယောက် ခပ်သွက်သွက် တွယ်ကပ်တက်သွားကြသည်။

မိမိတစ်ယောက်တည်း အရင်မတက်စေလိုသောကြောင့် ဖြစ်ကြောင်း ယောက်စွမ်းကိ ရိပ်မိသော်လည်း ဘာမျှ မစဉ်းစားမိသလို အသာငြိမ်၍ ရပ်နေလိုက်သည်။

"ရော့....ဒီအိတ်ထဲကို ခင်ဗျားကြိုက်တဲ့ရတနာပစ္စည်း အပြည့် သွားထည့်ယူလာခဲ့"

တင်မူးဂါးက ယောက်စွမ်းကိထံ အိတ်လွတ်တစ်ခုထုတ်ပေးပြီး ပြောသည်။

ဘယ်လိုမျှ မျှော်လင့်မထားသော အဖြစ်မို့ ယောက်စွမ်းကိ အံ့ဩသွားသည်။ တင်မူးဂါးကို တအံ့တဩကြည့်မိသည်။

"ဘာကြည့်နေတာလဲ၊ ခင်ဗျားကြိုက်တဲ့ ရတနာတွေရွေးပြီး ဒီအိတ်ထဲ အပြည့်အသိပ်ထည့်လေ၊ အဲ...အိတ်ပိတ်ကြိုးစည်းလို့မရအောင် အမောက်အလျှံတော့မဖြစ်စေနဲ့"

တင်မူးဂါးက ထပ်ပြောသည်။

သည်တော့မှ ယောက်စွမ်းကိမှာ ငေးကြောင်သလိုရှိနေရာမှ အသိပြန်ဝင်လာ တင်မူးဂါး ကမ်းပေးသောအိတ်ကို ရတနာပစ္စည်းများ စုပုံနေရာသို့ အပြေးသွားသည်။ အရွယ်အစား သေးသော်လည်း တန်ဖိုးကြီးသည့် စိန်ကောင်းကျောက်ကောင်း၊ ရွှေတုံးရွှေခဲများကို ရွေးကာ အိတ်အပြည့်ထည့်သည်။

ပြည့်သိပ်အောင် ထည့်ပြီးနောက် အိတ်ပိတ်ကြိုးစည်းကာ တင်မူးဂါးရှိရာသို့ ပြန်လာခဲ့သည်။

"ဒီနေ့ ခင်ဗျားမြင်ခဲ့တွေ့ခဲ့တာတွေကို မပေါက်ကြားစေနဲ့၊ ဒီနေရာကို မရောက်ခဲ့ဘူးလို့သာ သဘောထား၊ ကျုပ်တို့ လုပ်စရာရှိတာတွေ ပြည့်စုံအောင်လုပ်ပြီးရင် ဒီရတနာအိတ်ကို ခင်ဗျားလက်အပ်မယ်"

တင်မူးဂါးက ယောက်စွမ်းကိ၏ လက်ထဲမှ ရတနာပစ္စည်းများ အပြည့်အသိပ်ထည့်ထားသော အိတ်ကိုလှမ်းယူလိုက်သည်။ ကြေးစားသူလျှိုတစ်ယောက် လုပ်လာသော ယောက်စွမ်းကိသည် တင်မူးဂါး၏သဘောကို နားလည်သည်။ အိတ်ကို လက်ထဲမှ မချချင်သော်လည်း တင်မူးဂါး ယူသည်ကို မငြင်းဆန်နိုင်ပေ။ ပေးလိုက်ရသည်။

"ကဲ....တက်သွားပေတော့"

ရတနာအိတ်ကိုယူပြီးနောက် တင်မူးဂါးကပြောသည်။ ယောက်စွမ်းကိလည်း လိုဏ်ဂူအမိုးပေါက်မှ တွယ်ကပ်ကာ တက်သွားရလေတော့သည်။



ရှေးဟောင်း ချိတန်းခေါ်ပြဂိုဏ်းကြီး၏ ရတနာသိုက်ကို ရှာဖွေတွေ့ရှိပြီမို့ သိမ်းငှက်ရာဇာ တင်မူးဂါး၏အထူးတာဝန် ကျေပွန်သွားပြီဟု ဆိုရပေမည်။ ရတနာပစ္စည်းများကို ဆယ်ထုတ်ရယူရန်သာ ရှိတော့သည်။

အရိပ်မဲ့မှော်သိုင်းပညာ ရရှိရေးအတွက်တော့ လုပ်စရာလေးတွေ ရှိသေးသည်။

ငါးမျက်လုံးပုလဲ၊ မဟူရာကမာခွံနှင့် ကြိုးကြာဖြူမှုန့်ဥ ဆိုတာတွေကို အရ လိုက်ရှာယူဖို့ တင်မူးဂါးက စိတ်မကူး။ အရိပ်မဲ့မှော်သိုင်းကျမ်းကို ဖတ်ရှုသိရှိထားပြီးသော လူတစ်ယောက်ယောက်ကို အရအမိ ချုပ်ကိုင်နိုင်ဖို့သာ စိတ်ကူးရှိသည်။

ကျောင်းဖန်းယောင်က ရှောင်တိမ်းနေသည်။ မာအန်းနားကတော့ ခြေရာလက်ရာပင်ရှာမရ။ သည်တော့ တုကူးချင်းချင်း တစ်ယောက်သာ ရှိတော့သည်။

တုကူးချင်းချင်းသည် အထက်တန်းကျကျ စာတတ် ပေတတ်ဖြစ်ရာ အရိပ်မဲ့မှော်သိုင်းကျမ်းကိုကူးယူထားကောင်းထားနိုင်သည်ဟူပင် တင်မူးဂါးက တွက်သည်။ ထိုတွက်ကိန်း မှန်လျှင် တုကူးချင်းချင်း ကူးယူထားသော သိုင်းကျမ်းစာအုပ်ကို အရယူလိုက်ဖို့သာ ရှိသည်။

ကိုယ့်စိတ်ကူးအစီအစဉ်ကို ကိုယ်သဘောကျကာ တင်မူးဂါး ခေါင်းဆတ်ဆတ်ညိတ်မိလေသည်။

* * *

တုကူးချင်းချင်း အံ့သြတုန်လှုပ်သွားရသည်။

''အို....ဟင်''

ပါးစပ်မှလည်း အာမေဋိတ်သံပြုမိသည်။

မိမိ၏အခန်းထဲသို့အဝင် တံခါးဝနားတွင် ရပ်နေသော ကျောင်းဖန်းယောင်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသောကြောင့် အံ့သြစိတ်လှုပ်ရှားသွားရခြင်းဖြစ်သည်။

''တို့ပါ ချင်းချင်းရဲ့''

ကျောင်းဖန်းယောင်က တီးတိုးအသံပြုသည်။

''ဩော်....အင်း အစ်ကို၊ ဘယ်ကနေ ဘယ်လိုလုပ် ရောက်နေတာလဲ''

တုကူးချင်းချင်းက လှုပ်ရှားနေသောစိတ်ကို ငြိမ်အောင် ထိန်းပြီး ပြန်ပြောသည်။

''တို့ ဒီနေရာဝန်းကျင်မှာ နေလို့ မဖြစ်တော့ဘူး၊ အန္တရာယ်တွေသိပ်များနေတယ်၊ အဲဒါ အဝေးကို ရှောင်တိမ်းသွားတော့မလို့၊ ညီမကိုလာခေါ်တာ၊ ညီမလဲ ဒီမြို့ပေါ်မှာဆက်နေရင် အန္တရာယ်တွေ့နိုင်တယ်၊ တို့နဲ့အတူ လိုက်ခဲ့ပါလား''

ကျောင်းဖန်းယောင်သည် တောလည်ကျားရိုင်း တန်ခက်ဟင်းကို ဘယ်လိုမှ မျက်ခြည်ပြတ်အောင်လုပ်၍မရတော့သည့်အတွက် တုကူးချင်းချင်းကိုလာတွေ့ခြင်းဖြစ်သည်။

လိုက်ရန်ခေါ်၍ ရလျှင်လည်း အတူ ခေါ်သွားမည်။ မလိုက်လျှင်တော့ တုကူးချင်းချင်းကို လာနှုတ်ဆက်သည့်သဘောဖြစ်ပေမည်။



တုကူးချင်းချင်းကလည်း အန္တရာယ်အခြေအနေ ပေါ်လာလျှင် ယန်ဖူးမြို့လေးမှ ရှောင်တိမ်းထွက်သွားရန် စိတ်ကူးထားပြီးဖြစ်သည်။

သို့သော် မိမိအတွက် လတ်တလော အန္တရာယ်ကြုံနိုင်မည့် အခြေအနေအပြောင်းအလဲများ ဖြစ်ပေါ်မလာသေးသည့်အတွက် ကျောင်းဖန်းယောင်ခေါ်သည့်အတိုင်းရှောင်ပြေးဖို့ ယတိပြတ် မဆုံးဖြတ်နိုင်ဘဲရှိနေသည်။

ချက်ချင်း စကားပြန်မပေးဘဲ ချင့်ချိန်စဉ်းစားနေသည်။

ထိုအချိန်မှာပင် ဖင်လယ်ဂေဟာ ဦးစီးမှူးကြီး တုကူးကုန်းမင် အပြေးအလွှားရောက်လာသည်။

''ချီတန်းသိုင်းသမား အကြီးအမှူးကြီး တင်မူးဂါး ဖင်လယ်ဂေဟာဘက်ကို လာနေတယ်၊ နောက်ပါ သိုင်းသမားအင်အားလဲ အတော်စုံလာတယ်၊ လာနေတဲ့ အနေအထားကမသက်သာစရာအပြည့်ပဲ၊ သခင်မလေးကို အန္တရာယ်ပေးတော့မှာ သေချာတယ်''

အရေးကြီးနေသည့်အချိန်အခါမို့ ပင်လယ်ဂေဟာသိုင်းသမားများသည် တစ်ဖက်လူတို့၏ လှုပ်ရှားမှုများကို လျှို့ဝှက်စုံစမ်းနေကြသည်။ ပင်လယ်ဂေဟာဝန်းကျင်တွင်လည်း ကင်းပုန်းများချကာ နေ့ညမပြတ် စောင့်ကြည့်နေကြသည်။

ထို့ကြောင့် တင်မူးဂါးဦးဆောင်သော ချီတန်းသိုင်းသမားများ၏ အန္တရာယ်ပြုလာမည့် လှုပ်ရှားမှုများကို ကြိုတင်တွေ့မြင်ကာ အချိန်မီ သတင်းလာပို့နိုင်သည်။

ဤသတင်းသည် တုကူးချင်းချင်းအား ပြတ်ပြတ်သားသား ဆုံးဖြတ်စေနိုင်ခဲ့သည်။

"ကောင်းပြီ၊ အစ်ကိုနဲ့လိုက်မယ်"

တုကူးချင်းချင်းက ကျောင်းဖန်းယောင်တို့ပြောသည်။ ထို့နောက် အရေးပေါ်ရှောင်တိမ်းရန် တုကူးကုန်းမင်ကို အမိန့်ပေးလိုက်သည်။

ပင်လယ်ဂေဟာ ဦးစီးမှူးကြီး တုကူးကုန်းမင်လည်း အမိန့်ရသည်နှင့် ချက်ချင်းထွက်သွားသည်။ ကြိုတင်ပြင်ဆင်မှုများ စနစ်တကျ ပြည့်ပြည့်စုံစုံ လုပ်ဆောင်ထားပြီးသောကြောင့် ပင်လယ်ဂေဟာမှသိုင်းသမားတို့ အဆင်ပြေစွာ ရှောင်တိမ်းထွက်ခွာကြသည်။

ဘာမျှ ရှုတ်ရှက်သဲသဲမရှိ။

အစစအရာရာ တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်း ရှိသည်။

ပင်လယ်ဂေဟာမှသိုင်းသမားများ စတင် ရှောင်တိမ်းထွက်ခွာချိန်မှာပင် ဂေဟာအဝင်တံခါးမကြီးသို့တင်မူးဂါး ရောက်လာသည်။

သူနှင့်အတူ လက်ရုံး သိုင်းသမားနှစ်ယောက်ဖြစ်သော တုကျိနှင့် ကျန်းဆာ့ ပါရှိလာသည်။

ချိတန်းသိုင်းသမားတပ်ဖွဲ့ တစ်ဖွဲ့ခေါ်လာခဲ့သော်လည်း ပင်လယ်ဂေဟာ အပသို့ တင်မူးဂါးတို့သုံးယောက်သာ အတိအလင်း လူလုံးပြကာ ရောက်လာကြသည်။



ချိတန်းသိုင်းသမားတပ်ဖွဲ့ကနောက်ချန်ကာ တပ်ဖျောက်သလိုနေထားသည်။ တင်မူးဂါး အချက်ပေးသည်နှင့် လှုပ်ရှားဖို့ကတော့ အဆင်သင့်။

ရှောင်တိမ်းထွက်ခွာမှုများ လုပ်နေကြသော်လည်း ပင်မတံခါးကြီးတွင်တော့ အစောင့် သိုင်းသမားသုံးယောက် ဟန်မပျက်ရှိနေသည်။

ဘာမျှ လှုပ်လှုပ်ရှားရှား မရှိသောကြောင့် ပင်လယ်ဂေဟာမှ သိုင်းသမားများ ရှောင်တိမ်း ထွက်ခွာနေကြကြောင်းကို တင်မူးဂါးတို့မရိပ်မိကြ။

ပုံမှန် အခြေအနေအတိုင်းပင်ရှိနေသည်ဟုသာ ထင်နေကြသည်။

ထို့ကြောင့် တုကျိက သိုင်းလောက ထုံးတမ်းစဉ်လာအတိုင်း ပင်လယ်ဂေဟာ သခင်မလေး ရေသူမနတ်မယ် တုကူးချင်းချင်းကို ချိတန်းသိုင်းသမားအကြီးအမှူး သိမ်းငှက်ရာဇာတင်မူးဂါးက တွေ့ဆုံလိုကြောင်း အကြောင်းကြားစာကို အစောင့်သိုင်းသမား ခေါင်းဆောင်လက်သို့ ပေးအပ်လိုက်သည်။

အစောင့်သိုင်းသမား ခေါင်းဆောင်ကလည်း ဣန္ဒြေမပျက် အကြောင်းကြားစာကို လက်ခံယူကာ ပင်လယ်ဂေဟာထဲသို့ ဝင်သွားသည်။

တင်မူးဂါးတို့သုံးယောက်လည်း ခပ်ဟဟဖွင့်ထားသော ပင်မ တံခါးချပ်ကြီးနားတွင် ရပ်ကာ စောင့်ကျန်နေကြရ

သည်။ ခပ်ဟဟဖြစ်နေသည့် တံခါးချက်ကြီးနှစ်ချပ်ကြားမှ မသိမသာတော့ လှမ်းအကဲခတ်ကြည့်ကြသေးသည်။

ပင်လယ်ဂေဟာထဲတွင် ဘာမျှမထူးခြား။

* * *

အစောင့်သိုင်းသမား ခေါင်းဆောင် ပြန်ထွက်လာ၏။ အသိပေး အကြောင်းကြားရန် ကြာမြင့်သင့်သည့် အချိန်ထက် ပိုလည်းမကြာ၊ ပိုလည်းမမြန် ပုံမှန်ဖြစ်ရာ တင်မူးဂါးတို့မှာ သံသယဖြစ်ဖို့ ခက်နေသည်။

သူတို့၏ စိတ်ထဲတွင်တော့ တစ်ခုခု ထူးခြားသလို ခံစားနေရသည်။ သည်လိုခံစားမှုမျိုး ရှိလာလျှင် ထူးခြားသည့် အခြေအနေ အပြောင်းအလဲကြီးတစ်ခုခု ပေါ်ပေါက်တတ်ကြောင်း သူတို့၏ ရင့်ကျက်နေသော အတွေ့အကြုံအရ သိနေကြသည်။

သို့သော် ပင်လယ် ဂေဟာတွင် ဘာ ထူးခြားချက်မျှ မတွေ့ရ၊ ဘာသံသယဖြစ်စရာမျှလည်း မရှိသောကြောင့် အတွေးရခက်နေကြသည်။

"ဂေဟာရှင် ဆံခင်မလေးက ဧည့်သည်တော်တွေကို ဧည့်ခန်းဆောင်ထဲမှာ တွေ့ဆုံပါလိမ့်မယ်၊ ဧည့်သည်တော်ကြီးများ ကြွကြပါ"



အစောင့်သိုင်းသမား ခေါင်းဆောင်က ဦးညွတ်ကာ လမ်းပြကြိုဆိုမှု ဂါရဝပြုသည်။

တင်မူးဂါးတို့သည် စိတ်ထဲတွင် ထင့်သလို ဖြစ်နေကြသော်လည်း တစ်ဖက်က လမ်းညွှန်ဂါရဝ ပြုနေပြီမို့ ပွင့်သွားပြီဖြစ်သော တံခါးပေါက်ကြီးမှ လျှောက်လှမ်းဝင်လိုက်ကြရသည်။

အစောင့်သိုင်းသမားခေါင်းဆောင်လည်း နောက်ပါးမှ အတူလိုက်ဝင်သွားသည်။

သူတို့ဝင်သွားကြပြီးသောအခါကျန်နေခဲ့သည့်အစောင့်သိုင်းသမားနှစ်ယောက်က ပင်မတံခါးကြီးတို့ပြန်ပိတ်လိုက်ကြသည်။ ပြီးတော့ တံခါးမကြီး ဘေးတစ်ဖက်တစ်ချက်တွင် မားမားမတ်မတ် ရပ်လိုက်ကြသည်။

တပ်ဖျောက်ထားသော ချိတန်းသိုင်းသမား တပ်ဖွဲ့၏ တပ်မှူးသိုင်းသမားက ပင်လယ်ဂေဟာ ပင်မတံခါးပေါက်ကြီးကို လှမ်းအကဲခတ်ကြည့်နေသည်။ သိုင်းမိသားစုဂေဟာတို့၏ ဧည့်ကြိုမှု ထုံးတမ်းစဉ်လာများအတိုင်း ရှိနေသောကြောင့် စိတ်ချသွားသည်။

သို့သော် သိမ်းငှက်ရာဇာတင်မူးဂါး ကြိုတင် မှာကြားထားခဲ့ချက်အတိုင်း ကိုယ်ဖော့ပညာကောင်းသည့် ကင်းထောက်သိုင်းသမား ၅-ယောက်ကိုတော့ ပင်လယ်ဂေဟာထဲသို့ တိတ်တဆိတ်ဝင်ရောက်သွားရန် အချက်ပေးလိုက်သည်။

ပင်လယ်ဂေဟာ၏ သိုင်းသမားဝတ်စုံများ ဝတ်ထားသည့် ကင်းထောက်သိုင်းသမား ၅-ယောက် ပြေးထွက်သွားကြသည်။ တစ်ခဏအတွင်းမှာပင် တပ်မှူးသိုင်းသမား၏မြင်ကွင်းမှ ပျောက်ကွယ်သွားသည်။

တပ်မှူးသိုင်းသမားလည်း ခေါင်းတစ်ချက်ဆတ်လိုက်သည်။

ခဏအကြာတွင် တင်မူးဂါးတို့ ကြိုဆိုပို့ပေးသော အစောင့် သိုင်းသမားခေါင်းဆောင် ပြန်ထွက်လာသည်။ ဟန်မပျက် ဆက်လက်စောင့်ကြပ်နေသည်။

ထိုအခိုက် ပင်လယ်ဂေဟာအတွင်းမှ အချက်ပေးသံ တစ်ချက် ဗူးခနဲပေါ်ထွက်လာသည်။

ချိတန်း ကင်းထောက် သိုင်းသမား တစ်ယောက်၏ အန္တရာယ်အချက်ပေးသံဖြစ်သည်။ သည်လို အချက်ပေးသံ ပေါ်လာသည်နှင့် တပ်ဖျောက်ထားသော ချိတန်းသိုင်းသမားတပ်ဖွဲ့သည် ပင်လယ်ဂေဟာထဲသို့ အတင်းတိုးဝင်စီးနင်းတိုက်ခိုက်ကြရမည်ဖြစ်သည်။

အခြေအနေအားလုံး အေးအေးချမ်းချမ်း ရှိသည်ဟု စိတ်ချလက်ချရှိနေချိန်တွင် အချက်ပေးသံ ရုတ်တရက်ပေါ်လာရာ တပ်မှူးသိုင်းသမားမှာ ကြောင်အမ်းအမ်း ဖြစ်သွားသည်။ တပ်ဖွဲ့ဝင်သိုင်းသမားများလည်း အံ့ဩကုန်ကြသည်။



တပ်မှူးသိုင်းသမား သတိပြန်ဝင်ကာ တိုးဝင်တိုက်ခိုက်ရန် အမိန့်ပေးမည်အလုပ်တွင်....

* * *

တုကူးချင်းချင်းက တင်မူးဂါးတို့ကို လက်ခံတွေ့ဆုံခြင်းမှာ ရှောင်တိမ်းထွက်ခွာမှုအတွက် အချိန်ရအောင် ပြုလုပ်ခြင်း ဖြစ်သည်။

ရှောင်တိမ်းမှုများ ပြီးစီးလုလုတွင် ဦးစီးမှူးကြီးတုကူးကုန်းမင်က တုကူးချင်းချင်းထံ လာရောက်ရမည် ဖြစ်၏။ အထွေအထူး အချက်ပြနေစရာပင်မလို။ တုကူးကုန်းမင် ဧည့်ခန်းဆောင်ထဲ ဝင်ရောက်လာသည်နှင့် တုကူးချင်းချင်းက လျှို့ဝှက်စွာ အသင့်ဆောင်ထားသော မီးခိုးပုံးကို ဖောက်ခွဲပစ်ရမည်ဖြစ်သည်။

မီးခိုးပုံးဖောက်ခွဲပြီးနောက် တင်မူးဂါးတို့ကို လက်နက်ပုန်းများနှင့်လှမ်းပစ်ကြပြီး ထိသည်ဖြစ်စေ မထိသည်ဖြစ်စေ တုကူးချင်းချင်းနှင့်တုကူးကုန်းမင်တို့ ရှောင်တိမ်းပြေးထွက်သွားကြဖို့ဖြစ်သည်။

နောက်ဆုံးအနေဖြင့် ဟန်ပြကျန်နေခဲ့သော အစောင့်သိုင်းသမားသုံးယောက်သည်း မီးခိုးပုံးပေါက်ကွဲသံကြားရလျှင် ရှောင်တိမ်းထွက်သွားကြပေလိမ့်မည်။

တင်မူးဂါးတို့က အထောက်အကူ သိုင်းသမားများ ခေါ်ပြီး ပင်လယ်ဂေဟာကို အပြင်ဘက်မှ စောင့်ကြည့်နေနိုင်သည်ကိုလည်း ကြိုတွက်ထားပြီးလေပြီ။ ပင်မတံခါးဝရှိ လူသုံးယောက်မှာ သာမန် အစောင့် သိုင်းသမားများ မဟုတ်ကြ။

ပင်လယ်ဂေဟာ၏ လက်ရွေးစင် သိုင်းအကျော်အမော်များဖြစ်ကြသည်။ တင်မူးဂါးတို့က အထောက်အကူအဖြစ် ခေါ်လာခဲ့သော ချိတန်းသိုင်းသမားတို့ကို အနိုင်မတိုက်နိုင်စေကာမူ လွတ်မြောက်အောင်တော့ ထိုးဖောက်နိုင်စွမ်းရှိကြသည်။

အကယ်၍ ချိတန်းကင်းထောက်သိုင်းသမားများ တိတ်တဆိတ် ဝင်ရောက်လာခြင်းမရှိလျှင် ပင်လယ်ဂေဟာ၏ ရှောင်တိမ်းထွက်ခွာမှု အစီအစဉ်များ အစစအရာရာ အဆင်ပြေ အောင်မြင်သွားပေလိမ့်မည်။

ပင်လယ်ဂေဟာထဲသို့ တစ်ဖက်လူများ တိတ်တဆိတ် ဝင်ရောက်စုံစမ်းလာနိုင်မည့်အချက်ကိုတော့တုကူးချင်းချင်းတို့ ထည့်သွင်းမစဉ်းစားခဲ့ကြပေ။

တကယ်တော့ တိတ်တဆိတ်ဝင်ရောက်စုံစမ်းလာမှုတို့ကိုကာကွယ်တားဆီးရန်အစီအစဉ်များ ဟိုယခင် ကာလကြာရှည်စွာကပင် ပင်လယ်ဂေဟာတွင်ရှိနေခဲ့သည်။ ယခုအခါတွင်မူ ရှောင်တိမ်းထွက်ခွာမှုပြုလုပ်နေရာ အစောင့်သိုင်းသမားများ တစ်ဆင့်ပြီးတစ်ဆင့် ရုပ်သိမ်းနေလေရာ ထို



ကာကွယ်တားဆီးမှု အစီအစဉ်များမှာလည်း အလိုအလျောက်ပင် လျော့ရဲပျက်ပြယ်ကုန်ကြသည်။

ဤသို့ဖြင့် ကိုယ်ဖော့ပညာကောင်းသော ချိတန်းကင်းထောက်သိုင်းသမား ၅-ယောက်တို့ အခက်အခဲ သိပ်မရှိလှဘဲ ပင်လယ်ဂေဟာထဲသို့ဝင်ရောက်နိုင်ကြသည်။ လှုပ်ရှားစုံစမ်းနိုင်ကြသည်။

ပင်လယ်ဂေဟာမှသိုင်းသမားတို့ ရှောင်တိမ်းထွက်ခွာကြမှုကို ချိတန်းကင်းထောက်သိုင်းသမားတစ်ယောက် တွေ့မြင်သွားရာမှ အချက်ပေးသံပြုလိုက်ရာအခြေအနေအားလုံး ပြောင်းဆန်သွားလေတော့သည်။

* * *

တုကူးချင်းချင်းတာ ကောင်းမွန်ယဉ်ကျေးစွာ ဆက်ခံစကားပြောဆိုနေရာ တင်မူးဂါးတို့မှာ ဘယ်လိုမျှ သံသယမဖြစ်။

တင်မူးဂါးတို့က အရိုင်မဲ့မှော်သိုင်းနှင့် ပတ်သတ်၍ သွယ်ဝိုက်ပြောဆို တီးခေါက်မှုများကိုပင် တုကူးချင်းချင်းက လိုက်လျောသဘောတူသလိုလို အဓိပ္ပာယ်မျိုး ကောက်ယူလျှင်လည်းရနိုင်သည့် စကားအသုံးအနှုန်းတို့ဖြင့် လိမ်မာပါးနပ်စွာ တုံ့ပြန်သည်။

တင်မူးဂါးလည်း အတော်ပင်သဘောကျ၍ နေသည်။ မိမိလိုအပ်ဆန္ဒ အေးအေးချမ်းချမ်းနှင့် အဆင်ပြေနိုင်စရာ လမ်းစပေါ်ပြီဟုလည်း တွက်သည်။

ထိုအခိုက် ချိတန်းကင်းထောက် သိုင်းသမား၏ အချက်ပေးသံ ပေါ်လာရာ တုကူးချင်းချင်း တုန်လှုပ်သွားသလို တင်မူးဂါးတို့လည်း အံ့သြကုန်ကြသည်။

အားလုံးအဆင်ပြေ ချောမောနေသည်ဟု တွက်ဆထားပြီးမို့ တိုက်ခိုက်စရာ အကြောင်းမရှိနိုင်တော့ဟု တင်မူးဂါးတို့က ထင်ထားကြရာ အချက်ပေးသံမှာ သူတို့ကို အပိုက်ဖမ်းတိုက်သလို ဖြစ်သည်။

တုကူးချင်းချင်းမှာလည်း ရှောင်တိမ်း ထွက်ခွာမှုများ အပြီးသတ်ခါနီးနေသည်မို့ တုကူးကုန်းမင် ဝင်ရောက်လာတော့မည်ဟု စောင့်လင့်နေသည်။

ရုတ်တရက်တော့ နှစ်ဖက်လုံးဘာလုပ်ရမည်မှန်း မသိဖြစ်ကုန်ကြသည်။

ပြောလက်စ စကားများလည်း ရပ်တန့်သွားကြလေပြီ။

တိုက်ပွဲအတွေ့အကြုံ ပိုရင့်ကျက်သော တင်မူးဂါးက အရင်ဆုံး လှုပ်ရှားသည်။ ထိုင်နေရာမှ ခုန်ထသည်။

ဧည့်ခန်းဆောင်ကြီးထဲတွင် တင်မူးဂါးတို့နှင့် တုကူးချင်းချင်းတို့ နေရာယူကာ ထိုင်နေကြပုံမှာ အိမ်ရှင်နှင့် ဧည့်သည် နေရာယူမှု သာမန်အနေအထားမဟုတ်။

သာမန်ဆိုလျှင် အိမ်ရှင်နှင့် ဧည့်သည်ခေါင်းဆောင်တို့ ဘေးချင်း ယှဉ်ထိုင်ကြကာ အိမ်ရှင်အဖော်နှင့် ဧည့်သည်



အဖော်တို့က ဘေးဘက်တစ်လျှောက် အစဉ်လိုက်ထိုင်ကြရသည်။ တစ်ဦးနှင့်တစ်ဦး အကြားတွင် လက်ဖက်ရည်ကြမ်း ပန်းကန် သည်တို့တင်နိုင်သည့် ခြေတိုရှည် ခုံငယ်လေး တစ်ခုစီ ချထားလေ့ရှိသည်။

ယခု တင်မူးဂါးနှင့် တုကူးချင်းချင်းတို့က မျက်နှာချင်းဆိုင် ထိုင်ကြသည်။ နှစ်ဖက်အကြား ဆယ်ပေသာသာခန့် ကွာလှမ်းသည်။ စားပွဲရှည်တစ်ခုလည်း ချထားသေးသည်။ မီးခိုးဗုံးပစ်ပေါက်ကာ ရှောင်တိမ်းထွက်ရာတွင် လွယ်ကူ အဆင်ပြေရအောင် ယခုလို နေရာယူမှုမျိုး စီစဉ်ခြင်း ဖြစ်သည်။

အိမ်ရှင်နှင့်ဧည့်သည် နေရာယူမှု သာမန်အတိုင်းမဟုတ်ဘဲ ထူးခြားနေသော်လည်း ပျိုမျစ်ငယ်ရွယ်သော တုကူးချင်းချင်းက တစ်ခါမျှမတွေ့ဖူးသေးသော မိမိတို့ကို လက်ခံတွေ့ဆုံရာတွင် သူမ၏ဣန္ဒြေနှင့်ဂုဏ်သိက္ခာကို ထိန်းသိမ်းသည့် အနေဖြင့် စီစဉ်နေရာချထားခြင်း ဖြစ်လိမ့်မည်ဟု တင်မူးဂါးတို့ဘက်က တွေးကြသည်။

နေရာယူမှု အခင်းအကျင်း ထူးခြားချက်အတွက် ဘာမျှ အရေးမလုပ်ကြ။ တုကျိနှင့်ကျန်းဆာ့တို့က ကျေနပ်ပင်နေကြသည်။

သူတို့နှစ်ယောက်သည် တင်မူးဂါး၏ လူယုံ လက်ရုံး သိုင်းသမားကြီးများ ဖြစ်ကြကာ တစ်ဦးနှင့်တစ်ဦး (အတိအလင်း မဟုတ်သည့်တိုင်) ကျိတ်၍ ပြိုင်နေကြသည်။ ဘင်

မူးဂါး၏ အရေးပေးမှုကို သူ့ထက်ငါ ပိုရယူလို့နေကြသည်။

ညွှန့်သည်နှင့်အိမ်ရှင် သာမန်ရောယှက်မှုသဘောအတိုင်း ဆိုလျှင် တင်မူးဂါး၏ဘယ်ဘက် ပထမထိုင်ခုံတွင် ထိုင်ရန် တုကျိုနှင့် ကျန်းဆာ့ဘို့ မသိမသာ ကြိုးစားတာ နေရာဦးကြပေမည်။

တင်မူးဂါးက သူတို့ နှစ်ယောက်ကို တန်းတူရည်တူ သတ်မှတ်ထားသော်လည်း တင်မူးဂါး၏ဘယ်ဘက် ပထမထိုင်ခုံတွင် ထိုင်ရသူက ဒုတိယထိုင်ခုံတွင် ထိုင်ရသူထက် ကြောသလိုလို ရှိနိုင်ပေသည်။

ယခု တုကူးချင်းချင်းတို့ နေရာချပေးမှုတွင်တော့ တုကျိုနှင့် ကျန်းဆာ့တို့ စာစ်ယောက်ထက်တစ်ယောက်ဦးအောင် လုပ်စရာမလို့တော့။ တင်မူးဂါး၏ ဘယ်ဘက်နှင့်ညာဘက်တွင် ဝင်ထိုင်ချလိုက်ရုံသာ ရှိသည်။

* * *

ညွှန့်သည်နှင့် အိမ်ရှင် သာမန်နေရာယူမှုအတိုင်း တုကူးချင်းချင်း၏ဘေးဘက်တွင် ထိုင်ခဲ့ရလျှင် တင်မူးဂါးအနေနှင့် ထိုင်ရာမထပင် တုကူးချင်းချင်းကို တိုက်ခိုက်ဖမ်းချုပ်နိုင်သည်။ ထသည်ဆိုလျှင်လည်း ထပြီးသည်နှင့် ချက်ချင်း လှုပ်ရှား အမိဖမ်းနိုင်သည်။



ယခု နေရာယူမှုတွင်တော့ ထိုင်ရာမထ တိုက်ခိုက်ခြင်း မလုပ်နိုင်။ တရကြမ်းလည်း ချက်ချင်း သိုင်းကွက်ထွက်၍ မရ။

တုကူးချင်းချင်းအနီးသို့ ရောက်အောင် ရွှေ့တိုးရဦးမည်။

တင်မူးဂါးကလည်း တုံ့နှေးနေခြင်း မရှိတော့ပါ။ ထရပ်ပြီးနောက် တုကူးချင်းချင်းရှိရာသို့ လွှားခနဲခုန်ဝင်သည်။ ညာလက်ကိုဆန့်ထုတ်တာ တုကူးချင်းချင်းကို သွေးကြော လှမ်းထိုးပိတ်သည်။

တင်မူးဂါး ထရပ်ရပ်ချင်း လှုပ်ရှားတိုက်ခိုက်လျှင် တုကူးချင်းချင်းမှာ အငိုက်မိမှာအမှန်ပင်။

ထရပ်လိုက်သော တင်မူးဂါး၏ လှုပ်ရှားမှုက တုကူးချင်းချင်း၏ ငေးကြောင်သလို ဖြစ်နေသော စိတ်အစဉ်ကို လှုန့်နှိုးသည်။ ဘာလုပ်ရမည်ကိုလည်း သိသွားသည်။

တုကူးချင်းချင်းသည် ဆတ်ခနဲ ခုန်လွှား ထွက်လိုက်သည်။

ကသောကမျော ရှောင်တိမ်းရသည်မို့ မီးခိုးဗုံးကိုပင် ပစ်ဖောက်ဖို့ အချိန်မရ။

သိသိလေးမှ တကယ့်ကို သိသိကလေး။

တုကူးချင်းချင်း ခုန်ရှောင်ထွက်လိုက်သည့်အချိန်တွင်ပင် တင်မူးဂါး၏ အကြောထိုးပိတ်မှု တိုက်ကွက် ဝင်လာသည်။

ထိုတိုက်ကွက်သည် ဘာမျှမထိရောက်တော့။

တုက္ကူးချင်းချင်း လွတ်အောင်ရှောင်ထွက် သွားနိုင်ခဲ့သည်။

အရိပ်မဲ့ကိုယ်ဖျောက်ပညာက တုက္ကူးချင်းချင်းကို တင်မူးဂါး၏ အကြောထိုးပိတ်တိုက်ကွက်မှလွတ်အောင် ကာကွယ်ပေးလိုက်သည်ဟု ဆိုရမည်။

အခြားကိုယ်ဖျောက်ပညာများသာဆိုလျှင် တင်မူးဂါး၏ အကြောထိုးပိတ်မှုမှ ကပ်၍လွတ်အောင် ရှောင်နိုင်မည် မဟုတ်။ ကံကောင်းလွန်းလှ၍ ပျော့ခွေကြောကို အကုန်ပိတ်မခံရသည့်တိုင် အခြားတစ်နေရာရာကိုတော့ ထိမိမှာ သေချာသည်။

ထိုသို့ထိမိပြီး ကိုယ်ဟန်ပျက်တုံ့နှေးသွားလျှင် တင်မူးဂါးက မိမိရရချုပ်ဖမ်းသွားနိုင်ပေမည်။

အရိပ်မဲ့ ကိုယ်ဖျောက်ပညာ၏လှုပ်ရှားဟန်က သွက်လက်လွန်းလှပေရာ ပထမ သွေးကြောထိုးပိတ်တိုက်ခိုက်မှု လွဲသွား၍ဆပ်ဆင့်တိုက်လာသော ဒုတိယသိုင်းကွက်သည်လည်း သူမကို မထိမိတော့။

တုက္ကူးချင်းချင်းသည် ညှော်ခန်းဆောင် အပြင်သို့ပင် ရောက်သွားလေပြီ။

တင်မူးဂါးမှာ သူမကို အကြောထိုးပိတ်ခြင်း မပြုနိုင်သည့်အပြင် နောက်မှ အမီလိုက်ဖို့လည်း ခက်နေလေပြီ။

"တောက်"

တင်မူးဂါး ခံပြင်းစွာတောက်ခတ်မိသည်။



ထို့နောက် အကြံကောင်းတစ်ချက် ခေါင်းထဲတွင် လက်ခနဲပေါ်လာရာ စိတ်ပျက်လက်ပျက် ဖြစ်နေမှု ရုတ်ခြည်း ပျောက်သွားသည်။

"ငါတို့ အပြင်ပြန်ထွက်ကြမယ်"

ပါးစပ်ကပြောသလို လူကလည်း လျင်မြန်စွာထွက်သွားသည်။

တုကျိန္နင့်ကျန်းဆော့တို့နှစ်ယောက်မှာ ဘာမှန်းညာမှန်း မသိနှင့်ပင် ဆရာဖြစ်သူ၏နောက်မှ ကမန်းကတန်း လိုက်သွားရသည်။

★

## အခန်း (၄)

နောက်ဆုံးအချိန်တွင် အထစ်အငေါ့ အနည်းငယ်ဖြစ်ခဲ့သည့်မှလွဲ၍ ပင်လယ်ဂေဟာ၏ ရှောင်တိမ်းထွက်ခွာမှု အစီအစဉ် ပြီးမြောက်အောင်မြင်သည်။

ခြေရာခံလိုက်မှု မလုပ်နိုင်ရန်လည်း ပင်လယ်ဂေဟာသိုင်းသမားတို့သည် လူစုလေးများခွဲကာ နေရာအနှံ့သို့ ထွက်ခွာကြသည်။

ဘယ်နေရာ၊ ဘယ်အချိန်တွင် ဘယ်လိုပြန်စုစည်းကြမည်ကိုတော့ သူတို့ သိထားကြသည်။

ကျောင်းဖန်းယောင်နှင့်တုကူးချင်းချင်းတို့ကမူ မြင်းဖြူတောင်ခြေသို့ ထွက်လာခဲ့ကြသည်။

မြင်းဖြူတောင်ခြေသည် ယန်ဖူးမြို့လေး၏မြောက်ဘက် ၁၀-မိုင်ခန့်အကွာတွင် တည်ရှိသည်။ ကျောင်းဖန်းယောင်



ကို တန်ခက်ဟင်း အမီလိုက်နိုင်ပြီး ရင်ဆိုင်မိခဲ့သော နောက်ဆုံးနေရာလည်းဖြစ်သည်။

တန်ခက်ဟင်းကို အသေအကျေတိုက်မနေဘဲ အလွတ်ရုန်းရှောင်ထွက်လျက် ယန်ဖူးမြို့လေးသို့ အမြန်သွားကာ တုကူးချင်းချင်းကို တွေ့ခဲ့သည်။

ထို့ကြောင့် ယန်ဖူးမြို့လေးသို့လာခဲ့လည့်လမ်းကြောင်းအတိုင်း ကျောင်းဖန်းယောင်က တုကူးချင်းချင်းကို အတူခေါ်၍ ပြန်ထွက်သွားခြင်းဟုဆိုနိုင်သည်။

အရိပ်မဲ့ကိုယ်ဖျောက်ပညာစွမ်းဖြင့် လွတ်အောင်ထွက်ပြေးနိုင်သော်လည်း တန်ခက်ဟင်းကို ခြေရာဖျောက်နိုင်မည်လို့တော့ ကျောင်းဖန်းယောင်မထင်ပါ။ ယခင်အကြိမ်များကလိုပင် ဇွဲကောင်းကောင်းနှင့် ခြေရာကောက်လိုက်လာဦးမည်ကို သိသည်။

လာရာလမ်းကြောင်းအတိုင်း ပြန်ထွက်ခြင်းဖြင့် တန်ခက်ဟင်းကိုလှည့်စားခြင်းဖြစ်သည်။ အပြည့်အဝမလှည့်စားနိုင်သည့်တိုင် တန်ခက်ဟင်းကို စိတ်ရှုပ်ထွေး အတွေးပွားအောင်တော့ လုပ်နိုင်မှာသေချာသည်။

တုကူးချင်းချင်းကိုအတူခေါ်လာခဲ့ပြီး အဝေးသို့ရှောင်ထွက်သွားတော့မည်ဖြစ်ရာ ယန်ဖူးမြို့လေး အနီးဝန်းကျင်တွင် လှည့်ပတ်ကာ ရှောင်တိမ်းနေစဉ်ကလောက် တန်ခက်ဟင်းအတွက် ခြေရာကောက်နိုင်မည့် အခွင့်အလမ်းမများတော့။

ပင်လယ်ဓားပြ၏ သိုင်းသမားများ၏ အကူအညီများလည်း ရနိုင်မည်မို့ တန်ခက်ဟင်း၏အန္တရာယ်ကို ဖြေရှင်းနိုင်မည်ဟု ကျောင်းဖန်းယောင်ကယုံကြည်သည်။

သို့ရာတွင် မြင်းဖြူတောင်ခြေသွားသည့် လမ်းခရီးတစ်ဝက်လောက် မရောက်မီမှာပင် အတိုက်ခိုက် ခံကြရသည်။

တောလည်ကျားရိုင်း တန်ခက်ဘင်းနှင့် ရင်ဆိုင်ရခြင်းတော့မဟုတ်။

ဘယ်လိုမှ မထင်မှတ်သော ရန်သူက အန္တရာယ်ပြုသောသည်။

* * *

လမ်းက ခရီးသွားလမ်းမဟုတ်။

တောတန်းများ၊ စားကျက်များ၊ လယ်ပြင်ငယ်များကို ဖြတ်ကာသွားသည့်လမ်း။

အချို့နေရာများတွင် လူသွားလမ်း ဖုံဖုံလေးတွေ၊ အချို့နေရာများ ဆိုလျှင်တော့ လည်းလမ်းကြောင်းများ၊ အချို့နေရာများဆိုလျှင် လမ်းရယ်လို့ပင်မရှိ၊ သစ်ပင် ချုံနွယ်များအကြား တောတိုးသလို တိုးသွားရသည်။

လူသူ အရိပ်အယောင်လည်းမရှိ။



ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်းတို့နှစ်ယောက်တည်းသာ။ မြောက်ဘက် နယ်ခြားဒေသ၏ ခြေခင်း လက်ခင်း သာသော ရှေ့ဦးရာသီ ဖြစ်သောကြောင့် ပတ်ဝန်းကျင် တစ်ခိုကလည်း လှပတင့်မောဖွယ်ရာ။

သည်လိုဝန်းကျင် အနေအထား အခြေအနေတွင် နှစ်ယောက် အတူယှဉ်ကာ သွားနေကြသော ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်းတို့မှာ အန္တရာယ်ကိုပင် မေ့ပျောက်သလို ဖြစ်နေသည်။

ရယ်လိုက်၊ မေးလိုက်၊ စကားပြောလိုက်။ ရံဖန်ရံခါ တေးသီချင်းများပင် ဆိုလိုက်နှင့် ပျော်ရွှင်ကြည်နူးနေကြသည်။

ထိုသို့ ကြည်နူးပျော်ရွှင်သလို ရှိနေကြခိုက် မထင်မှတ်သော တိုက်ခိုက်မှုကို ရင်ဆိုင်ကြရသည်။

တိုက်ခိုက်လာသည်က သိမ်းငှက်နှစ်ကောင်။

တုကူးချင်းချင်း ကိုယ်ဖော့ပညာ ကောင်းလှသည်ကို သိသောကြောင့် တင်မူးဂါးသည် ကိုယ်တိုင် မလိုက်တော့ဘဲ သူ လေ့ကျင့်ပေးထားသော တိုက်ခိုက်ရေး သိမ်းငှက်နှစ်ကောင်ကိုသာ စေလွှတ်လိုက်သည်။

တိုက်ခိုက်ရေး သိမ်းငှက် နှစ်ကောင်အတွက် အကူအထောက်သဘောဖြင့် သူ့လျှို သိမ်းငှက်တိုလည်း ထည့်ပေးလိုက်၏။ သူလျှို သိမ်းငှက်က တုကူးချင်းချင်းကို တွေ့အောင်ရှာဖွေရာ၌ လိုအပ်လျှင် ကူညီပေးဖို့ဖြစ်သည်။

သူလျှို သိမ်းငှက်က ပါလာသောကြောင့် တုက္ကူးချင်းချင်းတို့ကို အချိန် တိုတို အတွင်း ရှာတွေ့သည်။ သူလျှို သိမ်းငှက်၏ အချက်ပြမှုဖြင့် တိုက်ခိုက်ရေး သိမ်းငှက် နှစ်ကောင်က ကျောင်းဖန်းယောင်နှင့် တုက္ကူးချင်းချင်းတို့ကို အတင်းဝင် တိုက်ခိုက်ကြသည်။

ကောင်းကင်ထက်မှ သိမ်းငှက်နှစ်ကောင် ရုတ်တရက် ထိုးစိုက် ဆင်းလာကြသည်တွင် ကျောင်းဖန်းယောင်နှင့် တုက္ကူးချင်းချင်းတို့ နှစ်ယောက်မှာ ရုတ်တရက် အံ့အားသင့် သလိုလိုဖြစ်မိကြသေးသည်။

သိမ်းငှက်များ ထိုးဆင်းလာပုံက ပုံမှန်မဟုတ်။ ထိုးသုတ် တိုက်ခိုက်ကြမည့် အသွင်နှင့် မာန်များ ရှိနေသည်ကို အကဲခတ်မိသည့်အတွက် တုံ့ဆိုင်းမနေကြတော့ဘဲ လက်များ ဝှေ့ယမ်းကာ ခြောက်ထုတ်ကြသည်။

သာမန်ရိုးရိုးသိမ်းငှက် ဆိုလျှင်တော့ အားပါပါ လက်ဝှေ့ယမ်း ခြောက်ထုတ်မှုကြောင့် နောက်တွန့် ထွက်ပြေးကြပေလိမ့်မည်။

သည်သိမ်းငှက် နှစ်ကောင်မှာ ဓားသွား၊ လှံသွားများ အကြားတွင် ထိုးသုတ်တိုက်ခိုက်မှု အတွေ့အကြုံ တွေ ကောင်းကောင်း ရှိကြသည့် သေသေချာချာ လေ့ကျင့်သင်ကြားပေးထားသော တိုက်ခိုက်ရေးသိမ်းငှက်များ ဖြစ်ကြသောကြောင့် ကျောင်းဖန်းယောင်တို့၏ ခြောက်ထုတ်မှုကို ဘာမျှအရေးမလုပ်။



အရှိန်ပင်မပျက်ဘဲ ထိုးဆင်းမြဲထိုးဆင်းကာ ချွန်ထက်သော ခြေသည်းများနှင့် ကုတ်ဆွဲတိုက်ခိုက်လာသည်။

ကျောင်းဖန်းယောင်နှင့် တုက္ကူးချင်းချင်းတို့ ကမန်းကတန်း ရှောင်ကြ တိမ်းကြရသည်။ အရိပ်မဲ့ ကိုယ်ဖော့ပညာဖြင့် လျင်မြန်စွာရှောင်လိုက်ကြရာ လူကို အထိမခံရသော်လည်း အဝတ်အစား၏ နေရာအချို့ ကုတ်ဆွဲမိလျက် စုတ်ပြတ်ထွက်ကုန်သည်။

ခြေသည်းများဖြင့် ကုတ်ဆွဲမှုအပြင် တောင်ပံရိုက်ခတ်မှု၊ နှုတ်သီးဖြင့် ထိုးဆိတ်မှုတို့ပါ ဆက်တိုက်ဝင်လာသည်။ ရိုက်ပုတ် ထိုးဆိတ်မှုများသည်လည်း သိုင်းဟန် အပြည့်ပါပြီး အကွက်စိပ်သည်။ စနစ်ကျသည်။

ကျောင်းဖန်းယောင်တို့ မပေါ့ဆရဲကြတော့။

ဓားရှည်ကိုယ်စီ ထုတ်ယူကိုင်စွဲလိုက်ကြရသည်။

တိရစ္ဆာန်ဖြစ်သော သိမ်းငှက်များနှင့် ရင်ဆိုင်ရာတွင် လက်နက် ထုတ်သုံးရသောကြောင့် လိပ်ပြာ မလုံသလိုလိုတော့ ဖြစ်ကြသည်။ ထို့ကြောင့် အဆင့်မြင့်ဓားကွက်များကို မထုတ်။ သာမန်ရိုးရိုး ဓားကွက်များနှင့်သာ တိုက်ခိုက်ကြသည်။

ညှာတာမှုတွေလည်း ရှိနေသည်။ မိန်းမသားဖြစ်သော တုက္ကူးချင်းချင်းက ပိုသက်ညှာသည်။

သိမ်းငှက်နှစ်ကောင်ကတော့ နည်းနည်းကလေးမျှပင် မသက်ညှာ။ သိမ်းငှက်ရာဇာ တင်မူးဂါး လေ့ကျင့်သင်ကြားပေးထားသည့် တိုက်ကွက်များနှင့် အတင်းထိုးသုတ်

တိုက်ခိုက်ကြသည်။ တုကျူးချင်းချင်း၏ညာလက်ပြင် အကုတ်အဆွဲခံရသည်။ ညာဘက်ပခုံးကောက်ဝတ်လည်း သိမ်းငှက် တောင်ပံခတ်ချက် အသိခံရသည်။

သိမ်းငှက်ဖြစ်သော်လည်း လက်ကောက်ဝတ်မသွေးကြော ကွက်ပေါ် မိမိရရရိုက်ခတ်လိုက်မှုကြောင့်တုကျူးချင်းချင်း၏ ညာလက်ထဲရှိဓားရှည် လွတ်ထွက်သည်။ ကုတ်ဆွဲခံရသည့် ဒဏ်ကလည်း အတော်ပြင်းသည်။

"အား..."

တုကျူးချင်းချင်း အော်လိုက်မိသည်။

အော်သံကြောင့် ကျောင်းဖန်းယောင် လှမ်းကြည့်သည်။ သွေးအလိမ်းလိမ်းဖြစ်နေသော တုကျူးချင်းချင်းကို တွေ့ရသောအခါ အရမ်းစိုးရိမ်သွားသည်။ သူမထံသို့ ပြေးသွားမည်အပြု သူ့ညာဘက်ပေါင်တွင် သိမ်းငှက်၏တိုက်ခိုက်မှု ခံရသည်။

သွေးကြောကွက် နေရာပေါ် ကုတ်ဆွဲလိုက်မှုကြောင့် အသားများ စုတ်ပြတ်ထွက်သွားမှုနှင့်အတူ ညာခြေထောက် တစ်ခုလုံး အကြောဆိုင်းသွားသည်။ တစောင်း လဲပြိုကျသွားသည်။

ကျောင်းဖန်းယောင်ရောတုကျူးချင်းချင်းတို့နှစ်ယောက်လုံး ဒဏ်ရာဘွေ့ရကုန်ကြပြီ။ တိရစ္ဆာန်များမို့ ပေါ့ဆညှာတာခဲ့မှုက သူတို့ကို အန္တရာယ်ကြုံရစေပြီ။

သိမ်းငှက်နှစ်ကောင်ကတော့ ပွဲသိမ်းတိုက်ခိုက်မှုလုပ်ရန် တစ်ချက်ဝဲပျံပြီး ထိုးစိုက်ဆင်းလာကြသည်။ ကျောင်းဖန်း



ယောင်နှင့်တုကျူးချင်းချင်းပဲ့ထိထိမိမိတုံ့ပြန်ကာကွယ်ခြင်း မပြုနိုင်ကြတော့။

ကျောင်းဖန်းယောင်ထံသို့ ထိုးဆင်းလာသော သိမ်းငှက်က မျက်နှာကို ခြေသည်းဖြင့် လှမ်းကုတ်ဆွဲသည်။ ကျောင်းဖန်းယောင်လဲကျနေရာမှ ခေါင်းကိုအသာတိမ်း၍ ဘယ်သက်မေ့ာင်းကိုပင့်လျှော် မျက်နှာရှေ့ ဖြတ်ကာလိုက်ရသည်။

သိမ်းငှက်၏ခြေသည်းတို့က လက်မောင်းသားကို ကုတ်ဆွဲဖဲ့ထုတ်ယူသွားသည်။ ဘယ်သက်မောင်း တစ်ခုလုံး မီးပြင်းပြင်း အကင်ခံရသလို ပူလောင်သည်။ အရမ်းနာကျင်သည်။

သိမ်းငှက်နှုတ်သီးက ကျောင်းဖန်းယောင်ဆည်မျိုကို လှမ်းထိုးဆိတ်ပေါက်ချသည်။

* * *

"ဝှစ်...ဖောက်"

အသံသဲ့သဲ့ထွက်ပေါ်လာသည်။

သိမ်းငှက် တစ်ပတ်လည်ထွက်သွားသည်။ မြေကြီးပေါ် ပြုတ်ကျသည်။

တုကူးချင်းချင်းကို တိုက်ခိုက်နေသော သိမ်းငှက်မှာလည်း မလှုပ်ရှားနိုင်တော့။ မြေကြီးပေါ်တွင် တောင်ပံကြီး ကားကာ အသက်ပျောက်နေလေပြီ။

ဘယ်လိုက ဘယ်လို ဖြစ်သွားသည်ကို ကျောင်းဖန်းယောင်ရော တုကူးချင်းချင်းပါ မသိကြ။

အပျက်အပျက်နှင့် နှာခေါင်းသွေးထွက် ဆိုသလို ပြောလို့မှ မယုံနိုင်စဖွယ် သိမ်းငှက်နှစ်ကောင်၏ ရန်ပြု တိုက်ခိုက်မှု အောက်တွင် အသက်ပျောက်ရတော့မည့် အဖြစ်မှ ကင်းဝေးရသည့် အတွက်တော့ ဝမ်းသာသည်။

ထိုအချိန်မှာပင် မလှမ်းမကမ်းရှိ ချုံနွယ်များအကြားမှ လူတစ်ယောက် လျှောက်လှမ်းထွက်လာသည်။

တောလည်ကျားရိုင်း တန်ခက်ဟင်းဖြစ်ကြောင်း တွေ့ရသောအခါ ကျောင်းဖန်းယောင်မှာ ပျော်ရွှင်နေသော စိတ်ပင် ရုတ်ခြည်းပျောက်သည်။

သည်လူကြီးက ပြဿနာ ကောင်းကောင်း ပေးနိုင်ကြောင်း ကျောင်းဖန်းယောင်သိသည်။ ယခု တုကူးချင်းချင်း ပါရှိနေပေရာ ပို၍ စိုးရိမ်စရာဖြစ်သည်။ ဒဏ်ရာတွေ ရနေကြသည်မို့ ယခင်အကြိမ်များကလို အရိပ်မဲ့ကိုယ်ဖော့ ပညာစွမ်းကို အားကိုးပြု၍ အလွတ်ရုန်းထွက်ပြေး၍လည်း ရနိုင်တော့မည် မဟုတ်တော့။

ကျောင်းဖန်းယောင်သည် တုကူးချင်းချင်းကို တွေ့လို စိတ်ဖြင့် ယခင် အကြိမ်များကလို စေ့ဝိုက်သွားနေမှုတွေ မလုပ်ဘဲ ယန်ဖူးမြို့လေးသို့ တည့်တည့်မတ်မတ် ဆိုသလို



တန်း၍ဝင်လာခဲ့ရာ တန်ခက်ဟင်းအတွက် ခြေရာကောက် နောက်ယောင်ခံ လိုက်ရာတွင် ခါတိုင်းထက် လွယ်ကူ အဆင်ပြေကာ လျင်လျင်မြန်မြန် လိုက်လာနိုင်ခဲ့သည်။

ဤသို့ဖြင့် အကြောင်း တိုက်ဆိုင်စွာ ကျောင်းဖန်းယောင်နှင့်တုကူးချင်းချင်းတို့အား တင်မူးဂါး၏ တိုက်ခိုက်ရေး သိမ်းငှက်နှစ်ကောင် ဝိုင်း၍ တိုက်ခိုက်ရန်ပြုကြသည့် အချိန်နှင့် အချိန်ကိုက်ဆိုသလို သည်နေရာသို့ ရောက်လာခဲ့သည်။

တန်ခက်ဟင်းသည်အတွေ့အကြုံများလှပေရာ လေ့ကျင့်မွေးမြူထားသော တိုက်ခိုက်ရေး တိရစ္ဆာန်များ တိုက်ပွဲဝင်ကြသည်ကို တွေ့ဖူးမြင်ဖူးသည်။ သို့သော် ယခု ကျောင်းဖန်းယောင်တို့ကို ရန်ပြုနေသည့် သိမ်းငှက်များလောက် အတိုက်အခိုက် ကျွမ်းကျင်အဆင့်မြင့်သည်ကိုတော့ မတွေ့ဖူးသေးပေ။

အရိပ်မဲ့မှော်သိုင်း တတ်မြောက်ထားသည့် ကျောင်းဖန်းယောင်တို့ဘက်မှ အနိုင်ရလိမ့်မည်ဟုတော့ တွက်ခဲ့၏။ ကျောင်းဖန်းယောင်တို့က သာမန် တိုက်ကွက် များသာ ဖော်ထုတ်ပြီး သက်သက်ညှာညှာ တိုက်ခိုက်နေရာ ပေါ့ပေါ့ဆဆ လုပ်သလိုမျိုးမို့ တန်ခက်ဟင်းသည် ကြားထဲမှ အားမလို အားမရ ဖြစ်နေခဲ့သည်။

နောက်ဆုံး ကျောင်းဖန်းယောင်တို့ ထိခိုက်ကြတော့မည့် အခြေအနေသို့ ဆိုက်လာသောအခါ ကြည့်မနေသာ

ဘဲ သိမ်းငှက်များကို လက်နက်ပုန်းဖြင့် လှမ်းပစ်သုတ်သင်ပစ်ခဲ့သည်။

ကျောင်းဖန်းယောင်တို့ကိုကူညီပေးချင်လို့တော့မဟုတ်။

သိမ်းငှက်၏ လက်ချက်ဖြင့် ကျောင်းဖန်းယောင်တို့ ထိခိုက် သေကျေသွားပါက အရိပ်မဲ့ မှော်သိုင်း လည်း လမ်းစပျောက်သွားမည်ကို စိုးသောကြောင့်ဖြစ်သည်။

သိမ်းငှက်များ၏ တိုက်ခိုက်မှုကြောင့် ဒဏ်ရာအနာတရ ဖြစ်နေသော ကျောင်းဖန်းယောင်တို့ကို လက်ရ အမိဖမ်းဖို့တ အလွန်ပင် လွယ်နေပေရာ သူ့အတွက် အများကြီး အခွင့်အလမ်းကောင်း၍နေသည်။

သိမ်းငှက်တွေကိုပင် ကျေးဇူးတင်ရမလို ဖြစ်နေသည်။

"ဝါတို့ တွေ့ကြပြန်ပြီ ကျောင်းဖန်းယောင်၊ ဒီတစ်ခါတော့ မင်းကိုယ်ဖော့ပညာစွမ်းပြီး ရှောင်တိမ်းထွက်သွားနိုင်မယ်မထင်ဘူး"

တန်ခက်ဟင်းက ပိုင်နိုင်သော အသွင်ဖြင့် ပြောရင်း ကျောင်း ဖန်း ယောင် တို့ ရှိရာသို့ ခြေလှမ်း မှန်မှန်ဖြင့် လျှောက်လှမ်းလာသည်။

* * *

"အစ်ကို၊ ကျားဘုရင်ဂိုဏ်းရဲ့ နယ်လှည့် ဂိုဏ်းခွဲမှူးတောလည်ကျော်းရိုင်း တန်ခက်ဟင်း မဟုတ်လား"



တုကူးချင်းချင်းက ကျောင်းဖန်းယောင်ကို ခပ်တိုးတိုးမေးသည်။

ယန်ဖူးမြို့လေး၏ မြို့ခံတစ်ယောက်ဖြစ်သော တုကူးချင်းချင်းသည် တန်ခက်ဟင်း အကြောင်း အတော်ပင်ကြားဖူးသိဖူးထားသည်။ လူကိုယ်တိုင်ကိုလည်း တစ်ကြိမ်နှစ်ကြိမ်လောက် မြင်ဖူးသည်။

တန်ခက်ဟင်းကို မြင်သည်နှင့် မှတ်မိသော်လည်း သည်လို အချိန်အခါ၊ သည်နေရာတွင် လာဆုံမိမည် မထင်သောကြောင့် သေချာအောင် မေးကြည့်ခြင်းဖြစ်သည်။

"ဟုတ်တယ်....ညီမ၊ အဲဒါ တန်ခက်ဟင်းပဲ"

ကျောင်းဖန်းယောင်က ပြန်ဖြေသည်။

"ကျွန်မတို့ကို ကူညီပေးတာ ကျေးဇူး တင် ပါတယ် နယ်လှည့်ဂိုဏ်းခွဲမှူးကြီး"

သိမ်းငှက်များနှင့် တိုက်ခိုက်ကာ အရှုပ်ရှုပ်အထွေးထွေးနှင့် ဒုက္ခရောက်တော့မလို ရှိနေမှုမှ လွတ်မြောက်အောင် ကူညီပေးခဲ့သည့်အတွက် တုကူးချင်းချင်းက ကျေးဇူးတင်စကား ပြောလိုက်သည်။

"ကျေးဇူးတင်စကားပြောတာ မလောနဲ့ဦး၊ ငါသိချင်တာတွေ သိအောင်မမေးရသေးခင် မင်းတို့ သေသွားကြမှာစိုးလို့ သိမ်းငှက်တွေကို သတ်ပစ်လိုက်ရတာ"

တန်ခက်ဟင်းက ပြန်ပြောသည်။

"နယ်လှည့်ဂိုဏ်းခွဲမှူးကြီးက ဘာလိုချင်လို့လဲ"

"အရိပ်မဲ့ မှော်သိုင်း"

"ရှင်"

တုကူးချင်းချင်းမှာ အံ့အားသင့်ကာ မျက်လုံးပင် ပြူးသွားသည်။ အာမေဋိတ်သံ တစ်ချက်လည်း ပြုမိသည်။

အရိပ်မဲ့ မှော်သိုင်းအကြောင်း ယန်ဖူးမြို့မှ သိုင်းသမားများ ဘာမျှ မသိကြဟုပင် ဆိုနိုင်သည်။ ထို သိုင်းကျမ်းကို လိုချင်တပ်မက်ကြဖို့ မဆိုထားနှင့် အရိပ်မဲ့ မှော်သိုင်း ဟူသော အမည်ကို ကြားဖူးသူပင် မရှိသလောက် ရှားသည်။

တုကူးချင်းချင်းကိုယ်တိုင်ပင်လျှင် မိသားစုဇာစ်မြစ်က အရှေ့ပင်လယ်မှဖြစ်သောကြောင့် အရိပ်မဲ့ မှော်သိုင်းကို ဒဏ္ဍာရီပုံပြင်လို့လို ကြားဖူးခဲ့ရုံသာရှိခဲ့သည်။

အကြောင်းကံဖန်တီးမှုကြောင့် ငါးပျံမာအန်းနှုး၏ လမ်းပြခေါ်ဆောင်မှုဖြင့် အရိပ်မဲ့မှော်သိုင်းကို တွေ့ရှိခဲ့ရခြင်းဖြစ်သည်။

ယခု တန်ခက်ဟင်းက အရိပ်မဲ့မှော်သိုင်းကို ထုတ်ဖော်ပြောလာသည်တွင် တုကူးချင်းချင်း တကယ်ပင် အံ့ဩသွားရသည်။

"ငါ့ကို မျက်လုံးပြူးပြီးကြည့်မနေနဲ့၊ ငါသိချင်တာကို လိမ်လိမ်မာမာနဲ့ပြောပြ၊ မဟုတ်ရင် ငါ့ကို ရက်စက်ယုတ်မာတယ်လို့ မပြောကြနဲ့၊ နင့်တို့...."

တန်ခက်ဟင်းသည် စကားကို ဆုံးအောင်မပြော။ တစ်ပိုင်းတစ်စနှင့်ရပ်ထား သူမတစ်ကိုယ်လုံးကို သိမ်းကျုံး၍ကြည့်သည်။



ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်းတို့ အကျဉ်းအကျပ်အခြေအနေ ကြုံနေရလေပြီ။ တန်ခက်ဟင်းသည် ရက်စက်ကြမ်းကြုတ်ခြင်း မရှိလှကြောင်းကိုတော့ သူတို့ ကြားဖူးကြသည်။

သို့ရာတွင် အဆင့်မြင့် အစွမ်းထက် သိုင်းပညာတစ်ခု ရမည်ဆိုလျှင် အကျင့်သိက္ခာမြင့်မားလှသော သူတော်စင် သိုင်းသမားကြီးတစ်ယောက်ပင် ရက်စက်ကောက်ကျစ်နိုင်သည့် သဘာဝကိုလည်း နားလည်ထားကြရာ တန်ခက်ဟင်း ယုတ်မာရမ်းကားမှုမလုပ်ဟု ဘယ်လိုမှ မပြောနိုင်။

ထိုအချိန်မှာပင် သူတို့သုံးယောက်လုံး မျှော်လင့်မထားသည့် ဖြစ်ရပ်တစ်ခု ရုတ်တရက် ပေါ်ပေါက်လာသည်။

သိမ်းငှက်တစ်ကောင် လျှင်မြန်သော အရှိန်အဟုန်ဖြင့် ထိုးစိုက်ဆင်းလာကာ တန်ခက်ဟင်း၏ဦးခေါင်းကို ကုတ်ဆွဲတိုက်ခိုက်သည်။

တင်မူးဂါး၏ သူလျှိုသိမ်းငှက်ပင်ဖြစ်သည်။

* * *

တိုက်ခိုက်ရေး သိမ်းငှက်နှစ်ကောင်က ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်းတို့ကို ရန်ပြု တိုက်ခိုက်နေကြသောအခါ သူလျှိုသိမ်းငှက်သည် ကောင်းကင်ယံတွင် ပျံဝဲ၍သာ နေခဲ့သည်။

သူလျှိုသိမ်းငှက်တို့ စုံစမ်းထောက်လှမ်းမှုများ၊ ပြန်လည် သတင်းပေးမှုများ၊ နောက်ယောင်ခံ လိုက်မှုများ အတွက်သာ စနစ်တကျ လေ့ကျင့်ပေးထားပေရာ သာမန် အားဖြင့်ဆိုလျှင် ထိုးသုတ် တိုက်ခိုက်စရာအကြောင်း မရှိပါ။

သိမ်းငှက်များသည် အုပ်ဖွဲ့ နေတတ်ကြပေရာ မိမိ၏ အဖော် တိုက်ခိုက်ရေးသိမ်းငှက်နှစ်ကောင် တန်ခက်ဟင်း လက်ချက်ဖြင့် သေဆုံးသွားကြသောအခါ အုပ်စုဖွဲ့နေထိုင်သည့် တိရစ္ဆာန်တို့၏သဘာဝအတိုင်း သူလျှိုသိမ်းငှက်က တန်ခက်ဟင်းကို ရန်မူတိုက်ခိုက်ရမည့်သူအဖြစ် သတ်မှတ်လိုက်သည်။

ထိန်းချုပ်အမိန့်ပေးမည့် သခင်လည်း မရှိသည့်အတွက် သူလျှိုသိမ်းငှက်သည် သူ့ဆန္ဒ ဖြစ်ပေါ်သည့်အတိုင်း လှုပ်ရှားကာ တန်ခက်ဟင်းကို ရုတ်တရက် ဝင်ရောက်တိုက်ခိုက်ခြင်းဖြစ်သည်။

သည်လို တိုက်ခိုက်လာမှုမျိုး ကြုံတွေ့ရမည်ဟု တန်ခက်ဟင်းသာမက ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်းတို့ကလည်း ထင်မထားကြပေ။

သုံးယောက်လုံး အံ့အားသင့်ကုန်ကြသည်။

တောလည်ကျားရိုင်းတန်ခက်ဟင်းမှာ အငိုက်မိသွားရသည်။



သို့သော် အတွေ့အကြုံရင့်ကျက်နေသော ဝါရင့်သိုင်းသမားကြီးတစ်ယောက်မို့ ဗီဇဉာဉ် စေ့ဆော်မှုဖြင့် အလိုအလျောက် တုံ့ပြန်ရှောင်တိမ်းမှုပြုလှုပ်သည်။

လုံးလုံးတော့ မလွတ်။

ဦးခေါင်းကိုရှပ်ကာ ကုတ်ဆွဲမိသည်။ ညာပခုံးကိုတော့ မိမိရရ အကုတ်ဆွဲခံရကာ သိမ်းငှက်၏ ခြေသည်းများကြားတွင် ပခုံးသားပဲ့ပါသွားသည်။

ပခုံးအကုတ်ဆွဲ ခံရမှုသည် ဒဏ်ရာပြင်းသော်လည်း သွေးကြောကွက်နေရာ အထိခံရခြင်း မဟုတ်သည့်အတွက် တန်ခက်ဟင်းလို ပထမတန်း သိုင်းသမားတစ်ယောက်အတွက် သိပ်အရေးမကြီး။

ဦးခေါင်းကို ကုတ်ဆွဲခံရမှုက ရှပ်၍သာ ကုတ်မိသော်လည်း သွေးကြောကွက် အတော်များများကို ထိခတ်မိသည်။ တန်ခက်ဟင်း မူးခနဲ မိုက်ခနဲဖြစ်သည်။ စိတ်အာရုံက မကြည်လင်တော့။

ကိုယ်ခန္ဓာအတွင်း သွေးလေလည်ပတ်မှုများ ရှုပ်ထွေးတော့မလို ဖြစ်သည်။ အတွင်းအားကိုလည်း စုစည်းရန် အခက်တွေ့နေသည်။

မိမိကိုယ်ကိုပင် ထိန်းသိမ်းမရနိုင်တော့သလို ဖြစ်နေရာ ဆက်၍လှုပ်ရှားလျှင် အကျိုးယုတ်ဖို့သာရှိသည်ကို တန်ခက်ဟင်းနားလည်သည်။ ရှောင်တိမ်းထွက်ပြေးကာ စိတ်အာရုံတည်ငြိမ်အောင်အနားယူဖို့ အရေးတကြီး လိုအပ်နေသည် မဟုတ်ပါလား။

တန်ခက်ဟင်းက သူ့ကို ထဖမ်တိုက်ခိုက်ရန် တစ်ပတ်ပျံဝဲလျက် ထပ်ဝင်လာသော သူလျှိုသိမ်းငှက်ထံသို့ လက်နက်ပုန်းများဖြင့်လှမ်းပစ်သည်။ စိတ်အာရုံမကြည်လင်၊ အတွင်းအား ကောင်းကောင်းမစုစည်းနိုင်သည့် အနေအထားတွင်ရှိနေသည်မို့ လက်နက်ပုန်းပစ်လွှတ်မှုက ပရမ်းပတာ ဖြစ်နေသည်။

သိမ်းငှက်ကို ထိအောင်ပစ်ဖို့လည်း တန်ခက်ဟင်းက မရည်ရွယ်ပါ။ ရှောင်တိမ်းထွက်ပြေးနိုင်ရန်အတွက် လှန့်လိုက်သည့်သဘောသာဖြစ်သည်။

လက်နက်ပုန်းများ ပစ်လွှတ်ပြီးသည်နှင့် တစ်ကြိုးတည်းပြေးထွက်သွားလေတော့သည်။

အကယ်၍ တင်မူးဂါး စနစ်တကျ လေ့ကျင့်ပေးထားသော တိုက်ခိုက်ရေးသိမ်းငှက်သာဆိုလျှင် ပရမ်းပတာပစ်လွှတ်လာသော လက်နက်ပုန်းတို့ အရေးလုပ်မည်မဟုတ်။ အတောင်ပံဖြင့် ရိုက်ပုတ်ဖယ်ရှားပစ်ကာ တန်ခက်ဟင်းကို အတင်းဝင်ဆိုး ကုတ်ဆွဲတိုက်ခိုက်လျက် ပွဲသိမ်းပစ်ပေလိမ့်မည်။

သူလျှိုသိမ်းငှက်မှာမူ တိုက်ကွက်လေ့ကျင့်မှုများ ပြုလုပ်ပေးထားခြင်းမရှိ။ သဘာဝသဘောအတိုင်းသာ ဝင်တိုက်ခိုက်သည့်အတွက် တန်ခက်ဟင်း၏ လှန့်ကွက်ကြောင့် လန့်သလို ဖြစ်သည်။



လွင့်ပျံလာသော လက်နက်ပုန်းများမှ လွတ်အောင် အထက်မြင့်မြင့်သို့ ပျံတက်သည်။ တန်ခက်ဟင်းအတွက် ရှောင်ထွက်ဖို့ အခွင့်အလမ်းကောင်း ရသွားသည်။

သူလျှိုသိမ်းငှက်သည် တန်ခက်ဟင်းနောက်သို့ သဲကြီးမဲကြီး လိုက်လံတိုက်ခိုက်ခြင်း မလုပ်။ ရန်သူထွက်ပြေးသွားသည်နှင့် တစ်ချက်အော်သံပြုကာ လာရာလမ်းအတိုင်း ပြန်လှည့်ပျံ ထွက်သွားလေတော့သည်။

သူ၏ အဓိက တာဝန်ဖြစ်သော သတင်းပေးမှု လုပ်ရဦးမည် မဟုတ်လား။

သူလျှိုသိမ်းငှက် ရုတ်တရက် ဝင်ရောက်တိုက်ခိုက်ခြင်းသည် ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်းတို့ကို ဓတာလည် ကျားရိုင်း တန်ခက်တာင်း၏ အန္တရာယ်မှ လောလောဆယ် ကယ်တင်ပေးလိုက်သလို ဖြစ်သည်။

သူတို့နှစ်ယောက်လည်း ထိုနေရာမှ အမြန်ထွက်ခွာခဲ့ကြသည်။

* * *

သည်တစ်ကြိမ်တွင်တော့ ယန်ထယ်မိုမှာ သတင်းအဆက်အသွယ်ပြတ်သလို ဖြစ်နေခဲ့သည်။

နွံအိုင်လယ် ကျောက်ဆောင်ကြီး၏ အနီးဝန်းကျင်ရှိ ငရဲမီးရှို့နွံများကို ထိန်းချုပ်နိုင်သည့်ချုပ်ဆေးကို ယောက်

စွမ်းကို၏ အကူအညီဖြင့် တင်မူးဂါးတို့ ဖော်စပ်နိုင်ခဲ့သည်ကို မသိခဲ့။

နံ့အိုင်လယ် ကျောက်ဆောင်ဆီသို့ တင်မူးဂါးတို့ သွားရောက်ကြသည့် သတင်းကိုလည်း မရခဲ့။

ပင်လယ်ဂေဟာမှ တုကူးချင်းချင်းတို့ ရှောင်တိမ်းထွက်ခွာသွားကြသည့် သတင်းကိုပင် နောက်တစ်နေ့နံနက်တွင်မှ သိခဲ့ရသည်။ မည်သည့် အကြောင်းကြောင့် ရှောင်တိမ်းထွက်ခွာသွားကြသည်ကို သေသေချာချာ ရေရေရာရာမသိ။

ကျောင်းဖန်းယောင်က လာရောက် ခေါ်ဆောင်သွားခြင်းဖြစ်နိုင်သလို ချိတန်းများ၏ရန်မူမည့်အန္တရာယ်ကြောင့်လည်း ဖြစ်နိုင်ကြောင်း တွေးကြည့်မိသည်။ ကျောင်းဖန်းယောင်က လာရောက်ခေါ်ဆောင် သွားလေမည်လားဟု စဉ်းစားမိသောအခါ ယန်ထယ်မိုမှာ မီးဖိုပေါ်ရှိ အိုးနှုတ်ခမ်းပေါ်ရောက် ပုရွက်ဆိတ်လို ဆောက်တည်ရာမရ စိတ်ယောက်ယက်ခတ်သည်။

နောက်ဆုံးတွင် သတင်း တစ်စွန်းတစ်စ ရလိုရငြား မေးမြန်း စုံစမ်းကြည့်ရန် တင်မူးဂါးထံသို့ ထွက်လာခဲ့သည်။

ချိတန်း သိုင်းသမားတင်ဖွဲ့သည် မဒူအုံ တုတ်နှင့်အထိုးခံရသလို လှုပ်လှုပ်ရှားရှား ဖြစ်နေသည်ကို တွေ့ရသည်။ ချိတန်းသိုင်းသမားများသည် အချိန်ရှိသရွေ့ အလုပ်များနေတတ်သည်မှာ မ ဆန်း သော် လည်း သည်နေ့ယောက်



သောသောရုတ်ရုတ်ဖြစ်မှုမျိုး မတွေ့ဖူးသေးသောကြောင့် တစ်ခုခုတော့ ထူးနေပြီဟု ယန်ထယ်မို အကဲခတ်မိသည်။

တင်မူးဂါးကိုတော့ ယန်ထယ်မို ဝင်ရောက်တွေ့ဆုံနိုင်ခဲ့သည်။

"ဟာ....ယန်ထယ်မိုရောက်လာတာ အတော်ပဲ၊ခင်ဗျားကို အခေါ်လွှတ်တော့မလို့"

အလုပ်ရှုပ်နေသော တင်မူးဂါးက ဆီးပြောသည်။

ယန်ထယ်မိုက ခုံတစ်ခုတွင် ဝင်ထိုင်လိုက်သည်။

"တပ်တွေအားလုံး ရှမ်းယန်းစစ်နယ်မြေမှာ ချက်ချင်းလာစုရုံးရမယ်တဲ့၊ အရေးပေါ်အမိန့်ရောက်လာလို့ အလုပ်ရှုပ်နေတာ၊ ဒီကြားထဲ ပင်လယ်ဂေဟာကလဲ ရှောင်တိမ်းထွက်သွားတယ်၊ ဒီကိစ္စအတွက် ခင်ဗျားပဲ တာဝန်ပေးရမှာပဲ"

လုပ်စရာရှိသည်များကိုလုပ်ရင်း တင်မူးဂါးက ယန်ထယ်မိုကို လှမ်းပြောသည်။

"ဟင်....ဟုတ်လား၊ ဘယ်လိုဖြစ်သွားတာလဲ"

"ဒီသတင်း ခင်ဗျားသိပြီးပြီလား"

"သူတို့ ရှောင်တိမ်း ထွက်သွားကြတယ်ဆိုတာတော့ ကြားမိပါတယ်၊ ဘယ်လိုကြောင့် ထွက်သွားကြတယ်ဆိုတာကိုတော့ အကြောင်းစုံ မသိရသေးပါဘူး"

ယန်ထယ်မိုက မယုတ်မလွန် ဆင်ခြင်၍အဖြေပေးသည်။

"ကျောင်းဖန်းယောင်က လာခေါ်သွားတာပဲ၊ တုကူးချင်းချင်းဟာ ကျောင်းဖန်းယောင်နဲ့အတူ မြင်းဖြူတောင်

ခြေ တစ်ဝိုက်မှာ ခိုအောင်းနေတယ်လို့ သတင်းရတယ်၊ ကျုပ်နဲ့ ကျုပ်လူတွေ လိုက်သွားကြမလို့ပဲ၊ ဒါပေမယ့် ရှမ်းယန်းစစ်နယ်မြေကို ချက်ချင်းသွားရမယ့် အရေးပေါ် အမိန့်ရောက်လာလို့ တုကူးချင်းချင်းတို့နောက် မလိုက်နိုင်တော့ဘူး၊ ခင်ဗျားပဲလိုက်သွားပြီး တုကူးချင်းချင်းကို ပြန်ခေါ်လာခဲ့ပါ၊ တုကူးချင်းချင်းပြန်လာရင် ကျန်တဲ့ပင်လယ်ဂေဟာ သိုင်းသမားတွေလဲ ပြန်လာကြမှာပဲ''

သူလျှိုသိမ်းဌက် ပြန်ရောက်လာကာ သတင်းပေးသောကြောင့် ဖြစ်ပျက်ခဲ့ပုံများကို တင်မူးဂါး သိရှိခဲ့ရသည်။ ကိုယ်တိုင် လိုက်သွားလိုသော်လည်း အရေးပေါ် စစ်မိန့်ကြောင့် မသွားနိုင်တော့သည့်အတွက် ယန်ထယ်မိုကို စေလွှတ်ခြင်း ဖြစ်သည်။

ပင်လယ်ဂေဟာသို့ သွားရောက်ဝိုင်းစန်းခဲ့သည့် ကိုစ့်ကိုတော့ ယန်ထယ်မိုအား အသိမပေးဘဲ လျှို့ထားလိုက်သည်။

★

## အခန်း (၂၅)

ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်းတို့ကို ရှာဖွေရန် မြင်းဖြူတောင်ခြေသို့ ထွက်လာခဲ့သည့် ယန်ထယ်မို ပထမတွေ့ရသူမှာ ဈောလည်ကျားရိုင်း တန်ခက်ဟင်းဖြစ်သည်။

မြင်းဖြူတောင်ခြေရှိ စမ်းချောင်းကွေ့လေးတစ်နေရာတွင် မျက်နှာချင်းဆိုင် တိုးမိကြခြင်း ဖြစ်သည်။

လှုပ်ရှားသံလိုလို ကြားမိသည့်အတွက် အသာ ကိုယ်ယောင်ဖျောက်ကာ ပုန်းလျှိုးကွယ်လျှိုး ချဉ်းကပ်သွားသော ယန်ထယ်မိုကို သူ့နည်းတူပင် လှုပ်ရှားမှုတစ်ခုခုရှိသည်ဟု သံသယ မကင်းသည့်အတွက် ခြေသံလုံလုံဖြင့် ရောက်လာသော တန်ခက်ဟင်းတို့ ပက်ပင်းတိုးမိကြလေသည်။

ရုတ်တရက်တော့ နှစ်ယောက်လုံး ကြောင်အမ်းအမ်း ဖြစ်ကုန်ကြသည်။

ယန်ထယ်မို သည်နေရာသို့ရောက်လာမည်ဟု တန်ခက်ဟင်းက ထင်မထားသလို တန်ခက်ဟင်း သည်နေရာတွင် ရှိလေမည်ဟူ၍လည်း ယန်ထယ်မိုက မထင်ခဲ့ပါ။

သူတို့နှစ်ယောက်လုံး ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်းတို့ကို လိုက်ရှာနေကြရာ တစ်ယောက်၏လှုပ်ရှားမှုကို တစ်ယောက်က ကျောင်းဖန်းယောင်တို့၏ လှုပ်ရှားမှု ထင်ကာ ချောင်းနေကြရာမှ ဆုံမိသွားကြရလေတော့သည်။

"အလို...ထယ်မိုပါလား"

တန်ခက်ဟင်းသည် ခေတ္တ ငေးကြောင်နေပြီး အသာ ရေရွတ်သည်။

"ဟုတ်ကဲ့....အစ်ကိုကြီး"

"မင်းက ဘယ်လိုလုပ်ပြီး ဒီကိုရောက်လာတာလဲ"

"အစ်ကိုကြီးကော ဒီကိုဘာလာလုပ်တာလဲ"

မေးခွန်းတစ်မျိုးတည်းကို အပြန်အလှန်မေးမိကြသည့် အတွက် နှစ်ယောက်သားပြုံးမိကြသည်။

"အစ်ကိုကြီးနဲ့ကျွန်တော် ကိစ္စချင်း တူကြလိမ့်မယ် ထင်တယ်"

ယန်ထယ်မိုက ပြောလိုက်သည်။

"အင်း....ဟုတ်ပါလိမ့်မယ်၊ မင်းကလဲ ကျောင်းဖန်းယောင်ကို လာရှာတာ မဟုတ်လား"



"ဟုတ်တယ်၊ ကျွန်တော် တုကူးချင်းချင်းကို လာရှာတာပါ"

"ငါသိသလောက်တော့ သူတို့နှစ်ယောက်လုံး ဒဏ်ရာရထားတယ်၊ ဒီတောင်ခြေတစ်နေရာရာမှာ ပုန်းနေလိမ့်မယ်"

"အစ်ကိုကြီးနဲ့ကျွန်တော် နှစ်ယောက် ပူးပေါင်းပြီးတွေ့အောင်လိုက်ရှာကြတာပေါ့"

တကယ်တမ်း ပြောရလျှင် ယန်ထယ်မိုသည် တန်ခက်ဟင်းနှင့် သိပ်မပူးပေါင်းချင်။

ရင်ဆိုင်ဆုံမိကြသည့်အပြင် တန်ခက်ဟင်း၏ တောကျွမ်းပြီး ခြေရာခံတော်မှုတို့ကိုသိသည့်အတွက် ပြောလိုက်ခြင်း ဖြစ်သည်။

တန်ခက်ဟင်းကလည်း ယန်ထယ်မိုနှင့်အတူတူ တွဲကာ မလုပ်ဆောင်ချင်။ သို့သော် သူတစ်ယောက်တည်းအနေဖြင့် ကျောင်းဖန်းယောင်ကို အမိဖမ်းရန်အလွန်ခက်ကာ အကူအညီလိုနေသည့်အချိန်မို့ ယန်ထယ်မိုနှင့် ပူးပေါင်းရန် လက်ခံလိုက်ရသည်။

"သူတို့ကို တွေ့အောင်ရှာဖို့က မခက်ပါဘူး၊ ဒါပေမယ့် မိအောင်ဖမ်းဖို့ကတော့ မလွယ်ဘူးကွ"

"သူတို့ ကိုယ်ဖော့ပညာစွမ်းပြီး အရှောင်အတိမ်း ကောင်းတာကြောင့်လား"

"ဟုတ်တယ်"

"သူတို့နှစ်ယောက်လုံး အရိပ်မဲ့မှော်သိုင်းတတ်ကျွမ်း ပြီး ကိုယ်ဖော့ပညာ အရမ်းကို ကောင်းနေတာတော့

အမှန်ပဲ၊ သူတို့ ကိုယ်ဖော့ပညာစွစိတ်ကြိုက်မသုံးနိုင်အောင် အတားအဆီးတွေ လုပ်နိုင်မယ်ဆိုရင်တော့ သူတို့ ဘယ်လို လုပ် အစွမ်းပြနိုင်တော့မှာလဲ''

''တာ...ဟုတ်လိုက်လေ၊ မင်းပြောသလိုမျိုး ငါတာလို့ မစဉ်းစားမိခဲ့တာလဲ၊ ဟုတ်တယ်....ဟုတ်တယ်၊ သူတို့စိတ်ကြိုက် မလှုပ်ရှားနိုင်အောင် တားဆီးပိတ်ဆို့နိုင်ရင် သူတို့ ငါ့ လက်က ဘယ်လိုမှ ပြေးမလွတ်တော့ဘူး''

တန်ခက်ဟင်း၏ပြောပုံမှာ အားတက်သရောရှိလှသည်။

ကျောင်းဖန်းယောင်တို့ ကိုယ်ဖော့ပညာ အသုံးမချနိုင်အောင် တားဆီးပိတ်ဆို့နိုင်မည့် နည်းလမ်း အစီအစဉ်ကောင်းများ စဉ်းစားမိဟန်တူသည်။

''ကျားမြီးဆွဲကျာပွတ်သိုင်းကို မင်း ကောင်းကောင်း ကျွမ်းသလား''

တန်ခက်ဟင်းက ရုတ်တရက်မေးလိုက်သည်။

ကျားမြီးဆွဲ ကျာပွတ်သိုင်းဆည် ကျားဘုရင်ဂိုဏ်း၏ သိုင်းပညာတစ်ခုဖြစ်သည်။ ကျားဘုရင်ဂိုဏ်းသားအများစုသည် ဓားရှည်ကိုသာ အဓိကလက်နက်အဖြစ်ကိုင်စွဲကြရာ ကျားမြီးဆွဲ ကျာပွတ်သိုင်းကို ဂိုဏ်း၏ သိုင်းပညာတစ်ခု အနေဖြင့် တတ်သိရုံသာ သင်ကြားကြလေ့ရှိသည်။

''တတ်ထားရုံ လောက်ပါပဲ၊ အကျွမ်းကျင်ကြီးတော့ မဟုတ်ပါဘူး''

ယန်ထယ်မိုက ပြောသည်။



ယန်ထယ်မိုသည် မြင်းလှည်းမောင်းလည်း ဝါသနာပါသည်။ မြင်းလှည်းမောင်းသည့်အခါ မြင်းရိုက်ကျာပွတ်ကို သုံးရာတွင် ကျားမြီးဆွဲကျာပွတ်သိုင်း၏လှုပ်ရှားဟန်များကို အလိုလို လေ့ကျင့်ပြီးသား ဖြစ်သွားသည်။ ထို့ပြင် မြင်းဇက်ကြိုးကိုကိုင်ကာ ဇက်ပေး ဇက်ယူ အလှည့်အပြောင်း လုပ်မှုများသည် ကျားမြီးဆွဲကျာပွတ်သိုင်း၏ သိုင်းဟန် လှုပ်ရှားကွက်များနှင့် အတော်ပင်ဆင်သည်။

ထို့ကြောင့် ယန်ထယ်မိုသည် မြင်းလှည်းမောင်းရာတွင် ကျားမြီးဆွဲကျာပွတ်သိုင်း၏ သိုင်းဟန်များဖြင့် လှုပ်ရှားလေ့ရှိသည်။ ကျားမြီးဆွဲကျာပွတ်သိုင်းနှင့် ထိတွေ့မှု မကြာခဏရှိနေသောကြောင့် ကျားဘုရင်ဂိုဏ်းသားများတွင် ယန်ထယ်မိုသည် ကျားမြီးဆွဲကျာပွတ်သိုင်း အတော်ဆုံးဟုပင် ဆိုနိုင်သည်။

သို့သော် ယန်ထယ်မိုသည်လည်း ဓားရှည်ကိုသာ ကိုင်စွဲပေရာ ကျားမြီးဆွဲကျာပွတ်သိုင်းနှင့်လက်တွေ့ရင်ဆိုင်တိုက်ပွဲဝင်ဖူးခြင်းတော့ တစ်ကြိမ်တစ်ခါမျှမရှိသေးပါ။

''ကျားမြီးဆွဲကျာပွတ်တော့ မင်းမှာပါတယ် မဟုတ်လား''

''ဒါကတော့ ပါတာပေါ့ အစ်ကိုကြီးရဲ့၊ ဒီမှာ စည်းထားတာပဲ''

ကျားဘုရင်ဂိုဏ်းသားများသည် ကျာပွတ်ကိုလက်နက်အဖြစ် သုံးကြလေ့မရှိသော်လည်း ဂိုဏ်း၏အစဉ်အလာ

မလေ့အတိုင်း ကျားမြီးဆွဲကျာပွတ်များကို ခါးတွင် ပတ်စည်းကြသည်။

လက်နက်သဘောမျိုးမဟုတ်ဘဲ ခါးပတ်အနေဖြင့် ကိုယ်ပေါ်တွင်ရှိနေကြသည်။ ယခု ယန်ထယ်မိုလည်း ကျာပွတ်ကို ခါးပတ်အဖြစ် ခါးတွင် စည်းပတ်ထားသည်။

တန်ခက်ဟင်းမှာ ကျားဘုရင်ဂိုဏ်းသား ဖြစ်သော်လည်း ဂိုဏ်းနှင့်အဝေးနေရာတွင် ခပ်ကင်းကင်းလှုပ်ရှားနေသလိုမျိုးမို့ ကျားမြီးဆွဲကျာပွတ် စည်းထားခြင်းမရှိ။ တောထဲတောင်ထဲတွင် သွားလာလှုပ်ရှားနေရသည့်အတွက် ကြိုးခွေငယ်တစ်ခုတော့ ဆောင်ထားသည်။

လိုအပ်လျှင်တော့ ထိုကြိုးခွေငယ်ကို ကျာပွတ်ရှည်သဘောမျိုး အသုံးချ၍ရနိုင်သည်။

"ကိုင်း...မင်းတတ်ထားသလောက် ကျားမြီးဆွဲကျာပွတ်သိုင်းကို လှုပ်ရှားကစားပြစမ်း"

"ဟုတ်ကဲ့....အစ်ကိုကြီး"

ယန်ထယ်မိုလည်း ခါးတွင်ပတ်စည်းထားသော ကျားမြီး ကျာပွတ်ကို ဖြုတ်ကာ ကျားမြီးဆွဲ ကျာပွတ်သိုင်း၏ သိုင်းကွက်များကို လှုပ်ရှားကစားပြသည်။

ကျားမြီးဆွဲကျာပွတ်သည် ၅-ပေသာသာခန့်သာ ရှည်သည်။ သာမန်ကျာပွတ်ရှည်များနှင့် နှိုင်းယှဉ်လျှင် အတန်ငယ် တိုသည်ဟု ဆိုရမည်။ ကျာပွတ်သိုင်း ဆိုသော်လည်း အနီးကပ် တိုက်ကွက်တွေ အများစုဖြစ်လျက် ဓားရှည်



ဓားသိုင်းကွက်ဆန်သည့် သိုင်းဟန် လှုပ်ရှားမှုများ ပါဝင်နေသည်။

"ကျာပွတ်ရိုက်ချက်တွေရယ်၊ လက်နက်ပုန်း ပစ်လွှတ်မှုတွေရယ်နဲ့ ကျောင်းဖန်းယောင် တို့ကို ကိုယ်ဖော့ပညာ စိတ်ကြိုက်မသုံးနိုင်အောင် တားဆီးထိန်းချုပ်ရမယ်"

တန်ခက်ဟင်းက တီးတိုးရေရွတ်၏။

ယန်ထယ်မို၏ ကျားမြီးဆွဲကျာပွတ်သိုင်း လှုပ်ရှားပြနေပုံများကို ကြည့်တာ လက်နက်ပုန်း ပစ်လွှတ်ရမည့် လမ်းကြောင်းနေရာကို ရှာဖွေ တွက်ချက်နေသည်။

* * *

ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်းတို့ နှစ်ယောက်လည်း မြင်းဖြူတောင်ခြေ တစ်နေရာတွင် ပုန်းအောင်းနေကြသည်။

သိမ်းငှက် နှစ်ကောင်နှင့် တိုက်ခိုက်ရာတွင် ရရှိခဲ့သည့် ဒဏ်ရာများသည် အတွင်းဒဏ် မဟုတ်သော အမြင်အပအသားအရေ စုတ်ပြဲသည့် ဒဏ်ရာများ ဖြစ်ကြသော်လည်း ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်းတို့က တစ်ယောက်အပေါ် တစ်ယောက် စိုးရိမ်စိတ်လွန်ကာ ထောက်ထားညှာတာ နေကြသောကြောင့် အဝေးသို့ ထွက်မသွားကြ

ဆေးဘဲ ထိုနေရာတစ်ဝိုက်တွင်ပင် ပုန်းအောင်း အနားယူနေကြခြင်းဖြစ်သည်။

မိမိတို့နှစ်ယောက် မြင်းဖြူ တောင်ခြေတွင်ပင် ပုန်းအောင်းနေကြောင်း တစ်ဖက်လူများ တွေးမိကြမည် မတုတ်။ အဝေးသို့ ထွက်ပြေးသွားကြမည်ဟု သူတို့က တွက်ကြသည်။

တောလည်ကျားရိုင်း တန်ခက်ဟင်း၏ အစွမ်းအစနှင့် လုပ်ရည်ကိုင်ရည်ကို လျှော့တွက်မိကြသည်ဟု ဆိုရမည်။

ထို့ပြင် ကျောင်းဖန်းယောင်တို့ ပုန်းအောင်း နေကြသည့် နေရာသည် တန်ခက်ဟင်းနှင့် ယန်ထယ်မိုတို့ ရှိနေကြသည့် နေရာနှင့် မိုင်ဝက်ပင် မဝေးပါ။

သည်တော့....

တန်ခက်ဟင်းနှင့် ယန်ထယ်မိုတို့နှစ်ယောက် စီစဉ်ပြင်ဆင်မှုများ လုပ်ဆောင်ကြပြီးနောက် ခြေရာကောက် ရှာဖွေကြရာ အချိန်ပင် သိပ်မကြာမြင့်ဘဲ ကျောင်းဖန်းယောင်တို့ကို ရှာတွေ့သွားကြလေတော့သည်။

ကျောင်းဖန်းယောင်တို့က တန်ခက်ဟင်းတို့နှင့် ရင်ဆိုင်တိုက်ခိုက်ခြင်း မပြု။ ရှောင်တိမ်းထွက်ပြေးရန်သာ ကြိုးစားသည်။

သို့သော် တန်ခက်ဟင်းတို့ကတိုက်ခိုက်မှုနည်းပရိယာယ်အသစ် အသုံးပြုလာရာ အခြေအနေသည် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားခဲ့သည်။



တန်ခက်ဟင်း၏ စိတ်ကူးအတိုင်း ကျာပွတ် ရိုက်ချက်များ၊ လက်နက်ပုန်း ပစ်လွှတ်မှုများနှင့် ကျောင်းဖန်းယောင်တို့ စိတ်ကြိုက် ကိုယ်ဖော့ပညာသုံး လူပ်ရှားမှုမရအောင် တားဆီးပိတ်ဆို့သည်။

ယန်ထယ်မိုက ကျားမြီးဆွဲကျာပွတ်သိုင်းဖြင့် သွက်သွက်စွာ လှုပ်ရှားလျက် လက်နက်ပုန်းများကိုလည်း ကြိုးကြားကြိုးကြားဆိုသလို ပစ်လွှတ်သည်။ တန်ခက်ဟင်းကတော့ လက်နက်ပုန်းများဖြင့် အဓိက လှမ်းပစ်သည်။

ကြိုးရှည်ကို ကျာပွတ်သဘော အသုံးချလျက် ကျားမြီးဆွဲ ကျာပွတ်သိုင်း၏ ရိုက်ချက်များကို ရံဖန်ရံခါ ဖော်ထုတ်သည်။

တန်ခက်ဟင်းနှင့် ယန်ထယ်မိုတို့၏ တိုက်ချက်များသည် ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်းတို့ ထံသို့ တည့်တည့်တန်းတန်း ဦးတည်ခြင်းမရှိ။ ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်းတို့ ရှောင်တိမ်း ထွက်သွားနိုင်မည့် လမ်းကြောင်းများထံ ကြားဖြတ် ပိတ်ဆို့ရန်ကိုသာ အဓိကထားသည်။

ထို့ကြောင့် ထိုးနှက်တိုက်ခိုက်မှုများအသည်ပုံမှန်မဟုတ်ဘဲ ထူးခြား ဆန်းပြားနေသည်။ ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်း တို့ကိုတော့ လောလောဆယ် လွှမ်းမိုးခြိမ်းခြောက်မှုမရှိ။

ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်းတို့မှာ ရှောင်တိမ်းထွက်သွားရန်လည်း အခွင့်မသာ။ ထိုးနှက်တိုက်ခိုက်

ခြင်းလည်း တစ်ချက်တလေမျှ မခံရဘဲ သည်အတိုင်းမရွေ့မလျား ရပ်နေရလျက် တစ်မျိုးကြီးဖြစ်နေသည်။

တန်ခက်ဟင်းသည် ဤတိုက်နည်း ပရိယာယ် အသစ်ကို ကြံဆစီမံရာတွင် အစွမ်းထက် ကိုယ်ဖော့ပညာ သုံးကာ လျင်မြန်စွာ လှုပ်ရှားနိုင်ခြင်း မပြုနိုင်အောင် ပိတ်ဆို့တားဆီးဖို့သာ အဓိကထားခဲ့သည်။

ကြံဆတီထွင်ခဲ့သော နည်းပရိယာယ်အသစ် အောင်မြင်ထိရောက်ကာ ကျောင်းဖန်းယောင်တို့ ရှောင်တိမ်းမထွက်နိုင်အောင် ပိတ်မိသလိုရှိနေသည့် အခါတွင်တော့ ရှေ့တစ်ဆင့် ဘယ်လိုတက်၍ ဘာလုပ်ရမည်မသိအောင် ဖြစ်နေသည်။

သည်အတိုင်းကြာကြာ ပိတ်ဆို့တားဆီးထား၍ကလည်း ရနိုင်မည်မဟုတ်။ ကျောင်းဖန်းယောင်တို့က နည်းလမ်းရှာကာ ထိုးဖောက်ထွက်သွားနိုင်ကြသည့် အလားအလာကလည်း ရှိနေသည်။

အသာစီးယူ ပိတ်ဆို့ထားနိုင်သည့်အခိုက် ရှေ့တစ်ဆင့် အမြန်တက်ကာ ပွဲသိမ်းဖို့ လုပ်ရပေလိမ့်မည်။

ကျားမြီးဆွဲ ကျာပွတ်သိုင်း၏ သိုင်းကွက် (၃၆)ကွက် ပြည့်အောင် လှုပ်ရှားပြီးလျှင် အသာစီးရယူ တားဆီးထားနိုင်မှု အခြေအနေ သိသိသာသာ အားလျော့သွားပေလိမ့်မည်။

အချိန်က သိပ်မရှိတော့။

* * *



ကျားမြီးဆွဲ ကျာပွတ်သိုင်း၏ သိုင်းကွက် (၂၀)ကွက် လှုပ်ရှားပြီးသည့် အချိန်တွင်....

ကျောင်းဖန်းယောင်ကို မဖြစ်မနေ အမိဖမ်းရန် တန်ခက်ဟင်း စိတ်ပိုင်းဖြတ်သည်။

ထိုသို့ စိတ်ပိုင်းဖြတ်လိုက်သည်နှင့် လက်ကလည်း အလိုအလျောက်ပင် လှုပ်ရှား လုပ်ဆောင်လေတော့သည်။

သိုင်းဟန် သိုင်းကွက်ကျကျတော့ မဟုတ်ပါ။

တန်ခက်ဟင်းက ကျာပွတ်သဘောမျိုး အသုံးချသော ကြိုးခွေသည် ဓားလည်ရာတွင် အမျိုးမျိုးအဖုံဖုံ အသုံးပြုသော ကြိုးခွေဖြစ်သည်။ (၁၅)ပေကျော်ကျော်ရှည်သည်။ တစ်ဖက်စွန်းတွင် ကြိုးကွင်းပစ်နိုင်ရန် ကွင်းလျှောလေးလည်း လုပ်ထားသည်။

ကျာပွတ်အဖြစ် အသုံးပြုတိုက်ခိုက်သောအခါတွင်တော့ တန်ခက်ဟင်းက ကြိုးကွင်းလျှော လုပ်ထားသည့်ဘက်ကို ခွေကာ ဘယ်လက်တွင်ကိုင်ထားပြီး ကျန်ကြိုးစွန်းတစ်ဖက်စွန်း (၅)ပေကျော်ကျော်ကိုသာ ညာလက်ဖြင့်ကိုင်ကာဝှေ့ယမ်း ရိုက်နှက်သည်။

ယခု ဘယ်လက်တွင်ကိုင်ထားသော ကြိုးကွင်းလျှောကို ဆတ်ခနဲ ဝှေ့ယမ်းလိုက်ကာ တုကူးချင်းချင်းထံသို့ လှမ်းပစ်လိုက်သည်။ အမဲလိုက်ရာတွင် သားကောင်များကို ကြိုးကွင်း ပစ်ဖမ်းမှုမျိုး ပြုလုပ်လေ့ရှိသောကြောင့် အရေးပေါ် အခြေအနေတွင် ထိုနည်းကို အလိုလိုထုတ်သုံးလိုက်မိခြင်း ဖြစ်သည်။

သိုင်းဟန် လှုပ်ရှားမှုဟူ မဆိုသာသော်လည်း တစ်ဖက်လူကို အမိဖမ်းနိုင်ရန်အတွက်ဘော့ ထိရောက်သော လုပ်ဆောင်ချက် ဖြစ်သည်။

"သတိထား"

ကျောင်းဖန်းယောင်က အော်ဟစ်သတိပေးရင်း တုကူးချင်းချင်းကို ကမန်းကတန်း ဖယ်တွန်းလိုက်သည်။

စိုးရိမ်စိတ်လွန်သော ထိုလုပ်ဆောင်မှုသည်သူတို့အတွက် မှားကွက်တစ်ခု ဖြစ်သွားသည်။

အရိပ်မဲ့ကိုယ်ဖျောက်ပညာတွင် အရေးကြုံလျှင် ရှောင်နိုင်တိမ်းနိုင်သည့် ရှောင်တိမ်းကွက်တွေ ပါရှိသည်။ တုကူးချင်းချင်းသည် ရုတ်တရက် ဝင်လာသော ကြိုးကွင်းကို အရိပ်မဲ့ ကိုယ်ဖျောက်ပညာ၏ ရှောင်တိမ်းကွက်နှင့် ရှောင်တော့မည့်ဆဲဆဲ ဖြစ်သည်။

ရှောင်လျှင် ကောင်းကောင်းလွတ်နိုင်သည့်အခြေအနေလည်း ရှိသည်။

ကျောင်းဖန်းယောင်၏ ဖယ်တွန်းလိုက်မှုကြောင့် တုကူးချင်းချင်း တန့်ချက်ပျက်သွားသည်။ အခြေအနေလည်း ရှုပ်ရှုပ်ထွေးထွေးဖြစ်သွားသည်။

အတွေ့အကြုံရင့်နေသော တန်ခက်ဟင်းသည် ရှုပ်ထွေးသွားသောအခြေအနေကို ကောင်းကောင်း အသုံးချလိုက်သည်။ ဘယ်လက်ကောက်ဝတ်ကို အနည်းငယ်လှုပ်ရှားလျက် ကြိုးကွင်းကို မသိမသာတိမ်းစောင်းအောင်လှုပ်သည်။



တုကူးချင်းချင်းကို လွဲသွားသည့်ကြိုးကွင်းက ကျောင်းဖန်းယောင်၏ဘယ်လက်ကို ကျကျနနစွပ်မိသည်။

ကြိုးကွင်းစွပ်မိသည်နှင့် တန်ခက်ဟင်းက တစ်ဆုံး တုံ့ဆွဲသည်။ ထို့နောက် ကြိုးကိုတင်းဘင်းဆွဲကာ လူက ဟိုသည် လှည့်ပတ်ပြေးသွားသည်။ ကျောင်းဖန်းယောင်၏ လက်ကို စွပ်မိထားသောကြိုးသည် တုကူးချင်းချင်းကိုပါ ရစ်ပတ်မိသည်။

ဤသို့ဖြင့် သူတို့နှစ်ယောက်လုံး တန်ခက်တင်း၏ ချုပ်ဖမ်းမှုကို ခံလိုက်ကြရလေတော့သည်။

"မိပြီ... မိပြီ"

ယန်ထယ်မိုက အားရပါးရပင်အော်ဟစ်လိုက်သည်။

အမိအရ ချုပ်ဖမ်းပွဲသိမ်းလိုက်သည့်အချိန်မှာပင် လူရိပ်သဏ္ဍာန်တစ်ခု လှစ်ခနဲ ပြေးဝင်လာသည်။

* * *

လူရိပ်သဏ္ဍာန်တစ်ခု ပြေးဝင်လာသည်။

ဓားရောင်တစ်ချက် လင်းလက်သွားသည်။

ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်းကို တုပ်နှောင်ရစ်ပတ်၍ တုံ့ဆွဲထားသော တန်ခက်ဟင်း၏ လက်ထဲမှ ကြိုး ဓားချက်ကြောင့် ထောင်းခနဲပြတ်သွားသည်။

ဤသို့ဖြင့် ကျောင်းဖန်းယောင်တို့ နှစ်ယောက်လည်း အတုပ်အနှောင်မှ ချက်ချင်းပင်လွတ်သွားသည်။

သူတို့လွတ်မြောက်အောင် ရုတ်တရက် ဝင်ရောက်ကူညီ ကယ်တင်ပေးလိုက်သူမှာ ပင်လယ်ဂေဟာ ဦးစီးမှူးကြီး တုကူးကုန်းမင်ဖြစ်သည်။

ယခု ရင်ဆိုင်တိုက်ခိုက်မှုဖြစ်သည့်နေရာသည် တုကူးချင်းချင်းနှင့် တုကူးကုန်းမင်တို့ ပြန်လည်ဆုံမိရန် ကြိုတင်အချိန်းအချက်လုပ်ထားသည့် ဒုတိယနေရာတွင်ရှိနေသည်။

ပြန်လည်ဆုံရန် သတ်မှတ်ထားသော ပထမနေရာသို့ သူမရောက်မလာဘဲ အချိန်လည်းကြာနေခဲ့ရာ တုကူးကုန်းမင်က စိတ်မချဖြစ်လာကာ ဒုတိယချိန်းဆိုနေရာသို့ အမြန်လိုက်လာခဲ့သည်။

ဆူဆူညံညံအသံများ ကြားရသည့်အတွက် စူးစမ်းကြည့်ရန် ရောက်လာရာ သူမတို့ အန္တရာယ်ကြုံနေရသည်ကို တွေ့၍ အချိန်မီ ဝင်ရောက်ကယ်တင်ပေးနိုင်ခဲ့သည်။

“သခင်မလေးတို့ ရှောင်ထွက်သွားကြ၊ သူတို့ကို ကျုပ်တားပေးထားမယ်”

တုကူးကုန်းမင်က ပြောပြောဆိုဆို တန်ခက်ဟင်းနှင့် ယန်ထယ်မိုတို့ကို အတင်းဝင်တိုက်ခိုက်သည်။

တုကူးကုန်းမင်၏ သိုင်းပညာသည် တန်ခက်ဟင်းနှင့် ယန်ထယ်မိုတို့ထက်နိမ့်သည်။ နှစ်ယောက်တစ်ယောက် မဆိုထားဘိ တစ်ယောက်ချင်းပင် မယှဉ်နိုင်ပါ။ ဒါကို သိသော်လည်း မိမိတို့၏ဂေဟာသခင်မလေး လွတ်မြောက်နိုင်ရေး



အတွက် တုကူးကုန်းမင်က အသက်စွန့်ကာ အတင်းဝင်တိုက်ခိုက်ခြင်းဖြစ်သည်။

စိတ်ကို တုံးတုံးချပြီး အသက်အန္တရာယ်ကိုပင် မစိုးရိမ်ဘဲ အတင်းတရကြမ်း ဝင်ရောက် တိုက်ခိုက်လာသော တုကူးကုန်းမင်၏တိုက်ကွက်များသည် ကြမ်းတမ်း ပြင်းထန်ကာ ကြောက်စရာ ကောင်းလှသည်။

ယန်ထယ်မိုနှင့် တန်ခက်ဟင်းတို့နှစ်ယောက်မှာ တုကူးကုန်းမင်ထက် သိုင်းပညာသာလွန်သော်လည်း တင်းတင်းမာမာ ရင်ဆိုင်ခြင်းမပြုရဲကြ။

သူသေကိုယ်သေလည်း မိုက်မိုက်ကန်းကန်း မတိုက်ခိုက်နိုင်သောကြောင့် အစပိုင်းသိုင်းကွက်များတွင် နောက်သို့ပင် ဆုတ်ပေးကြရသည်။

သို့သော် အချိန်အနည်းငယ်အတွင်းမှာပင် တုကူးကုန်းမင်၏ တိုက်စစ်အားမာန်ကို ထိန်းနိုင်ကြသည်။ သိုင်းကွက်များပျက်ကုန်အောင် ဖော်ထုတ် တန်ပြန် တိုက်စစ်ဆင်ကြသည်။

ယန်ထယ်မိုက ကျားဆိုးတောဝင် သိုင်းကွက်နှင့် ခပ်ကြမ်းကြမ်းတိုက်ကွက်ဖွင့်သည်။ တုကူးကုန်းမင်အသေအလဲ ရင်ဆိုင်တန်ပြန်သေးသည်။

သိုင်းပညာအဆင့်ချင်းကွာသည်မို့ တန်ခက်ဟင်းကပါ ဝန်းရံအောက်ကူပေးလာသောအခါ ယန်ထယ်မို၏ ကျားဆိုးတောဝင်သိုင်းကို ကြာကြာမခုခံနိုင်။

တုကူးကုန်းမင် အရေးရှုံးနိမ့်သွားရရှာလေသည်။

ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်းတို့နှစ်ယောက် လွတ်အောင် ရှောင်တိမ်းထွက်သွားနိုင်သည့်အတွက် တုကူး ကုန်းမင် အသက်စွန့်ကာ အသေအကျေ မိုက်မိုက်ကန်းကန်း တိုက်ခိုက်ရမှု အချည်းအနှီးမဖြစ်ဟု ဆိုရပေမည်။

* * *

ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်းတို့နှစ်ယောက် ဘေးကင်းစွာ ရှောင်တိမ်းလာနိုင်ကြသည်။

* မိမိတို့ ရှောင်တိမ်းထွက်နိုင်ရေးအတွက် တစ်ဖက်ရန်သူကို အသက်စွန့်ကာ ဟန့်တားတိုက်ခိုက်ပေးခဲ့သော တုကူးကုန်းမင်အတွက်တော့ စိတ်မကောင်း ကြပါ။ တုကူးချင်းချင်းက ဆိုလျှင် အတော်လေးပင် ဝမ်းနည်း ကြေကွဲ၏။ စိတ်ထိခိုက်သည်။

"အရိပ်မဲ့ကိုယ်ဖျောက်ပညာ တစ်ခုတည်းကိုချည်း အားကိုးပြုနေလို့ မဖြစ်တော့ဘူး၊ ရန်သူနဲ့ အကြိတ်အနယ် ရင်ဆိုင်ရရင် သုံးနိုင်အောင် အရိပ်မဲ့ဓားမြန်သိုင်းကိုပါ လေ့ကျင့်မှ ဖြစ်တော့မယ် ထင်တယ်"

ကျောင်းဖန်းယောင်က အကြံပြုသည်။

"မှတ်တယ်၊ ကျွန်မလဲ အစ်ကို့ကို ပြောမလို့ပဲ၊ ပြီးတော့ လေ့ကျင့်မယ်ဆိုရင် အရိပ်မဲ့ လက်နက်ပုန်း ပညာကိုပါ တစ်ခါတည်း လေ့ကျင့်ကြရအောင်လား"



တုကူးချင်းချင်းက အားတက်သရော ပြန်ပြောသည်။

"လေ့ကျင့်တာကတော့ ထူးတော့ ကောင်းပါပြီ၊ ဒါပေမယ့် အရိပ်မဲ့ လက်နက်ပုန်း ပညာအတွက် စပါးစေ့ လက်နက်ပုန်းတို့ ငွေမျှင်လက်နက်ပုန်းတို့မိုးစက်လက်နက်ပုန်းတို့မှ မရှိတာ"

"အဲဒီ လက်နက်ပုန်းတွေလုပ်တဲ့ နည်းလမ်းသိနေပြီးပြီပဲ၊ လုပ်လိုက်ကြရုံပေါ့"

"ပြောတာကတော့ လွယ်တယ်၊ ဒါပေမယ့် တို့နှစ်ယောက်က ပြေးလွှား ရှောင်ပုန်းနေကြရတဲ့ အခြေအနေမျိုး ဖြစ်နေတာ၊ အဲဒီ လက်နက်ပုန်းတွေ လုပ်တဲ့နေရာမှာ သုံးတဲ့ပစ္စည်းတွေ ဘယ်လို ရှာမလဲ၊ ပြီးတော့ လုပ်တယ်ဆိုရင်လဲ အနုစိတ် သေသေချာချာ စနစ်တကျ လုပ်ကြရမှာ"

သူမက ခေတ္တ စဉ်းစားလိုက်ပြီး—

"ငွေမျှင်လက်နက်ပုန်းနဲ့ မိုးစက်လက်နက်ပုန်း တွေကတော့ ထားလိုက်ပါတော့၊ စပါးစေ့လက်နက်ပုန်းကတော့ အထွေအထူး လုပ်နေစရာ မလိုဘူးလေ၊ စပါးစေ့နဲ့ပဲ စလေ့ကျင့်ကြတာပေါ့"

"အင်း....ဟုတ်သားပဲ"

စပါးစေ့လက်နက်ပုန်းသည် အထွေအထူး လုပ်ယူစရာ မလိုပေ။ စပါးစေ့အစစ်များကိုပင် လက်နက်ပုန်း အဖြစ် အသုံးပြု ပစ်လွှတ်ခြင်းဖြစ်သည်။ စပါးစေ့များကို အမှန်

အမွှား အညစ်အကြေး ကင်းအောင် သန့်စင်လိုက်လျှင် ပြီးသည်။

''စိတ်ချလက်ချနဲ့ အေးအေးဆေးဆေး သိုင်းလေ့ကျင့်နိုင်မယ့် နေရာကောင်းတော့ ရှာရမယ်၊ နို့ အိုင် လယ် ကျောက်ဆောင်ထဲက လိုဏ်ဂူကြီးကို သွားကြရင် ကောင်းမယ် ထင်တယ်''

တုတ္တူးချင်းချင်းက ပြောသည်။

''တောလည် ကျစ်းရိုင်း တန်ခက်ဟင်း က ခြေရာခံ အတော်ကို ကျွမ်းကျင်တယ်၊ တစ်နေရာရာမှာ အခြေကျ ခိုအောင်းနေရင် ဘယ်လောက် လျှို့ဝှက်တဲ့နေရာပဲဖြစ်ဖြစ် တန်ခက်ဟင်းက မတွေ့တွေ့အောင် လိုက်ရှာနိုင်လိမ့်မယ်''

''ဒါဆို ဘယ်လိုလုပ်ရရင်ကောင်းမလဲ''

''တို့ စဉ်းစားမိတာ တစ်ခုရှိတယ်၊ ညီမ သဘောကျမလားတော့ မသိဘူး''

''တာများလဲ အစ်ကိုရဲ့၊ ပြောပြစမ်းပါဦး''

''လှုပ်ရှား နေရာပြောင်းနေရင်း တစ်နေရာရာမှာ တစ်ရက်တန်သည် နှစ်ရက်တန်သည် ခဏစခန်းချမယ်၊ အဲဒီလို စခန်းချနေတုန်း လေ့ကျင့်စရာရှိတာတွေ လေ့ကျင့်ကြတာပေါ့၊ ဒါဆို တန်ခက်ဟင်း ဘယ်လောက် ခြေရာကောက်တော်တော် ခြေရာလိုက်ကောက်နေရင်း ရှာလည်နေလိမ့်မယ်၊ တို့နှစ်ယောက်ကို ရှာတွေ့တော့မှာ မဟုတ်ဘူး''



''ကောင်းတယ် အစ်ကို...ကောင်းတယ်၊ ဒီလိုလှုပ်ရှား နေရာပြောင်းနေရင်း ပင်လယ်ဂေဟာကလူတွေနဲ့လဲ ပြန်ဆုံတွေ့လို့ရနိုင်တယ်''

''ကောင်းတယ်၊ ဒီအတိုင်းပဲလုပ်ကြမယ်''

* * *

ဤအတောအတွင်း အခြေအနေ အပြောင်းလဲကြီးများလည်း ဖြစ်ပေါ်လာသည်။

ချီတန်းကျူးကျော်ရေးတပ်များသည် အင်အား အားလုံးစုစည်းကာ အလုံးအရင်းကြီးမားစွာ ရှမ်းယန်းခံစစ်ကြောင်းကို ထိုးဖောက်ထိုးစစ်ဆင်ကြသည်။

ရှမ်းယန်းစစ်မျက်နှာတွင် သုံးရက်နှင့် သုံးညတိုင်တိုင် ပြင်းထန်ကြမ်းတမ်းသော တိုက်ပွဲကြီးများ ဆက်တိုက် ဖြစ်ပွားသည်။

နောက်ဆုံးတွင်....

ချီတန်းနယ်ချဲ့တို့၏ ထိုးစစ်ပြိုကွဲသည်။

ရှမ်းယန်း ခံစစ်ကြောင်းကို ဘယ်လိုမှ မထိုးဖောက်နိုင်။

ချီတန်းကျူးကျော်ရေးသမားများ အကျအဆုံးများစွာဖြင့် ဆုတ်ခွာကြရသည်။ ရှမ်းယန်းစစ်နယ်မြေရှိ တာရှတ်မျိုးချစ်တပ်များက တန်ပြန်တိုက်စစ်ဆင်လာရာ ထိုးစစ်ကြီး

အရေးရှုံးနိမ့်ရမှုကြောင့် စိတ်ဓာတ် ပျက်ပြားနေကြသော ချီတန်းတို့ အထိအနာကြီးနာသည်။

တပ်အချို့ဆိုလျှင် ပြိုကွဲတပ်ပျက်ကုန်ဆသည်။

ဤအချိန်တွင် ပြည်မမှ စစ်ကူတပ်များလည်း ရောက်လာကြရာ တန်ပြန်ထိုးစစ်တွင်အားဖြည့်လျက် ထိုးစစ်ကြီးများ ဆက်တိုက်ဆင်နွှဲသည်။

တပ်ပျက် ပြိုကွဲစပြုနေသော ချီတန်း ကျူးကျော်ရေးသမားများ တင်းတင်းမာမာ ခုခံတိုက်ခိုက်ခြင်းမပြုနိုင်ကြတော့။

ပျက်သည့်တပ်ကပျက် ဆုတ်သည့်တပ်ကဆုတ် ဖြစ်ကုန်ကြသည်။

နောက်ဆုံးတွင် နယ်ချဲ့ရန်စွယ်ကို ရိုက်ချိုးပစ်နိုင်ကြ၏။ ကျူးကျော်ရေးတပ်များကို တိုင်းပြည်နယ်မြေမှ မောင်းနှင် ထုတ်ပစ်နိုင်ကြသည်။

ချီတန်းနယ်ချဲ့သမားတို့၏ ကျူးကျော်သိမ်းပိုက်ရေးစစ်ပွဲ အရေးရှုံးနိမ့်သွားမှုနှင့်အတူအမျိုးသားသစ္စာဖောက်ကျားဘုရင်ဂိုဏ်းလည်းပြိုကွဲခဲ့ရသည်။ မျိုးချစ်သိုင်းသမားများက နယ်ချဲ့အလိုတော်ရိ တိုင်းပြည်သစ္စာဖောက် သိုင်းသမားများကို ကောင်းကောင်းဒဏ်ခတ်ကြသည်။

တင်မူးဂါးဦးစီးသော ချီတန်းသိုင်းသမားတင်ဖွဲ့မှာလည်း ရှမ်းယန်းစစ်မြေပြင်တွင် အတော်ပင် အထိနာခဲ့သည်။ တပ်ပျက်လုနီးပါး အခြေအနေသို့ပင် ဆိုက်ရောက်ခဲ့သည်။



တင်မူးဂါးသည် ပြိုကွဲလုလုဖြစ်နေသော ချီတန်းသိုင်းသမားတပ်ဖွဲ့ကို ရနိုင်သမျှကြိုးစားစုစည်းကာ ရှမ်းယန်းမှ အပူတပြင်းဆုတ်ခွာလာခဲ့ရသည်။

ထိုသို့ဆုတ်ခွာလာရာ မျိုးချစ်သိုင်းသမားများ၏ ကြားဖြတ်တိုက်ခိုက်မှုများကို ရင်ဆိုင်ခဲ့ရသည်။

နောက်ဆုံးတွင် ခမ်းယန်ကွမ်း ကွပ်ကဲခေါင်းဆောင်သော တော်လှန်ရေးသမား သိုင်းသမားတစ်စု၏ တိုက်ခိုက်မှုဖြင့် ချီတန်းသိုင်းသမားတပ် ပြိုကွဲတပ်ပျက်သွားလေသည်။

ကျန်နေသေးသမျှသော ချီတန်းသိုင်းသမားများသည် တကွဲတပြားစီ ကိုယ်လွတ်ရုန်း ထွက်ပြေးကြရာ တင်မူးဂါးမှာ ဘယ်လိုမှ စုစည်းထိန်းကွပ်၍မရတော့။ သူကိုယ်တိုင်ပင် အသက်လုကာ ထွက်ပြေးခဲ့ရသည်။

သူနှင့်အတူ လက်ရုံး သိုင်းသမားနှစ်ယောက်ဖြစ်သော တုကျိုနှင့်ကျန်းဆာ့တို့သာကျန်ရှိတော့သည်။

ချီတန်းသိုင်းသမားများ၏ အကြီးအမှူးလုပ်ရသည်မှာ သူ့အတွက် ကြီးမားသော ဂုဏ်သရေတန်ဖိုးဖြစ်သည်။ ချီတန်းသိုင်းလောက၏ ဦးစီး ရှေ့ဆောင်ဟုပင် ဆိုနိုင်သည်။

တရုတ်ပြည်သို့ ကျူးကျော်တိုက်ခိုက်မှု ပျက်ပြားသွားရသည့်တိုင် ချီတန်းသိုင်းသမားတပ်ဖွဲ့ကို ရနိုင်သမျှ စုစည်းထားနိုင်လျှင် သူ၏ အကြီးအမှူးအနေအထား ဆက်လက်တည်တံ့နိုင်သည်။

ချိတန်းသိုင်းသမားတပ်ဖွဲ့ကို အတန်အသင့် ပြန်လည်စုစည်းမိအောင် အစွမ်းကုန် ကြိုးစားလုပ်ဆောင်နိုင်ခဲ့ပါလျက် တရုတ်မျိုးချစ်သိုင်းသမားများ၏ဝိုင်းဝန်းတိုက်ခိုက်မှုကြောင့် ဝါးအစည်းပြေသလို တပ်ပျက်သွားရမှုအတွက် အထူးပင် မကျေမနပ်ဖြစ်သည်။

သည်အတိုင်း ချိတန်းသို့ပြန်သွားလျှင် တင်မူးဂါးမှာ အကြီးအကျယ် အရှက်ရပေလိမ့်မည်။ သိုင်းလောကတွင် မျက်နှာပြရဲစရာပင် မရှိတော့။

ချိတန်းသိုင်းသမားများ မိမိအပေါ် လေးခန့်လာနိုင်လောက်သည့် သိုင်းပညာအစွမ်းအစပြနိုင်မှသာ ပြန်လည်သိက္ခာဆည်နိုင်မည်။ ချိတန်းသိုင်းလောကတွင်ခေါင်းမော့ရပ်တည်နိုင်မည်။

သူ့အတွက် တစ်ခုတည်းသောလွတ်ဆမ်းမှာ အရိပ်မဲ့မှော်သိုင်းကျမ်းကို ရအောင်ယူဖို့သာရှိတော့သည်။

ထို့ကြောင့် သူသည် စစ်ရေးရှုံးနိမ့်၍ ဆုတ်ခွာနေကြသော ချိတန်းတပ်များနှင့်အတူ လိုက်ပါမသွားဘဲ အရိပ်မဲ့မှော်သိုင်းကျမ်းကို အရယူနိုင်ရန်အတွက် လက်ရုံးသိုင်းသမားကြီး နှစ်ယောက်နှင့်အတူ နောက်ချန်နေခဲ့လေသည်။

တင်မူးဂါးတို့၏ အဓိကပစ်မှတ်ကတော့ ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်းတို့ ဖြစ်သည်။

★

အခန်း (၆)

ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်းတို့သည် နေရာပြောင်းရွှေ့ သိုင်းလေ့ကျင့်မှု ပြုလုပ်ကြရာ အစပိုင်းတွင် အတော်ပင် အဆင်ပြေကာ တိုးတက် အောင်မြင်မှုလည်း အသင့်အတင့် ရှိခဲ့သည်။

အရိပ်မဲ့ကိုယ်ဖော့ပညာကို ပိုမိုသွက်လက်မြန်ဆန်အောင် လေ့ကျင့်နိုင်ခဲ့ကြသည်။ အရိပ်မဲ့ဓားမြန်သိုင်း၏ အစပျိုးလေ့ကျင့်မှုက အောင်မြင်ထိရောက်သည်။

ထို့နောက် ချိတန်းတို့၏ နယ်ချဲ့စစ်ဆင်မှုကြီး အရေးရှုံးနိမ့်သွားမှုနှင့်အတူ မျိုးချစ်သိုင်းသမားများက ချိတန်းနယ်ချဲ့များနှင့် တိုင်းပြည်သစ္စာဖောက် သိုင်းသမားများကို ပြင်းပြင်းထန်ထန် တိုက်ခိုက်ခဲ့ကြသည်။ ကျောင်းဖန်း

ယောင်နှင့် တုကူးချင်းချင်းတို့လည်း လွဲရှောင်မနေနိုင်ဘဲ ပါဝင် တိုက်ပွဲဝင်ခဲ့ကြသည်။

အထူးသဖြင့် ချီတန်းသိုင်းသမားတပ်ဖွဲ့ကိုတပ်ပျက်သွားစေသည့် တိုက်ပွဲကြီးတွင် ခမ်းယန်ကွမ်း၏ အင်အားစုများတွင် လက်တွဲပါဝင်ခဲ့ကြသည်။ ပင်လယ်ဂေဟာသိုင်းသမားများကို ကျောင်းဖန်းယောင် နှင့် တုကူးချင်းချင်းတို့က စုစည်းကွပ်ကဲကာ တပ်ဖွဲ့တစ်ခုအနေဖြင့် လှုပ်ရှားခဲ့သည်။

ချီတန်းသိုင်းသမားတပ်ဖွဲ့ကို ပြိုကွဲသွားအောင် တိုက်ခိုက်ပြီးသည့်နောက်တွင် တိုက်ပွဲကြီးများ မရှိသလောက် နည်းပါးသွားသည်။ ဤတွင် ပင်လယ်ဂေဟာသိုင်းသမားများကို ခမ်းယန်ကွမ်း၏ စီမံကွပ်ကဲမှုအောက်တွင် ပါဝင် လှုပ်ရှားရန် စီစဉ်ပေးပြီးနောက် ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်းတို့ နှစ်ယောက်သည် အရိပ်မဲ့ မှော်သိုင်းပညာလေ့ကျင့်မှုကို ဖိဖိစီးစီးလုပ်ကြလေတော့သည်။

ချီတန်းနယ်ချဲ့များ ကျူးကျော်စစ်ဆင်မှုကြီး ပြိုကွဲရှုံးနိမ့်သွားသော်လည်း နယ်ချဲ့အန္တရာယ်ကတော့ တည်ရှိဆဲဖြစ်ပေရာ အရိပ်မဲ့မှော်သိုင်းပညာဖြင့် တိုင်းပြည်၏ရန်စွယ်များကို ကာကွယ်ရန် အထူး လိုအပ်နေကြောင်း သူတို့သဘောပေါက်ကြသည်။

ယခင်ကလောက် အန္တရာယ်ခြိမ်းခြောက်မှုများ မရှိနိုင်တော့ဟု ယူဆသောကြောင့် နေရာပြောင်းရွှေ့ သိုင်းလေ့ကျင့်မှု အစီအစဉ်ကိုမလုပ်တော့ဘဲ မြင်းဖြူတောင်ခြေ



တစ်နေရာတွင် ယာယီစခန်း သဘောမျိုး နေထိုင်ကြကာ သိုင်းလေ့ကျင့်မှု ပြုလုပ်ကြသည်။

ဤသို့ဖြင့် သိုင်းလေ့ကျင့်မှုကို အချိန်ပိုပေးကာ ဖိဖိစီးစီး လေ့ကျင့် နိုင်သော်လည်း တစ်ဖက် ရန်သူတို့၏ အန္တရာယ်ပေးနိုင်မှုကို လျှော့တွက်သလိုတော့ ဖြစ်သွားခဲ့သည်။

* * *

တုကူးချင်းချင်းသည် ဉာဏ်ထက်သည်။ သွက်လက်ပြီး စိတ်မြန်သည်။ သိုင်းပညာ လေ့ကျင့်ရာတွင် လောဘကြီးသည်။ တတ်လိုစိတ် အလွန်ပြင်းပြသည်။ အရိပ်မဲ့ မှော်သိုင်းပညာ လေ့ကျင့်ရာတွင် တိုးတက်မှု အတော်ပင် မြန်သည်။ တိုးတက်မှု မြန်သည့်အတွက် အခြေခိုင်မာမှုတွင်တော့ အားနည်းသည်။

ကျောင်းဖန်းယောင်မှာလည်း ဉာဏ် ကောင်းသည်။ ရိုးဖြောင့်ပြီး စိတ်ရှည်သည်။ အေးအေးဆေးဆေး လုပ်တတ်သည်။ သိုင်းပညာ လေ့ကျင့်ရာတွင် ဖြည်းဖြည်းမှန်မှန်သာ ပြုသည်။ အရိပ်မဲ့မှော်သိုင်းပညာ လေ့ကျင့်မှုတွင် တုကူးချင်းချင်းလောက် တိုးတက်မှုမမြန်။ သို့သော် ဖြည်းဖြည်းနှင့် မှန်မှန် လေ့ကျင့်သည့်အတွက် အခြေခိုင်မာမှုတွင်တော့ တုကူးချင်းချင်းထက် ပိုမိုနက်ရှိုင်းသည်။

အရိပ်မဲ့ ဓားမြန်သိုင်းသည် စိတ်မြန်ကိုယ်မြန်ရှိသော တုကူးချင်းချင်း၏ စရိုက်နှင့် လိုက်ဖက်သည်ဟု ဆိုရမည်။ အရိပ်မဲ့ ဓားမြန်သိုင်းတွင် တုကူးချင်းချင်း၏ တိုးတက်အောင်မြင်မှု ပို၍ မြန်ဆန်သည်။ ပို၍သည်း အကြိုက်တွေ့သော သိုင်းဟန်များဖြစ်သည်ဟု ဆိုရပေမည်။

ယာယီစခန်းချကာ သိုင်းပညာ လေ့ကျင့်မှုကို အချိန်ပြည့် လုပ်နိုင်သောကြောင့် အောင်မြင်မှုများ ရရှိနေသည့်အတွက် သူတို့နှစ်ယောက်လုံး စိတ်တက်ကြွနေကြသည်။

တစ်လလောက် သည်အတိုင်းကြိုးစား လေ့ကျင့်လိုက်လျှင် မိမိတို့၏သိုင်းပညာအဆင့် သုံးလေးဆမျှ တိုးတက်လာမည်ဟု သူတို့နှစ်ယောက် မျှော်လင့်ကြသည်။

သို့ရာတွင်...

ယာယီစခန်းချကာ သိုင်းပညာ အချိန်ပြည့် ကြိုးစားလေ့ကျင့်မှု ဆယ်ရက်တင်းတင်း အပြည့်မှာပင် အန္တရာယ် အနှောင့်အယှက် ကျရောက်လာခဲ့သည်။

နံနက်စောစောတွင် ကျောင်းဖန်းယောင်တို့၏ ယာယီစခန်းအထက် ကောင်းကင်တွင် သိမ်းငှက်တစ်ကောင် ပျံဝဲလာသည်။

မြင်းဖြူတောင်ခြေ တောတောင်များသည် သိမ်းငှက်စသော ငှက်ရဲများရှိဘတ်သည့် နေရာဖြစ်ပေရာ သိမ်းငှက်တစ်ကောင် ဝဲပျံလာမှုသည် ထူးဆန်းသည်ဟု မဆိုနိုင်ပါ။

သို့သော် သည်သိမ်းငှက်ဝဲပျံနေပုံက သာမန်မြင်တွေ့နေကျ အခြေအနေနှင့်မတူ။ တစ်ခုခုကို အာဘက်စီးမှုကြည့်



နေသည့် အသွင်မျိုးဟု ကျောင်းဖန်းယောင်ရော တုကူးချင်းချင်းပါ ထင်မိကြသည်။

ယခင်တစ်ကြိမ် သိမ်းငှက်များ၏ တိုက်ခိုက်မှုခံခဲ့ရသည် ကိုလည်း သူတို့မမေ့ကြ။

သိမ်းငှက်သည် အချိန်အနည်းငယ်ကြာမျှ ဝဲပျံပြီးနောက် ရုတ်တရက် တစ်ဟုန်ထိုး ပျံသန်း ထွက်သွားသောအခါ ပို၍ သံသယပွားစရာ ဖြစ်လာရသည်။

"ဒီသိမ်းငှက်ကို ကြည့်ရတာ တစ်မျိုးပဲ၊ မလိုလဲလိုလဲ စခန်းနေရာပြောင်းကြရင် မကောင်းဘူးလား"

ကျောင်းဖန်းယောင်က တုကူးချင်းချင်းကို ပြောသည်။

"သံသယဖြစ်စရာရှိတယ်ဆိုရင်တော့ စခန်းပြောင်းကြတာပေါ့၊ ဒါပေမယ့် အခြေအနေကို စောင့်ကြည့် ပါဦးလား"

တုကူးချင်းချင်းက ပြန်ပြော၏။

အန္တရာယ်ရှိနိုင်စရာ သဲလွန်စ ပေါ်လာလျှင် ကြိုတင်ကာကွယ်ရှောင်တိမ်းသည့် အနေဖြင့် ယာယီစခန်းနေရာ ပြောင်းလဲရမည်ကို သူမသဘောပေါက်သည်။

သို့သော် ဤစခန်းမှာ ယာယီစခန်း ဆိုသော်လည်း အရိပ်မဲ့ ဓားမြန်သိုင်း လေ့ကျင့်ရန် ဟစ်လုံးတိုင်များ၊ ဓားလေ့ကျင့်ရေး စင်များ ဆောက်ထားသည့် အပြင် အရိပ်မဲ့ လက်နက်ပုန်းပညာ လေ့ကျင့်နိုင်ရန် ပစ်မှတ်စင် ၃-ခုကိုလည်း ယမန်နေ့ကမှ ပြုလုပ်ထားခဲ့ရာ သိုင်းလေ့

ကျင့်မှုတွင် လောဘကြီးသော တုကူးချင်းချင်းက စွန့်ခွာထွက်သွားဖို့ နှမြောသလိုဖြစ်နေသည်။ တွန့်ဆုတ်နေသည်။

စခန်းနေရာပြောင်းလျှင် အသစ်ပြန်ပြုလုပ်နေရဦးမည်။ အချိန်ကုန်၊ အချိန်ဖင့်နေဦးမည်။

''အင်းလေ....တစ်ရက်လောက်ဆက်နေပြီး အခြေအနေ ဘယ်လိုရှိမယ်ဆိုတာ စောင့်ကြည့်ကြတာပေါ့''

ကျောင်းဖန်းယောင်သည် စိတ်ထဲက ထင့်နေမိသော်လည်း အစိုးရိမ်ကြီးလွန်းသည့် သဘောရှိမည် စိုးသောကြောင့် အလောတကြီး စခန်းနေရာ ပြောင်းရန် မတိုက်တွန်းတော့။

သူတို့နှစ်ယောက် တစ်ရက်ပင် စောင့်မကြည့်ကြရပါ။ ထိုနေ့ နံနက်ပိုင်းမှာပင် အန္တရာယ်ပေါ်လာသည်။

*   *   *

နံနက်ပိုင်း သိုင်းလေ့ကျင့်မှု ပြုလုပ်ပြီးသည့်အချိန်။

ခါတိုင်းရက်များတွင်ဆိုလျှင် သိုင်းလေ့ကျင့်မှု လောဘကြီးသော တုကူးချင်းချင်းသည် ကျောင်း ဖန်း ယောင် လေ့ကျင့်မှု ရပ်နားလိုက်သည့်တိုင် မရပ်သေးဘဲ အချိန် အနည်းငယ် ဆက်၍ သိုင်းလေ့ကျင့်မှု လုပ်နေတတ်သည်။



သည်နေ့တွင်တော့ အန္တရာယ်ပေါ်နိုင်ကြောင်း သံသယဖြစ်စရာ ရှိနေသည်မို့ တုကူးချင်းချင်းသည် ကျောင်းဖန်းယောင်နှင့် ပြိုင်တူပင် သိုင်းလေ့ကျင့်မှု ရပ်နားသည်။

''အနီးအနားမှာ အသာကင်းလှည့် ကြည့်ရအောင်လား''

ကျောင်းဖန်းယောင်က ပြောသည်။

ခါတိုင်းရက်များတွင် တုကူးချင်းချင်း သိုင်းပညာဆက်လက် လေ့ကျင့်သောအခါ ကျောင်းဖန်းယောင်ကအနားတွင် ရပ်ကြည့်စောင့်ပေးမြဲဖြစ်သည်။ သည်နေ့နံနက်တွင်မူ နှစ်ယောက်အတူတူ သိုင်းလေ့ကျင့်မှု ရပ်နားသည့်အတွက် ကျောင်းဖန်းယောင်က စခန်းအနီးဝန်းကျင်ကို ကင်းလှည့်ကြည့်ရန် ခေါ်သည်။

''ကောင်းတယ်၊ သွားကြတာပေါ့''

နှစ်ယောက်သား အတူ ထွက်လာခဲ့ကြသည်။ သိုင်းလေ့ကျင့်ရာမှ ထွက်ခဲ့ကြသည်မို့ ဓားရှည်နှင့်လက်နက်ပုန်းများလည်း ကိုယ်စီပါရှိလာကြသည်။

သည်နေရာတွင် ယာယီစခန်းချနေခဲ့သည်မှာ (၉)ရက်ကျော်ကျော် (၁၀)ရက်နီးပါးရှိသည်မို့ သူတို့နှစ်ယောက်သည် စခန်း အနီးဝန်းကျင် ရေမြေ တောတောင်များကို ကျွမ်းကျင်နေကြသည်။

ပတ်ဝန်းကျင်အခြေအနေသည် ထူးခြားသလိုလို ရှိသည်ဟု နှစ်ယောက်လုံး ခံစားကြရသည်။ တစ်ယောက်မျက်နှာ တစ်ယောက် အချက်ပေးသလို ကြည့်မိကြသည်။

ပေါ်ပေါ်ထင်ထင်မဟုတ်တော့ဘဲ သစ်ပင်ချုံနွယ်များ နောက်တွင် မျက်ကွယ်ယူကာ ပုန်းလျှိုးကွယ်လျှိုး လျှောက်လှမ်းကြသည်။

သတိရှိရှိနှင့် သေသေချာချာ စူးစမ်းအကဲခတ်သည်။

ထိုသို့ သတိရှိမှု၏ အကျိုးကို ခံစားကြရသည်။

ယာယီစခန်းနှင့် မလှမ်းမကမ်းသို့အရောက် တောတိုးသံ ခပ်သဲ့သဲ့ကို ကြားကြရသည်။ အသံကတိုးညင်းသည်။ သူတို့နှစ်ယောက် သတိရှိရှိဖြင့် အာရုံစူးစိုက် နားစွင့်နေသောကြောင့်သာ ကြားမိကြရသည်။

နှစ်ယောက်သား တိုင်ပင်ထားကြသလို ခြေလှမ်းများ ရပ်ကြသည်။ တောတိုးသံပေါ်လာရာသို့ စူးစိုက်အကဲခတ်ကြည့်ကြသည်။

သစ်ကိုင်းအချို့ မသိမသာ လှုပ်ခါသည်ကို သတိထားကြည့်၍ မြင်ကြသည်။

ထိုမှတစ်ဖန် လှုပ်ရှားသော လူသဏ္ဌာန် သုံးခုကိုပါ တွေ့မိကြသည်။

ကျောင်းဖန်းယောင် နှင့် တုကူး ချင်း ချင်း တို့သည် အသက်ကိုင် ခပ်မှင်မှင်းလေးရှုကာ ငြိမ်၍စောင့်ကြည့်ကြသည်။

တစ်ချက်လေးမျှ မလှုပ်။

မည်သူမည်ဝါတွေဟု သေသေချာချာ မမြင်မသိရသေးသော်လည်း သူတို့၏ ယာယီစခန်းရှိရာသို့ တိတ်တဆိတ်



ချဉ်းကပ်လာသူ သုံးယောက် ဖြစ်ကြောင်းကတော့ သိသာနေလေပြီ။

တစ်စစ နီးကပ်လာသည်။

ထင်ထင်ရှားရှား ပီပီပြင်ပြင်မဟုတ်သော်လည်း လှုပ်ရှားပုံနှင့် ကိုယ်နေဟန်ထားတို့ကြောင့် ထိုလူ သုံးယောက်မှာ သိမ်းငှက်ရာဇာ တင်မူးဂါးနှင့် သူ၏လက်ရုံး သိုင်းသမားကြီး နှစ်ယောက်တို့ဖြစ်ကြောင်း သိကြရသည်။

* * *

ဟစ်ဖက်လူ သုံးယောက် မည်သူမည်ဝါ ဖြစ်ကြောင်း သိလိုက်ရသည်နှင့် တုကူး ချင်းချင်းက ရှဘ်ခြည်း လှုပ်ရှားတိုက်ခိုက်လေတော့သည်။

တုကူးချင်းချင်းသည် အရိုင်မဲ့ဓားမြန်သိုင်းကို အတော်ပင် တတ်မြောက်နေလေရာ အတောင်အလက် စုံခါစ ငှက်လေး ပျံချင်သလို မိမိလေ့ကျင့်တတ်မြောက်ထားသည့် အဆင့်မြင့် အစွမ်းထက် ဓားသိုင်းပညာကို သုံးချင်နေ၏။

မူလကပင် လက်ယားနေပြီး စိတ်မြန်လက်မြန်ရှိသူမို့ မိမိဘိုးကို ရန်ပြုရန် ချဉ်းကပ်လာကြသူများကို တွေ့သည်တွင် တစ်ခါတည်း တိုက်စစ်ဆင်လိုက်ခြင်းဖြစ်သည်။

ကျောင်းဖန်းယောင်ကမူ ခလွဲမရှောင်သာသည့် အခြေအနေမှလွဲ၍ ရင်ဆိုင်တိုက်ခိုက်ရန် စိတ်ကူးမရှိ။ တတ်နိုင်

သမျှ ရှောင်တိမ်းထွက်သွားဖို့သာ ကြံရွယ်ထားသည်။ သို့သော် တုကူးချင်းချင်းက ရုတ်တရက် ပြေးထွက်ကာ တိုက်စစ်ဆင်သည့်အတွက် ကျောင်းဖန်းယောင်လည်း ဘယ်လိုမျှ ဟန့်တားခြင်းမပြုနိုင်။

တစ်ဖက်ရန်သူ သုံးယောက်ကို တုကူးချင်းချင်း တစ်ဦးတည်း ရင်ဆိုင်ရသည့် အနေအထားမျိုး ဖြစ်မသွားရန်အတွက် ကျောင်းဖန်းယောင်က ဓပါးစေ့ လက်နက်ပုန်းများဖြင့် တင်မူဂါးနှင့် ကျန်းဆာ့တို့ကို လှမ်းပစ်သည်။

တိတ်တဆိတ် ချဉ်းကပ်လာကြသူ သုံးယောက်တွင် တုကျိုက ရှေ့ဆုံးမှ ဦးဆောင်လာသည်။ အတင်း ပြေးဝင်တိုက်ခိုက်သော တုကူးချင်းချင်းနှင့် ရှေ့ဆုံးမှ ဦးဆောင်လာသူ တုကျိုတို့ ထိပ်တိုက် ရင်ဆိုင် တွေ့မိကြလေပြီမို့ ကျောင်းဖန်းယောင်က နောက်ဘက်တွင် ရှိနေကြသော တင်မူးဂါးနှင့် ကျန်းဆာ့တို့ကို လှမ်းတိုက်ခိုက်ခြင်းဖြစ်၏။

မိမိ တတ်မြောက်ထားပြီးသမျှသော အရိပ်မဲ့ ဓားမြန်သိုင်းကို အကုန်အစင်ထုတ်သုံးတိုက်ခိုက်သည့်အတွက် တုကူးချင်းချင်း၏ ဓားချက်နှင့် လှုပ်ရှားမှုတို့က အလွန်ပင် မြန်ဆန်သည်။ သွက်လက်သည်။

တုကျိုမှာ ရိုးခနဲရိပ်ခနဲ လှုပ်ရှားသွားသည်ကို မသဲမကွဲသာ မြင်ရသည်။ ခုခံရှောင်တိမ်းရန် မဆိုထားနှင့် မည်သို့ဖြစ်ပျက်၍ ဘယ်သူက ဘယ်လို တိုက်ခိုက်လာသည်ကိုပင် ခွဲခြားမသိ။



ဓားချက် အထိခံရကာ တုံးခနဲ လဲကျသွား လေတော့သည်။

တင်မူးဂါးနှင့်ကျန်းဆာ့တို့ နှစ်ယောက်မှာလည်း လက်နက်ပုန်းများကို ရင်ဆိုင်ရသည့်အတွက် ထိတ်ထိတ်ပျာပျာဖြစ်ကြသည်။ ကမန်းကတန်း ရှောင်တိမ်းလိုက်ကြရသည်။

သူတို့သည် သူလျှို သိမ်းငှက်၏ သတင်း ပေး မှုဖြင့် ကျောင်းဖန်းယောင်တို့ ရှိနေကြသည့်နေရာကို သိသွားပြီး ရောက်လာကြရာ ကျောင်းဖန်းယောင်တို့နှင့် ရင်ဆိုင်ရန် မျှော်လင့် ပြင်ဆင်ထားကြသည်။

သို့ရာတွင် ကျောင်းဖန်းယောင်နှင့်တုကူးချင်းချင်းတို့က ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်လာမည်ဟုတော့ မတွက်မိကြ။ အဆင့်မြင့် အစွမ်းထက် ကိုယ်ဖော့ ပညာစွမ်းကို သုံးကာ အလွတ်ရုန်း ရှောင်တိမ်းထွက်သွားကြမည်ဟုသာ ခန့်မှန်းထားကြသည်။

ထို့ကြောင့် ကျောင်းဖန်းယောင်နှင့်တုကူးချင်းချင်းတို့ နှစ်ယောက် ကိုယ်ဖော့ပညာ သုံးကာ ရှောင်မပြေးနိုင်အောင် ဝိုင်းပတ်ပိတ်ဆို့လျက် အမိအရ ဖမ်းဆီးနိုင်ရန်အတွက်သာ စီစဉ်ပြင်ဆင်လာကြသည်။

ယခု တုကူးချင်းချင်းက ရုတ်တရက် အတင်းဝင် တိုက်ခိုက်လာသည့်အခါတွင် သူတို့ ကြိုတင်တွက်ချက် ပြင်ဆင်လာခဲ့ကြသည်တို့နှင့် လွဲချော်ကုန်တာ ခြေရှုပ်လက်ရှုပ်ဖြစ်ကုန်ကြသည်။

တုကူးချင်းချင်းသည် တုက်ျိကို တိုက်ခိုက် ချေမှုန်းပြီး နောက် တစ်ရှိန်ထိုး ဆက်ပြေး၍ ကျန်းဆာ့နှင့် တင်မူးဂါး တို့ထံ ပြေးဝင်လာသည်။

အလွန်မြန်သည်။

လူမရောက်မီ ဓားချက်က အရင်ရောက်လာတော့မည့် အသွင်မျိုး။

တင်မူးဂါးနှင့် ကျန်းဆာ့တို့ နှစ်ယောက်မှာ ရင်ဆိုင် တိုက်ပွဲအတွေ့အကြုံ ရင့်ကျက်နေကြသည့် ဝါရင့် သိုင်း သမားကြီးတွေ ဖြစ်ကြသော်လည်း သည်မျှလောက် မြန် ဆန်လှသော အရှိန်အဟုန်ဖြင့် တိုက်ခိုက်လာသည့် ဓား သိုင်းမျိုးကိုတော့ ယခု ပထမဆုံးအကြိမ် ရင်ဆိုင်ရခြင်း ဖြစ်သည်။

နှစ်ယောက်လုံး ထိတ်လည်းထိတ်လန့်၊ အံ့သည်းအံ့သြ ဖြစ်ကုန်ကြသည်။

လက်နက်ပုန်းများကို ရှောင်တိမ်း နေရသည့်အတွက် သိုင်းကွက်အနေအထား ပျက်ကာ ခြေရှုပ်လက်ရှုပ် ဖြစ်နေ ချိန်တွင် မြန်ဆန်သွက်လက်လွန်းလှသော ဓားချက်ကိုရင် ဆိုင်ဖို့ အလွန်ကို ခက်ခဲနေသည်။

တုကျိလို အဖြစ်မျိုး ကြုံရတော့မည့် ဆဲဆဲတွင်။

* * *



တင်မူးဂါးတို့နှင့် ဓားတစ်ကမ်းသာသာလောက်အကွာ သို့ အရောက်တွင် တုကူးချင်းချင်း၏ အလွန်မြန်ဆန် သွက် လက်စွာ ပြေးဝင်လာသော အရှိန်အဟုန် ရုတ်တရက် တုံ့ ရပ်သည်။

တင်မူးဂါးက တုကူးချင်းချင်းကို လက်ဝါး တစ်ချက် လှမ်းရိုက်သည်။

ဝါရင့်သိုင်းပညာရှင်ကြီး တစ်ယောက်ဖြစ်သည့်အတွက် တင်မူးဂါးသည် အံ့သြထိတ်လန့်ကာ နေသည့်ကြားမှပင် လက်ဝါးရိုက်ချက်တစ်ချက် ရိုက်ထုတ်နိုင်ခဲ့သည်။

ထိုသို့ လက်ဝါးရိုက်ချက် တစ်ချက်ရိုက်ထုတ်လိုက်သည့် အချိန်မှာပင် တုကူးချင်းချင်းသည် ဝေါခနဲ သွေးတစ်လုတ် အန်ထုတ်ကာ မခွဲယိုင်လဲကျသည်။

ဖြစ်ပျက်မှုများသည် အလွန်မြန်ဆန်သည်။

တုကူးချင်းချင်း ပြေးလွှားမှု အရှိန်အဟုန်တုံ့ရပ်သွား၊ တင်မူးဂါးက လက်ဝါးနှင့် ရိုက်လိုက်ခြင်း၊ တုကူးချင်း ချင်း သွေးအန်ကာလဲကျသွားခြင်းတို့သည် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်မျှလောက်သော တိုတောင်းလှသည့် အချိန် ပိုင်းလေးအတွင်း ဆက်တိုက်ဖြစ်ပျက်သွားခဲ့သည်။

ကျောင်းဖန်းယောင်နှင့် ကျန်းဆာ့တို့က တင်မူးဂါး လှမ်းရိုက်လိုက်သော လက်ဝါးရိုက်ချက် အထိခံရကာ တု ကူးချင်းချင်း ဒဏ်ရာရလဲကျသွားသည်ဟု ထင်မိကြသည်။

တင်မူးဂါးကိုယ်တိုင်ပင်လျှင် မိမိ ရိုက်ထုတ်လိုက်သော လက်ဝါးရိုက်ချက် တုကူးချင်းချင်းကို ထိသွားလေသလား ဟူ၍ပင် ထင်ယောင်မြင်မှားဖြစ်မိသည်။

တကယ်တော့ သူမသည် အရိပ်မဲ့ဓားမြန်သိုင်းကို အဆင့် ကျော်ကာ အားစိုက်ခွန်စိုက် သုံးလိုက်မိသောကြောင့် မိမိ၏ အတွင်းအား လည်ပတ်မှုကို ကောင်းစွာ မထိန်းနိုင်ဘဲ အတွင်းအားများ ရှုပ်ထွေးကုန်ပြီး အတွင်းဒဏ်ရကာ လဲကျသွားခြင်း ဖြစ်ပေသည်။

အရိပ်မဲ့ မော့ဘ်သိုင်းပညာသည် အံ့မခန်းလောက်အောင် လျင်မြန်သွက်လက်စွာ လှုပ်ရှားနိုင်မှုစွမ်းရည်ကို ထိရောက်စွာ အသုံးချသော သိုင်းပညာရပ် တစ်ခုဖြစ်သည်။

အမိက အခြေခံကတော့ အရိပ်မဲ့ ကိုယ်ဖော့ပညာပေ။ အရိပ်မဲ့ ကိုယ်ဖော့ပညာ တတ်မြောက်ကျွမ်းကျင်မှု အနေအထားပေါ်တွင် မူတည်၍သာ အရိပ်မဲ့ ဓားမြန်သိုင်းနှင့် အရိပ်မဲ့ လက်နက်ပုန်းပညာတို့ကို အသုံးပြုရသည်။

သူမသည် စစ်ဖက်ရန်သူကို အနိုင် တိုက်ခိုက်လိုစိတ် ပြင်းပြပေရာ လှုပ်ရှားရှောင်တိမ်းမှုတွင်သာ ထိထိရောက်ရောက် သုံးနိုင်သော အရိပ်မဲ့ ကိုယ်ဖော့ပညာထက် ထိထိရောက်ရောက် တိုက်ခိုက်နိုင်သော အရိပ်မဲ့ ဓားမြန်သိုင်းကို ပို၍ သဘောကျသည်။

အရိပ်မဲ့ ဓားမြန်သိုင်းကို ပို၍လေ့ကျင့်ခဲ့ရာ ဉာဏ်လည်းကောင်း၊ ဝီရိယလည်းရှိ၊ စိတ်ဓာတ်ကလည်းတက်ကြွသည့်အတွက် အတော်လေးပင် အောင်မြင်တိုးတက်မှုရှိခဲ့သည်။



သူမ၏ အရိပ်မဲ့ ဓားမြန်သိုင်းသည် အရိပ်မဲ့ ကိုယ်ဖော့ပညာ စွမ်းရည်ထက်ပင် အဆင့်ပို၍ နေသည်။

အစပိုင်း တုကျိကို ရင်ဆိုင်တိုက်ခိုက်ခဲ့သည့်အချိန်ကပင် တုကူးချင်းချင်း ဓားချက်သွက်လက်မှုသည် ကိုယ်ဖော့ပညာ လှုပ်ရှားမှုထက် အဆင့်ပိုကျော်လွန်နေသည်။

တုကျိကို အနိုင်ယူချေမှုန်းလိုက်သော အခါတွင် ကိုယ်ဖော့ လှုပ်ရှားမှု အရှိန်အဟုန်သည် ဓားချက်၏ မြန်ဆန်မှုကို ဘယ်လိုမျှ လိုက်မမီတော့။

တင်မူးဂါးတို့ကို ဆက်လက်၍ တိုက်ခိုက်ရန် တိုက်စစ် အဟုန်မြှင့်သော အခါတွင်တော့ အတွင်းအားများကို စနစ်တကျ မထိန်းသိမ်းနိုင်တော့ဘဲ လည်ပတ်ရှုပ်ထွေးကုန်လျက် အတွင်းဒဏ်ပင် ရသွားချေတော့သည်။

* * *

တုကူးချင်းချင်း လဲကျသွားသောအခါ ကျောင်းဖန်းယောင်လည်း ဓားဆွဲကာ အတင်းပြေးလျက် တိုက်ပွဲနေရာသို့ ဝင်လာခဲ့သည်။

အရိပ်မဲ့ ဓားမြန်သိုင်းကိုပင် သုံးသည်။

တင်မူးဂါးနှင့် ကျန်းဆာ့တို့နှစ်ယောက်မှာ တုကူးချင်းချင်း၏ အရိပ်အယောင်ပင် သဲသဲကွဲကွဲ မမြင်နိုင်ဘဲ သွက်လက် မြန်ဆန်လွန်းလှသော ဓားသိုင်းပညာစွမ်းကို လတ်

တလော မျက်မြင် တွေ့ကြုံခဲ့ရပေရာ ယခု ကျောင်းဖန်းယောင်ကလည်း တုကူးချင်းချင်း၏ ဓားသိုင်းဟန်အတိုင်း ပြေးဝင်တိုက်ခိုက်လာသည်တွင် ထိပ်တိုက်ရင်ဆိုင်ခြင်း မပြုရဲကြ။

ပြိုင်တူပင် နောက်သို့ ခုန်ဆုတ်လိုက်ကြသည်။

ကျောင်းဖန်းယောင်မှာ ခပ်အေးအေး နေတတ်ပေရာ တုကူးချင်းချင်းလောက် တိုက်ခိုက်ချင်စိတ်မများ။ သိုင်းလေ့ကျင့်ရာတွင်လည်း တုကူးချင်းချင်းလို လောဘမကြီး။

သူ၏ အရိပ်မဲ့ဓားမြန်သိုင်းသည် တုကူးချင်းချင်းနှင့် စာလျှင် အဆင့်နိမ့်သေးသော်လည်း သူလေ့ကျင့် အောင်မြင်ထားသမျှသော အရိပ်မဲ့ကိုယ်ဖော့ပညာစွမ်းရည်နှင့်တော့ အံဝင်ခွင်ကျ လိုက်လျောညီထွေ ရှိနေသည်။

သူ၏ ဓားသိုင်းဟန်က ပိုစနစ်ကျသည်။ ပိုအကွက်မိသည်။

ထို့ပြင် ကျောင်းဖန်းယောင်သည် တင်မူးဂါးတို့ကို တိုက်ခိုက်ချေမှုန်း အနိုင်ယူရန်ထက် ဒဏ်ရာရထားသော တုကူးချင်းချင်းကို ကယ်ထုတ်ရန် ပို၍စိတ်အားသန်သည်။

တင်မူးဂါးနှင့် ကျန်းဆာ့တို့ နောက်ဆုတ်သွားသောအခါ အတင်းလိုက်၍ ဖိမတိုက်တော့။

လဲကျ သတိလစ်နေသော တုကူးချင်းချင်းကို ပွေ့ယူသည်။ တင်မူးဂါးတို့ကို ဟန့်တားသည့်အနေဖြင့် စပါးစေ့ လက်နက်ပုန်းတစ်ဆုပ် လွှမ်းပစ်သည်။



ထို့နောက် တုကူးချင်းချင်းကိုပွေ့ယူကာ တစ်ဟုန်ထိုး ပြေးထွက် ရှောင်တိမ်းသွားသည်။

တင်မူးဂါးနှင့် ကျန်းဆာ့တို့မှာ နောက်သို့အသာဆုတ်သွားကြရာမှ လက်နက်ပုန်းများတို့လည်း ဖယ်ရှားရှောင်တိမ်းကြရပြန်ရာ ကျောင်းဖန်းယောင်၏ နောက်သို့ ချက်ချင်း မလိုက်နိုင်ကြ။

လက်နက်ပုန်းများကို ဖယ်ရှား ရှောင်တိမ်းပြီးချိန်တွင်တော့ ကျောင်းဖန်းယောင်မှာ သူတို့မြင်ကွင်းမှ ပျောက်ကွယ်သွားလေပြီ။

လိုက်မမီနိုင်တော့။

"သူတို့ရဲ့ဓားသိုင်းက အရမ်းမြန် အရမ်းသွက်တာပဲ၊ ဒီရက်ပိုင်းအတွင်းမှာ အရိပ်မဲ့မှော်သိုင်းတို့ ပိုလေ့ကျင့် အောင်မြင်နေပုံ ရတယ်"

ကျန်းဆာ့က ပြောသည်။

"ဟုတ်တယ်၊ ဒါပေမယ့် သူတို့ပြေးလို့ မလွတ်နိုင်ပါဘူး"

တင်မူးဂါးက ပြန်ပြောပြီး ကောင်းကင်ယံတွင် ပျံဝဲနေသော သူလျှိုသိမ်းငှက်အား ကျောင်းဖန်းယောင်တို့ နောက်သို့လိုက်ရန် အချက်ပေး အသံပြုလိုက်လေသည်။

* * *

အတွင်းဒဏ်ရာရကာ သတိလည်းလစ်နေသော တုကူးချင်းချင်းကိုငဲ့ညှာရန်ရှိသောကြောင့် ကျောင်းဖန်းယောင်သည် ဝေးဝေးသို့ ထွက်ပြေးမသွားခဲ့ပါ။

တင်မူးဂါးတို့လက်မှ လွတ်အောင် ရှောင်ထွက်လာနိုင်ပြီးသည့်နောက် ပုန်းအောင်းကာ တုကူးချင်းချင်းကို အရေးပေါ်ကုသပေးနိုင်မည့် မျက်ကွယ်ကောင်းမည့်နေရာတစ်ခုကို အမြန်ရှာသည်။

ကံအားလျော်စွာပင် ကျောက်ဂူငယ်တစ်ခုကို ရှာတွေ့သည်။

ကျောက်ဂူသည် တောင်ကြောငယ်တစ်ခု၏ အလယ်ပိုင်းလောက်တွင် ရှိသည်။ ဂူဝရှိသည့် တောင်ကြောနေရာသည် အတော်လေး မတ်စောက်သည်။ တောင်ကမ်းပါးယံတစ်ခုလိုပင် ဖြစ်နေသည်။ တောင်ကြောအောက်ခြေမှ ဂူဝသို့ ပေငါးဆယ် ကျော်ကျော်လောက် မြင့်သည်။

ခပ်စောက်စောက် တောင်ကမ်းပါး ရှိနေသော်လည်း ကိုယ်ဖော့ပညာကောင်းလျှင်တော့ အခက်အခဲမရှိဘဲ တက်နိုင် ဆင်းနိုင်သည်။ ဂူပေါက်နေရာအနီးတွင် ချုံပုတ်ငယ်နှင့် ပေါင်းမြက်များရှိနေရာ ခေါင်းမော့၍ သေသေချာချာ စူးစမ်းကြည့်ရှုမှသာ ဂူရှိကြောင်းသိမြင်နိုင်သည်။

သာမန်ကာလျှံကာ ကြည့်လျှင်မူ ဂူဝကို မြင်တွေ့မည်မဟုတ်။

ပေငါးဆယ်ကျော် အထက်စီးတွင်ရှိနေသည့် ဂူမှနေ၍ တောင်ကြောအောက်ခြေဘက် နေရာအတော်များများကို



ကောင်းကောင်း မြင်နိုင်တွေ့နိုင်သည်။ ရန်သူချဉ်းကပ်လာသည်ကို ကြိုတင်သိရှိနိုင်သည်။

ကျောင်းဖန်းယောင်သည် အရိပ်မဲ့ ကိုယ်ဖော့ပညာသုံးကာ သတိလစ်နေသော တုကူးချင်းချင်းကိုပွေ့ချီကာ ကျောက်ဂူသို့အရောက် အလွယ်ပင် တက်ရောက်နိုင်ခဲ့သည်။

ဂူသည် ခပ်ကျဉ်းကျဉ်းသာ ဖြစ်သည်။ သစ်ရွက်ခြောက်များ၊ မြက်ခြောက်များ ဂူထဲတွင်ရှိနေသည်။ ကျောင်းဖန်းယောင်သည် သစ်ရွက်ခြောက်နှင့် မြက်ခြောက်တို့စုယူကာ ယာယီမွေ့ရာတစ်ခု လုပ်လိုက်သည်။

တုကူးချင်းချင်းကို ထိုယာယီ မွေ့ရာပေါ် တင်ကာ အရေးပေါ်ပြုစုကုသမှု လုပ်သည်။ ဒဏ်ကြေအားတိုးဆေးအဖြစ်လည်း အာနိသင်ထက်မြက်သည့် မဟူရာကမာခွံကို သွေး၍ တိုက်ကျွေးသည်။

အချိန်အနည်းငယ်အတွင်းမှာပင် တုကူးချင်းချင်း သတိပြန်ရလာသည်။

"ကျွန်မ ဘာဖြစ်သွားတာလဲ"

သတိပြန်ရလာသည်နှင့် သူမက မေးသည်။

"တို့မြင်လိုက်တာကတော့ တင်မူးဂါးရဲ့ လက်ဝါးရိုက်ချက် အထိခံရပြီး ညီမ သတိလစ်လဲကျသွားတာပဲ၊ ဒါပေမယ့် ထူးဆန်းတာက ညီမရဲ့ကိုယ်ပေါ်မှာ လက်ဝါးရိုက်ချက်အထိခံရတဲ့ ဒဏ်ရာဒဏ်ချက်မတွေ့ရဘူး၊ အတွင်းဒဏ်တော့ အတော် ပြင်းပြင်းထန်ထန်ရနေတယ်"

တုက္ကူးချင်းချင်းကို အရေးပေါ် ပြုစုကုသပေးခဲ့စဉ်က လက်ဝါးရိုက်ချက်ဒဏ်ရာကို ရှာကြည့်ခဲ့ရာ ဘာမှမတွေ့ခဲ့ရသည့်အတွက် ကျောင်းဖန်းယောင် အစဉ်းစားရခက်နေသည်။ ထိုအကြောင်းကို သူမအားထုတ်ပြောသည်။

တုက္ကူးချင်းချင်းလည်း သူမကိုယ်သူမ ဆင်ခြင်စစ်ဆေးကြည့်သည်။ အတွင်းအား စုစည်းလည်ပတ်ကြည့်ရာ ရင်ဘတ် အောင့်ခနဲဖြစ်လျက် သွေးတစ်လုတ်အန်သည်။

"ဟာ.... အတွင်းအား မစုစည်းနဲ့လေ၊ ဒီလောက်အတွင်းဒဏ်ပြင်းထန်နေတာ ဘယ်လိုလုပ်ပြီး အတွင်းအားစုစည်းလို့ရနိုင်မှာလဲ၊ မလုပ်နဲ့....မလုပ်နဲ့"

ကျောင်းဖန်းယောင်က စိုးရိမ်တကြီးပြောသည်။

အရေးပေါ် အသက်ကယ် သွေးကြောကွက်ကိုလည်း အမြန်ပင် ထိုးနှိပ်ပြုစုပေးသည်။

"ကျွန်မသိပြီ၊ တင်မူးဂါးတ လက်ဝါးနဲ့လှမ်းရိုက်ဖို့လုပ်ပေမယ့် သူ့လက်ဝါးရိုက်ချက်က ကျွန်မဆီ အလှမ်းမမီဘူး၊ ကျွန်မ ဘာလက်ဝါးရိုက်ချက်မှ အထိမခံရဘူး"

တုက္ကူးချင်းချင်းသည် အတွင်းအားစုစည်းခြင်း မလုပ်တော့ဘဲ ဖြေလျှော့ပစ်လိုက်ပြီးပြောသည်။

အသံကတော့ သိသိသာသာပင် မောသံစွက်နေသည်။

"ဒါဆို ဘာကြောင့် သတိလစ် လဲကျသွားတာလဲ၊ အတွင်းဒဏ် ပြင်းပြင်းထန်ထန်ရတာလဲ"

"အဲဒါကတော့ စဉ်းစားရခက်စရာပဲ၊ ဘယ်လိုအခြေအနေတွေဖြစ်ပေါ်ရင် အတွင်းဒဏ်ရနိုင်တာလဲ"



"တစ်ဖက်လူရဲ့ တိုက်ချက် အထိခံရတာရယ်၊ အဆိပ်မိတာရယ်၊ အတွင်းအားလေ့ကျင့်ရင်း စိတ်အာရုံထွေပြားပြီး သွေးလေလည်ပတ်မှု လမ်းကြောင်းတွေ မှားကုန်တာရယ်၊ ပြီးတော့...."

ကျောင်းဖန်းယောင်က အတွင်းဒဏ် ပြင်းပြင်းထန်ထန် ရစေနိုင်သည့် အကြောင်းရင်းများကို တစ်ခုချင်း ရေရွတ်ပြသည်။

"လှုပ်ရှားတိုက်ခိုက်နေရင်း ကျွန်မဘာသာ အတွင်းအားတွေ ရှုပ်ထွေးကုန်တာဖြစ်နေမလားမသိဘူး"

သူမက စကားဝင်ထောက်ပေးသည်။

ကျောင်းဖန်းယောင်သည် ရိုးသား အေးဆေးသော်လည်း ဉာဏ်အစော်ကောင်းပေရာ ဖြစ်နိုင်ခြေရှိသည့် အကြောင်းရင်းကို စဉ်းစားမိသွားသည်။

"ညီမထုတ်သုံးလိုက်တဲ့ အရိုပ်မဲ့ဓားမြန်သိုင်းရဲ့ စွမ်းရည်နဲ့အရှိန်အဟုန်ကို ညီမရဲ့ အရိပ်မဲ့ကိုယ်ဖော့ပညာက အမီမလိုက်နိုင်တာကြောင့်ဖြစ်လိမ့်မယ်"

"ဟုတ်တယ်....ဟုတ်တယ်၊ အစ်ကိုပြောသလိုပဲ ဖြစ်မှာ၊ ကျွန်မ ဘာကြောင့်များ ဒီအကြောင်းကို မစဉ်းစားမိတာပါလိမ့်"

အတွင်းဒဏ်ရရှိမှု၏ အကြောင်းရင်းမှန်ကို ဖော်ထုတ်နိုင်သည့်အတွက် ဘယ်လိုကုသရမည်ကိုလည်း သိသွားကြသည်။

* * *

''အလို...ဒီမှာ ဘာလဲ၊ ထယ်မို ခဏရပ်စမ်း''

တောလည်ကျားရိုင်း တန်ခက်ဟင်း၏ အရေးတကြီး ပြောလိုက်မှုကြောင့် ကျားရဲယန်ထယ်မိုသည် မနေ့းမမြန် မောင်းနှင်နေသောမြင်းလှည်းကို ချက်ချင်း ဇက်ဆွဲရပ်တန့် လိုက်သည်။

''ဘာလဲ အစ်ကိုကြီး၊ ဘာတွေ့လို့လဲ''

မေးခွန်းလည်း ထုတ်လိုက်သည်။

''ခြေရာ လတ်လတ်ဆတ်ဆတ်တွေတွေ့ရလို့''

တန်ခက်ဟင်းသည် မြင်းလှည်းပေါ်မှ လွှားခနဲခုန်ဆင်း ရင်းပြောသည်။

''ဘယ်သူ့ ခြေရာတွေလဲ၊ ကျောင်းဖန်းယောင်တို့ရဲ့ ခြေရာတွေလား''

''ဟုတ်တယ်၊ ကျောင်းဖန်းယောင်ရဲ့ခြေရာ၊ လတ်လတ် ဆတ်ဆတ်ကြီးကွ၊ သူ ဒီအနီးအနားမှာပဲရှိလိမ့်မယ်''

တန်ခက်ဟင်းနှင့်ယန်ထယ်မိုတို့သည် အခြေယိုင်နေလေ သော ကျားဘုရင်ဂိုဏ်းသို့ ပြန်မသွားကြတော့၊ အရိပ်မဲ့ မှော်သိုင်းပညာကို အရယူပြီး ကျားဘုရင်ဂိုဏ်းအသစ်ကို ဦးဆောင် တည်ထောင်မည်ဟူသော စိတ်ကူးများဖြင့် ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်းတို့နောက်သို့သာ သဲကြီးမဲကြီးခြေရာခံလိုက်နေကြသည်။

ခြေရာကောက်မှုတွင် အထူးကျွမ်းကျင်လှသော တန် ခက်ဟင်းသည် ကျောင်းဖန်းယောင်ကိုမျက်ခြည်ပြတ်မသွား ရအောင် ခြေရာခံလိုက်နေနိုင်သော်လည်း နေရာအပြောင်း



အရွှေ့များလှသည့် ကျောင်းဖန်းယောင်တို့အား တွေ့ အောင် မရှာနိုင်သေးပေ။

လက်မတင်လေး ကပ်၍လွဲနေသည်။

ယခုလည်း ကောက်မိထားလက်ာ ခြေရာလမ်းကြောင်း အတိုင်း မြင်းလှည်းငယ်လေးတစ်စီးဖြင့် လိုက်လာခဲ့ကြရာ ကျောင်းဖန်းယောင်၏ ခြေရာလတ်လတ်ဆတ်ဆတ်ကို တွေ့ ရှိသွားခြင်းဖြစ်သည်။

ထိုနေရာမှာ ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်း တို့ ပုန်းအောင်းနေကြသည့် ကျောက်ဂူရှိရာ တောင်ကြော လေးနှင့် သိပ်မဝေးပါ။

ကျောင်းဖန်းယောင် တို့သည် နေရာပြောင်းရွှေ့သွား ရာတွင် ခြေရာလက်ရာများကို တတ်နိုင်သမျှ ဖျောက်ဖျက် ပစ်ကြသည်။

တန်ခက်ဟင်းသည် ခြေရာကောက်မှုတွင်ကျွမ်းကျင်လျက် အတွေ့အကြုံလည်း များစွာရှိသူမို့ ကျောင်းဖန်းယောင် တို့၏ ခြေရာများကို ကောက်နိုင်နေသော်လည်းလွယ်လွယ် ကူကူတော့မဟုတ်ပါ။

အတော်ပင် ကြိုးစားအာ စူးစမ်းရှာဖွေရသည်။ ဦး နှောက်ခြောက်မတတ် စဉ်းစား တွက်ချက်ရသည်။ ထို့ ကြောင့်အချိန်များစွာကုန်ကာကျောင်းဖန်းယောင်တို့အား ရှာမတွေ့နိုင်သေးဘဲ ရှိနေခဲ့သည်။

ယခုမူ တင်မူးဂါးတို့၏ရန်ပြုမှု အန္တရာယ်မှလွတ်အောင် ရှောင်ပေးရသည့်အပြင် တုကူးချင်းချင်းလည်း အတွင်း

ဒဏ်ရကာ သတိလစ်နေသောကြောင့် ခါတိုင်းလို ခြေရာ လက်ရာများ ဖျောက်ဖျက်ပစ်ခြင်း မလုပ်နိုင်။

သူတို့အလောတကြီး ရှောင်တိမ်း ထွက်ပြေးခဲ့ရာ လမ်းကြောင်းတစ်လျှောက်တွင် လတ်လတ်ဆတ်ဆတ် ခြေရာများ ကျန်နေခဲ့သည်။

ခြေရာကောက် ကျွမ်းသော တန်ခက်ဟင်း အနေဖြင့် ကျောင်းဖန်းယောင်၏ခြေရာလက်ရာ လတ်လတ်ဆတ်ဆတ်များကို ရှင်းရှင်းကြီးပင် တွေ့မြင်သွားခဲ့သည်။

"ဒီတစ်ခါတော့ သူတို့ကို မီအောင်လိုက်နိုင်တော့မယ်။ ကြည့်ရတာ တုကူးချင်းချင်းဒဏ်ရာရနေပုံပဲ"

ခြေရာကောက ကျွမ်းကျင်လှသော တန်ခက်ဟင်းသည် မည်သို့ဖြစ်ပျက်နေနိုင်သည်ကိုပါ မှန်းဆနိုင်ခဲ့သည်။

"တုကူးချင်းချင်းက ဘယ်လိုလုပ် ဒဏ်ရာ ရခဲ့တာလဲ ဟင် အစ်ကိုကြီး"

"အဲဒါတော့ ငါလဲ ဘယ်လိုလုပ် အတိအကျ ပြောနိုင်မှာလဲ....သူတို့ကို ရှာတွေ့ရင် သိရမှာပေါ့၊ လာ....သူတို့နောက် အမြန်လိုက်ကြမယ်"

နှစ်ယောက်သား မြင်းလှည်းလေးပေါ် တက်ကာ လတ်လတ်ဆတ်ဆတ် ရှိနေသော ခြေရာ လမ်းကြောင်းအတိုင်း လိုက်ကြသည်။

လမ်းဟူ၍ မည်မည်ရရမရှိ။ တောတိုးကာ သွားကြရသည်။ တောက သိပ်မထူထပ်သည့် အပြင် ယန်ထယ်မိုကလည်း မြင်းလှည်းမောင်း ကျွမ်းလှသည့် အတွက် ခရီးဖင့်



ခြင်းမရှိ။ မြင်းလှည်းနှင့်သွားသည့် အတွက် ပို၍ဝင်ခရီးတွင်လေသေးသည်။

တောင်ကြောလေး တစ်ခုနှင့်မလှမ်းမကမ်းသို့အရောက်တွင်....။

*　*　*

ကျောင်းဖန်းယောင်တို့ ပုန်းအောင်း နေကြသော တောကြောလေးနှင့် မလှမ်းမကမ်းသို့ အရောက်တွင် တန်ခက်ဟင်းတို့၏ မြင်းလှည်းလေးသည် တင်မူးဂါးတို့ ဆရာတပည့်နှစ်ယောက်နှင့်ဆုံမိကြသည်။

သူလျှို သိမ်းငှက်၏အစွမ်းဖြင့် တင်မူးဂါးသည်ကျောင်းဖန်းယောင်တို့ ရှိနေသည့်နေရာကိုသိရှိကာ လက်ရုံးတပည့်ကြီးကျန်းဆာ့နှင့်အတူ အမြန်လာခဲ့ကြရာမှ အကြံတူ လှုပ်ရှားမှု တူနေကြသော တန်ခက်ဟင်းတို့ သွေးသောက် ညီနောင်နှစ်ယောက်နှင့် ဆုံမိကြသည်။

နှစ်ဖက်လုံး ဣန္ဒြေမပျက်အောင် ထိန်းလိုက်ကြသည်။ သို့ရာတွင်....

တင်မူးဂါးနှင့် ကျန်းဆာ့တို့ ဘာ့ကြောင့် သည်နေရာရောက်လာကြသည်ဆိုခြင်းကို တန်ခက်ဟင်းတို့ရိပ်မိကြသလို တန်ခက်ဟင်းနှင့် ယန်ထယ်မိုတို့၏ ရည်ရွယ်ချက်ကိုလည်း တင်မူးဂါးတို့က အကဲခတ်မိကြသည်။

"အလို....တန်ခက်ဟင်းနဲ့ ယန်ထယ်မိုတို့ပါလား၊ ဘာ လေတိုက်ပြီး ဒီတောထဲတောင်ထဲ ရောက်လာကြတာလဲ"

တင်မူးဂါးက ဟန်မပျက်ပင် နှုတ်ဆက်စကားဆိုလိုက် သည်။

"ဆေးမြစ်လေး သစ်ခွပန်းလေး ရှာရင်းဆိုပါတော့၊ ခင်ဗျားတို့ကကော ဘာအကြောင်းကိစ္စရှိလို့လဲ"

တန်ခက်ဟင်းက အဖြေပေးရင်း ပြန်မေးခွန်း ထုတ် သည်။

"ရိက္ခာစိုအတွက် တောလည်ထွက်လာတာပါ"

တင်မူးဂါးက ပြန်ပြောသည်။

ကြည့်ကောင်းအောင် ပြောသော အကြောင်းပြချက် စကားများဖြစ်ကြောင်း နှစ်ဖက်လုံးက နားလည်ကြသည်။

သို့သော် သံသယဖြစ်ဆည့် အမူအရာမပြမိအောင် အမူ အရာထိန်းကြသည်။ ယုံကြည်သည့် အသွင် ဆောင်နေကြ သည်။

အပြန်အလှန် နှုတ်ဆက်စကား ဆိုပြီးလျှင် တင်မူးဂါး တို့ ဟန်မပျက်ဆက်ထွက်သွားကြမည်ဟု တန်ခက်ဟင်းတို့က မျှော်လင့်သည်။ တင်မူဂါးတို့ ကလည်း သည်အတိုင်းပင် ဆန္ဒရှိကြသည်။

ဒါမှသာလုပ်စရာရှိသည်များကို ဆက်လုပ်နိုင်မည်မဟုတ် ပါလား။



ယန်ထယ်မိုက မြင်းဇက်ကြိုးမကိုင်သလို တင်မူးဂါးတို့ ကလည်း ခြေလှမ်းပင်မပြင်။ နေရာတွင်ပင် ရပ်မြဲရပ်နေ ကြသည်။

တစ်ဖက်ကိုတစ်ဖက် သွားနိုးနိုးနှင့် စေတ္တ အကဲခတ်ကြ သည်။ သည်နေရာမှ မသွားဘဲ 'ကပ်'နေလျှင်လည်း မိမိတို့ ၏ အကြံအစည် ပေါ်သွားမည် ကိုလည်း စိုးရိမ်ရ လေရာ အသာထွက်သွားမည့်ဟန်ပြပြီး တစ်ဖက်လှည့်နှင့် ကျောင်း ဖန်းယောင်တို့ထံ သွားကြရန် နှစ်ဖက်လုံးက စိတ်ကူး ပေါက်ကြသည်။

"သွားလိုက်ဦးမယ်"

"သွားပြီဗျို့"

စိတ်ကူးတူကြသည့်အတိုင်း တင်မူးဂါးနှင့် တန်ခက် ဟင်းတို့နှစ်ယောက် ပြိုင်တူပင် ပြောထွက်သွားကြသည်။

ပြောထွက်သွားပြီးမှ နှစ်ယောက်လုံး နောင်တရသလို ဖြစ်သည်။

သို့သော် ဘာမှ မတတ်နိုင်ကြတော့။ ယန်ထယ်မိုက ဇက်ကြိုးကိုဆတ်ကာ လှည်းဆွဲမြင်းကို မောင်းလိုက်သလို တင်မူးဂါးနှင့် ကျန်းဆာ့တို့နှစ်ယောက်လည်း ခြေလှမ်း သွက်သွက်ဖြင့် ဆက်ထွက်သွားကြသည်။

တစ်ဖက်နှင့်တစ်ဖက် မျက်ကွယ်နေရာများသို့ ရောက် သွားကြသည်နှင့်....

* * *

မိမိကိုယ်တိုင်၏ ပယောဂကြောင့် အတွင်းဒဏ်ရရှိလျှင် အကောင်းဆုံးနှင့် ထိရောက်မြန်ဆန်ဆုံးသော ကုထုံးမှာ မိမိဘာသာ အတွင်းအား လည်ပတ် ကုသခြင်း ဖြစ်သည်။ အတွင်းအားကို ချိန်ဆစုစည်းနိုင်ရန်တော့ အရေးကြီးသည်။

ထို့ပြင် မိမိနှင့် အတွင်းအားကျင့်စဉ် အခြေခံချင်းတူသော သိုင်းသမားတစ်ယောက်က အတွင်းအားဖြည့်သွင်းထောက်ကူပေးနိုင်လျှင် ကုသမှုပိုထိရောက်သည်။ အချို့တို့ အတွင်း အတွင်းဒဏ်သက်သာနိုင်သည်။

တုကူးချင်းချင်းတို့ ပင်လယ်ဂေဟာ၏ အတွင်းအားကျင့်စဉ်နှင့် အရှေ့ပင်လယ်ဒေသ၏ အတွင်းအားကျင့်စဉ်နှင့် အခြေခံအားဖြင့်တူညီသည်။ လေ့ကျင့်မှုအဆင့်အချို့တွင် ကွဲပြားခြားနားမှုအတန်အသင့်တော့ရှိသည်။

ကျောင်းဖန်းယောင်တို့ ကျွန်းနက်စံအိမ် မိသားစု၏ အတွင်းအားကျင့်စဉ်ကတော့ အရှေ့ပင်လယ်အတွင်းအားကျင့်စဉ် အပြည့်အဝ အစစ်အမှန်ဖြစ်သည်။

ရရှိထားသော အတွင်းဒဏ်ပျောက်အောင် တုကူးချင်းချင်းက အတွင်းအား စုစည်းလည်ပတ်ကုသလျှင် အတွင်းအား ဖြည့်သွင်းထောက်ကူ ပေးနိုင်သည့် အခြေအနေ ကျောင်းဖန်းယောင်တွင် ကောင်းစွာ ရှိနေသည်ဟု ဆိုရမည်။



ကျောင်းဖန်းယောင်က မြက်ခြောက်၊ သစ်ရွက်ခြောက်များဖြင့် ပြုလုပ်ပေးထားသော ယာယီမွေ့ရာပေါ်တွင် တုကူးချင်းချင်းကထိုင်ကာ အတွင်းအားစုစည်းလည်ပတ်မှုကို ချိန်ချိန်ဆဆနှင့် ဖြည်းဖြည်းမှန်မှန် စတင်ပြုလုပ်သည်။

ကျောင်းဖန်းယောင်က အနားမှ စောင့်ကြည့်သည်။ ဖေးမကူညီမှုများလုပ်ပေးသည်။ အတွင်းအားကို အနည်းငယ်မျှလောက်သာ အထူးသတိထား စုစည်းလည်ပတ်နေရသည်မို့ အတွင်းအား ဖြည့်သွင်းကုသမှု မပြုလုပ်နိုင်သေးပါ။

တုကူးချင်းချင်း၏ အတွင်းအားစုစည်းမှုအတော်အတန်အရှိန်ရလာသည့်အခါတွင် ကျောင်းဖန်းယောင်က သွေးကြောများကို ထိုးနှိပ်ထောက်ကူမှုပေးသည်။ တုကူးချင်းချင်း၏ အတွင်းအားလည်ပတ်မှု ပိုချောမွေ့ အဆင်ပြေလာသည်။

ဤအခါတွင်မှ အတွင်းအား ဖြည့်သွင်းကုသမှု ပြုလုပ်သည်။

သူမ၏ နောက်ဘက်တွင်ထိုင်ကာ ကျောဆစ်ရိုးတစ်လျှောက်ရှိ သွေးကြောကွက်များအပေါ် လက်ဝါးဖြင့် ဖိကပ်ကာ အတွင်းအားသုံး၍ ထိုးနှိပ်ပေးသည်။

အလွန်အရေးကြီးသည့် အချိန်အခါ ရောက်နေသည်မို့ ကျောင်းဖန်းယောင်က ရန်မူမည့်လူများ ရောက်မလာစေရန် ကိုးကွက်၍ဆုတောင်းနေမိသည်။ ယခုအချိန်တွင် ရန်သူ

များရောက်လာလျှင် တုက္ကူးချင်းချင်းရော ကျောင်းဖန်းယောင်ပါ လည်စင်းပေးကြရဖို့သာရှိနေသည်။

သူတို့နှစ်ယောက်သည် ဂူပေါက်ဝဘက် မျက်နှာမူကာ ရှေ့နောက် ထိုင်နေကြသည်။ တုက္ကူးချင်းချင်းက မျက်စိစုံမှိတ်ကာ စိတ်အာရုံများ တည်ငြိမ်အောင် ပြုလုပ်လျက် အတွင်းအားစုစည်းလည်ပတ်မှုကို အထူးဂရုပြုလုပ်ဆောင်နေသည်။

ကျောင်းဖန်းယောင်ကလည်း စိတ် ငြိမ် ငြိမ် ထားကာ လိုအပ်သည့် အတိုင်းအဆအတိုင်း မိမိ၏အတွင်းအားများကိုထုတ်သုံးကာ ကျောဆစ်ရိုးပေါ်ရှိ သွေးကြောကွတ်နေရာအမျိုးမျိုးကို ပြောင်းရွှေ့ဖိနှိပ်ပေးနေသည်။

သို့သော် မျက်လုံးကိုတော့ စုံမှိတ်မထားပါ။ ရန်သူတို့ကိုလှမ်းကြည့်၍နေသည်။

ဂူဝဘက် မျက်နှာမူကာထိုင်နေသည်မို့ အသာ ကြည့်ရုံနှင့် တောင်ကြောလေး အောက်ခြေနေရာတစ်ဝိုက်ကို အလွယ်မြင်နိုင်သည်။ အတွင်းအား ဖြည့်သွင်းကုသပေးမှုကို အာရုံစိုက်လုပ်ရင်း ကင်းစောင့်ကြည့်နေနိုင်သည်။

တုက္ကူးချင်းချင်း၏ ကျောဆစ်ရိုးဗဟိုပိုင်းရှိ သွေးကြောကွက်တွင် သွေးလေလည်ပတ်မှု မဘည်မငြိမ်ဖြစ်လာသည်။ ပရမ်းပတာဖြစ်မသွားအောင် ထိန်းပေးနိုင်လျှင် တုက္ကူးချင်းချင်း၏ အတွင်းဒဏ်ရာလေ့ကျင့်မှု ပထမအဆင့် အောင်မြင်ပြီ။



ကျောဆစ်ရိုးဗဟိုပိုင်းရှိ သွေးကြောကွက်တွင် သွေးလေလည်ပတ်မှု တည်ငြိမ်ချောမွေ့သွားလျှင် ကျန်သွေးကြောကွက်များတွင် အခြေအနေ ပုံမှန်ဖြစ်သွားအောင် ရှေ့တစ်ဆင့်တက်ကာ လုပ်ဆောင်ဖို့ သိပ်မခက်တော့။

ကြိုးစားရဦးမည် ဖြစ်သော်လည်း အန္တရာယ် အခြေအနေကတော့ လွတ်မြောက်ပြီဟုဆိုရပေမည်။

အဆုံးအဖြတ်ပေးမည့် အရေးကြီးလှသည့် အချိန်အခါသို့ ရောက်နေပေပြီ။

★

## အခန်း (၇)

တင်မူးဂါးနှင့် ကျန်းဆာ့တို့နှစ်ယောက် မျက်ကွယ် ဖြစ်သွားသည်နှင့် တန်ခက်ဟင်းသည် ကောက်မိထားသော လတ်လတ်ဆတ်ဆတ် ခြေရာလမ်းကြောင်း၏ ဦးတည်ရာဖြစ်သော တောင်ကြောလေးဆီသို့ အမြန်ဖင်သွားသည်။

"ကျောင်းဖန်းယောင်တို့ အဲဒီ တောင်ကြားလေးမှာ ရှိနေတာယ်မဟုတ်လား"

ယန့်ထယ်မိုက နောက်မှကပ်သို့က်လာရင်း မေးသည်။

"အင်း..."

"တင်မူးဂါးတို့လဲ အဲဒီကိုပဲသွားကြမယ် ထင်တယ်"

"ဟုတ်လိမ့်မယ်"

"တင်မူးဂါးတို့ကို ဘယ်လိုလုပ်မလဲ"



"ငါတို့က ကျောင်းဖန်းယောင်တို့ဆီကို အရင်ရောက်အောင် သွားပြီး အမိဖမ်းထားလိုက်ရင် တင်မူးဂါးတို့ကို ဘာလုပ်ရမှ မလိုတော့ဘူး"

တန်ခက်ဟင်းသည် သူ၏ခြေကောက်ခြေရာခံ ကျွမ်းကျင်ပိုင်နိုင်မှုကို အထင်ကြီး ဂုဏ်ယူသည်။ တင်မူးဂါးတို့သည် ကျောင်းဖန်းယောင်တို့ရှိနေနိုင်မည့်နေရာကို သိနိုင်ကောင်း သိနိုင်မည် ဖြစ်သော်လည်း အကြမ်းဖျင်း ခန့်မှန်းမှုမျိုးလောက်သာဖြစ်လျက် မိမိကဲ့သို့ အတိအကျရှာမတွေ့နိုင်ဟု ယုံသည်။

ဟိုဟိုသည်သည် မွှေနှောက်ရှာဖွေကြရဦးမည်မို့ မိမိတို့က ကျောင်းဖန်းယောင်တို့ထံသို့ အရင်ဦးအောင်ရောက်မည်ဟု တွက်သည်။

တွေ့ရသော ခြေရာလက်ရာ သဲလွန်စများက ကျောင်းဖန်းယောင်သည် တစ်စုံတစ်ခုကိုဖေးမသယ်ပိုးကာအလေးတကြီး သွားခဲ့ကြောင်း ဖော်ညွှန်းနေရာ တုက္ကူးချင်းချင်းဒဏ်ရာ အတော်ပြင်းပြင်း ရထားမည်ဟုလည်း တန်ခက်ဟင်း အကဲဖြတ်မိသည်။

ဒဏ်ရာရထားသော တုက္ကူးချင်းချင်းအတွက် စိုးရိမ်အာရုံများကာ မနောက်ဆံ တင်းနေသော ကျောင်းဖန်းယောင်သည် ယခင်အကြိမ်များကလို လွတ်လွတ်လပ်လပ်ရှောင်တိမ်း ထွက်ပြေးနိုင်မည် မဟုတ်သည့်အတွက် မိမိတို့လက်ထဲ ကျရောက်ဖို့သာရှိသည်ဟု ခန့်မှန်းသည်။

ထို့ကြောင့် ကျောင်းဖန်းယောင်တို့ရှိနေသည့်နေရာသို့ အမြန်ရောက်ရေးကိုသာ ဦးစားပေးသည်။ ကျောင်းဖန်းယောင်ကို အမိဖမ်းဖို့အတွက် စိတ်စောနေသည်။

ယန်ထယ်မိုကတော့ သူ၏ကောက်ကျစ်တတ်သော ဥာဉ်အတိုင်း မိမိတို့နှင့် ပြိုင်ဘက်ဖြစ်လာတော့မည့် တင်မူးဂါးတို့ ဆရာတပည့်ကို အပြတ်ရှင်းပစ်ချင်သည်။ ကျောင်းဖန်းယောင်တို့ရှိနေသည့် နေရာအနီးတွင် အသာစောင့်ချောင်းမြောင်းလျက် တင်မူးဂါးတို့ကို တိုက်ခိုက်ချေမှုန်းပစ်လိုက်လျှင် အကောင်းဆုံးဟု စဉ်းစားသည်။

သို့ရာတွင် ယခု ကျောင်းဖန်းယောင်တို့နောက်သို့ ခြေရာခံ လိုက်လာနိုင်မှုတွင် တန်ခက်ဟင်းက ဦးဆောင်နေရာ ယန်ထယ်မိုသည် မိမိ၏စိတ်ကူးကို အတိအလင်း ထုတ်မပြောဘဲ အသာပင် ငြိမ်နေလိုက်သည်။

တန်ခက်ဟင်း၏နောက်မှ နှုတ်ဆိတ်စွာ လိုက်ပါလာခဲ့သည်။

* * *

စနစ်တကျ လေ့ကျင့်ထားသော သူလျှို သိမ်းငှက်သည် ကျောင်းဖန်းယောင်နှင့် တကူးချင်းချင်းတို့ ပုန်းအောင်းနေကြသည့်နေရာကို တိကျသေချာစွာ သတင်းပေးနိုင်ခဲ့သည်။



ထို့အပြင် တင်မူးဂါးတို့ အခွင့်အလမ်းသာစေသည်မှာ ချီတန်းနယ်၌ ကျူးကျော်မှုစစ်ပွဲတွင် အရိပ်မဲ့မှော်သိုင်းကို မြေလှန်လုမတတ် ရှာဖွေခဲ့ကြစဉ်က မြင်းဖြူတောင်ခြေ တစ်ဝိုက်ရှာဖွေမှုများတွင် ကျန်းဆာ့ကဦးစီးခေါင်းဆောင်ခဲ့ခြင်းဖြစ်သည်။

ထိုနေရာဝန်းကျင်တစ်ခို၏ ရေမြေတောတောင်သဘာဝ အခြေအနေများကို ကျန်းဆာ့က သူ့လက်ဝါးပြင်ပေါ်ရှိ အရေးအကြောင်းများကို သိသလို ကောင်းကောင်းသိနေသည်။

ယခု ကျောင်းဖန်းယောင်တို့ ပုန်း အောင်း နေ သည့် ကျောက်ဂူလေးတွင်ပင် ကျန်းဆာ့ ယာယီစခန်းချ နေထိုင်ခဲ့ဖူးသည်။ အဝေးကြည့် ကင်းမျှော်စင်သဘောမျိုး အသုံးချခဲ့ဖူးသည်။

ထိုကျောက်ဂူငယ်လေးသို့ တိတ်တဆိတ် ချဉ်းကပ် ဝင်ရောက်ရန် အလွန်ခက်ခဲကြောင်း နားလည်သည်။ ချဉ်းကပ်လာမှုကို ကျောင်းဖန်းယောင်တို့က တစ်နည်း မဟုတ် တစ်နည်း တွေ့မြင်သိရှိနိုင်သည်။ အထက်စီးနေရာမှ နေ၍ ဆီးကြိုတိုက်ခိုက်နိုင်သည့် အခြေအနေရှိသည်။

ထို့ကြောင့် 'အင့်ဘးဗိုက်နှင့် ခါးထိုးခံ' ဆိုသလိုမျိုး တန်ခက်ဟင်းတို့ကို အန္တရာယ်နှင့် အရင်ဆုံး ရင်ဆိုင်ရစေရန် လွှတ်ပေးလိုက်ဖို့ ကျန်းဆာ့က တင်မူးဂါးကို အကြံပေးသည်။

တန်ခက်ဟင်းတို့နှင့် တိုက်ခိုက်ပြီး၍ ဒဏ်ရာရလျှင် ရှုံးရလျှင်လည်း မောပန်း အားကုန်နေမည့် ကျောင်းဖန်းယောင်တို့ကို အလွယ်စင်ဖမ်းကြမည် ဖြစ်သည်။

တန်ခက်ဟင်းတို့က အနိုင်ရလျက် ကျောင်းဖန်းယောင်တို့ကို ဖမ်းမိသွားလျှင်လည်း 'သူခိုးလက်မှ သူဝှက်လု' ဆိုသလို ကြားဖြတ်ကာ တိုက်ခိုက်လုယူမည်ဖြစ်သည်။ ကျောင်းဖန်းယောင်တို့နှင့် အကြိတ်အနယ် တိုက်ခိုက်ပြီးခါစ ဖြစ်သော တန်ခက်ဟင်းတို့အနေဖြင့် မိမိတို့ကို ဘယ်လိုမှ ရင်ဆိုင် အန်တုနိုင်မည်မဟုတ်ဟု တွက်သည်။

တင်မူးဂါးကလည်း ကျန်းဆာ့နှင့် သဘောချင်း တိုက်ညီသည်။ ကျန်းဆာ့၏အကြံပေးမှုကို လက်ခံသည်။

ဤသို့ဖြင့် သူတို့ နှစ်ယောက်သည် ကျောက်ဂူပေါ်မှ လှမ်းကြည့်တွေ့မြင်နိုင်သည့် မြင်ကွင်း၏အပြင်အပတွင်ရှိပြီး ကျောက်ဂူ အနီး ဝန်း ကျင် ကို လည်း လှမ်းမြင်နိုင်သည့် (ကျန်းဆာ့ ရွေးချယ်ပေးသော မျက်ကွယ် နေရာကောင်း ဖြစ်သည်) ချုံပုတ်ကြီးတစ်ခုထဲတွင် ဝင်ရောက်ပုန်းအောင်းကာ စောင့်နေကြသည်။

ထိုနေရာအနီးတစ်ဝိုက်တို့ ကောင်းကောင်း ကျွမ်းကျင်သော ကျန်းဆာ့သည် ဖြတ်လမ်းများကိုလည်း သိသည်။ အနီးဆုံးဖြတ်လမ်းမှ လာခဲ့ရာ ခြေရာကောက်၍ 'လမ်းရိုးအတိုင်း' ကွေ့ပတ် သွားနေသော တန်ခက်ဟင်းတို့ထက် စော၍ ရောက်ရှိကြသည်။



ကျကျနန ပုန်းအောင်း စောင့်ဆိုင်းရန် အခွင့်အရေး ကောင်းစွာရခဲ့သည်။

❋ ❋ ❋

တန်ခက်ဟင်းနှင့် ဃန်ထယ်မိုတို့ တောင်ကြောလေး၏ အောက်ခြေအနားသို့ ရောက်လာကြသည်။

စူးရှသော တန်ခက်ဟင်း၏မျက်လုံးအကြည့်က တောင်ကြောလေး အလယ်လောက်တွင်ရှိသည့် ဂူဝကို ချက်ချင်း မြင်သည်။ တောလိုက်ကျွမ်းကျင်သည့် အတွေ့အကြုံများအရ ကျောင်းဖန်းယောင်တို့ ထိုဂူလေးထဲတွင်ပုန်းအောင်းနေကြမည်ဟုလည်း ဒက်ခနဲသိသည်။

ရှေ့သို့ အရမ်းတိုးမသွားသေးဘဲ ဂူမှ လှမ်းကြည့်မမြင်နိုင်ရန် အသာ ပုန်းလျှိုးကွယ်လျှိုး လုပ်လျက် ဝန်းကျင်အခြေအနေကို အကဲခတ်သည်။

တန်ခက်ဟင်းသည် ဤနေရာသို့ ယခုမှပထမဆုံးရောက်လာခြင်း ဖြစ်သည်။ သည်တော့ သည်နေရာ၏ သဘာဝ ဝန်းကျင်အခြေအနေကို ကျန်းဆာ့လောက် အကျွမ်းတဝင်မရှိ။ သူ အသာခိုဝပ်လိုက်သည့် နေရာသည် ဂူလေးဆီမှ လှမ်းကြည့်တွေ့မြင်နိုင်သည့် မြင်ကွင်းနေရာအဝန်းအဝိုင်း၏ အပြင်ဘက်တွင် လုံးလုံးလျားလျား မရှိ။

မြင်ကွင်း၏အစွန်ပိုင်း အစပ်နားသို့ မသိမသာရောက်နေသည်။

ဂူလေးမှနေ၍ သာမန်ကာလျှံကာ လှမ်းကြည့်လျှင် မျက်စိလျှမ်းကာ မမြင်ဘဲရှိနိုင်သော်လည်း သေသေချာချာ ကြည့်လျှင်တော့ ကောင်းကောင်း မြင်နိုင်သည်။

တုကူးချင်းချင်းကို အတွင်းအားဖြည့်သွင်း ကုသပေးနေရာမှ တောင်ကြောထေး အောက်ခြေဝန်းကျင်ကို သေသေချာချာလှမ်းအကဲခတ်နေသော ကျောင်းဖန်းယောင်က တန်ခက်ဟင်းတို့၏ လှုပ်ရှားမှုကို ဖျတ်ခနဲ တွေ့မြင်သည်။

သူမ၏ ကျောဆစ် ဗဟိုနေရာ သွေးကြောကွက်တွင် ပရမ်းပတာ ဖြစ်လာနိုင်မှုကို ထိန်းသိမ်းဖြေလျှော့ပေးနေမှုကာလည်း အဆုံးအဖြတ် ပေးမည့် အရေးကြီးဆုံး အချိန်အခါသို့ ရောက်နေသည်။

ကျောင်းဖန်းယောင် စိုးရိမ်စိတ် ပိုလာသည်။ စိတ်လှုပ်ရှားမှုကြောင့် တုကူးချင်းချင်း၏ ကျောဆစ်ဗဟိုနေရာ သွေးကြောကွက်တို့ ထိန်းပေးနေရမှုတွင် အာရုံစူးစိုက်ထားချက် အနည်းငယ် လျော့နည်းသည်။

သွေးလည်ပတ်မှုတို့ ရှုပ်ထွေးပွေးလီကုန်တော့မလို ဖြစ်လာသည်။

ကျောင်းဖန်းယောင် သတိ ဝင်လာသည်။ လှုပ်ရှားသောစိတ်ကို ချက်ချင်းငြိမ်အောင် လုပ်သည်။ သွေးကြောကွက် ထိန်းသိမ်း ဖြေလျှော့ပေးနေမှုတွင် အာရုံ ပိုစူးစိုက်



သည်။ တန်ခက်ဟင်းတို့၏ လှုပ်ရှားမှုကို မြင်တွေ့နေရသော်လည်း စိုးရိမ်စိတ် ပေါ်မလာအောင် ကြိုးစားသည်။

အချိန်မီ စိတ်အာရုံ ပြန်စူးစိုက်နိုင်သောကြောင့် ပရမ်းပတာ ဖြစ်တော့မည့် တုကူးချင်းချင်း၏ သွေးလေ လည်ပတ်မှု ပြန်ပြေလျော့သည်။ တစ်စစ ငြိမ်လာသည်။

တန်ခက်ဟင်းကလည်း ကျောင်းဖန်းယောင်တို့ရှိနေကြသည့် ဂူငယ်လေးထဲသို့ အမြန်ဆုံး ဝင်ရောက်နိုင်မည့် နည်းလမ်းကို အကြံထုတ်ကာ စဉ်းစားနေသည်။ အကြံကောင်း တစ်ခု ခေါင်းထဲတွင် ပေါ်လာသည်။

"ဟို ဂူဝအောက်ဘက်ကို မင်းနဲ့ငါ ပြိုင်တူ ကိုယ်ဖော့ပညာသုံးပြီး ပြေးသွားကြမယ်၊ ဂူဝ အောက်ခြေနားရောက်တာနဲ့ မင်းက တအားခုန်ပျံတက်လိုက်"

တန်ခက်ဟင်းက ယန်ထယ်မိုကို တီးတိုး နှစ်ကိုယ်ကြား ပြော၏။

"ဂူဝက အတော်မြင့်တယ်၊ အဲဒီ နေရာအထိ ရောက်အောင် ကျွန်တော်စီ ခုန်ပျံတက်နိုင်မှာ မဟုတ်ဘူး"

ယန်ထယ်မိုက ပြန်ပြောသည်။

"မင်းကို ဂူထဲရောက်အောင် ဘယ်သူက ခုန်ဝင်ခိုင်းလို့လဲ၊ အတတ်နိုင်ဆုံးခုန်ပျံလိုက်ဖို့ပြောတာ၊ ငါ့ လှုပ်ရှားမှုဆီကို အာရုံမရောက်အောင် လှည့်စားချင်လို့"

"အစ်ကိုကြီးက ဘယ်လို လှုပ်ရှားမလို့လဲ"

"အခု မသိချင်နဲ့ဦး၊ ကဲ....အသင့်ပြင်၊ ပြေး...."

တန်ခက်ဟင်းက ပြောပြောဆိုဆို ပြေးရန် အချက်ပေးသည်။

ယန်ထယ်မိုလည်း နောက်ကျမကျန်ရ လေအောင် တန်ခက်ဟင်းနှင့် အတူယှဉ်ကာ အားကုန် ပြေးထွက်လိုက်ရလေသည်။

* * *

တုကူးချင်းချင်း၏ကျောဆစ်ဗဟိုနေရာ သွေးကြောကွက်တွင် သွေးလေလည်ပတ်မှု ရှုပ်ထွေးမကုန်အောင် ကျောင်းဖန်းယောင်က အတွင်းအားကို သုံးကာ ဖြေလျှော့ပေးလိုက်နိုင်ပြီ။

ပုံမှန်အခြေအနေတွင် တည်ငြိမ်စွာရှိသွားအောင် ဆက်ထိန်းပေးနေခိုက် တန်ခက်ဟင်းနှင့်ယန်ထယ်မိုတို့ပြေးလွှားလာကြသည်ကို လှမ်းတွေ့မြင်ရသည်။

တုကူးချင်းချင်းကို အတွင်းအား ကုသပေးမှု ကသည်းတကယ့်အရေးကြီးသည့် သေရေးရှင်ရေး အခြေအနေတွင်ရောက်နေသည်။

အတိမ်းအစောင်း နည်းနည်းလေးမျှမခံ။ ချွတ်ချော်မှုအနည်းအကျဉ်းလေးဖြစ်လျှင်ပင် ကြီးမားသော အန္တရာယ်ပေါ်ပေါက်နိုင်သည်။



ကိုယ်လက်အင်္ဂါ ချွတ်ယွင်းကာ ဒုက္ခိတဖြစ်သွားမှာသေချာသည်။ အသက်ပင် သေဆုံးသွားနိုင်သည်။

ထို့ကြောင့် ကျောင်းဖန်းယောင်သည် တန်ခက်ဟင်းတို့ကို ဘယ်လိုမှအရေးမစိုက်နိုင်။

မျက်စိနှစ်လုံး ဖွင့်ထားသည့်အတွက် တန်ခက်ဟင်းနှင့်ယန်ထယ်မိုတို့ ပြေးလွှား လာနေကြသည်ကို မြင်ရရုံသာရှိနေသည်။ အာရုံကိုတော့ မြင်တွေ့သည်များ ဘက်သို့လုံးလုံးအရောက်မခံ။

သွေးကြောကွက်နေရာတွင် သွေးလေလည်ပတ်မှု ပုံမှန်တည်ငြိမ်နေစေအောင် ထိန်းပေးထားမှုတွင်သာ စူးစိုက်ထားသည်။ စိုးရိမ်စိတ်လည်း မပေါ်ပေါက်။ စိတ်လှုပ်ရှားမှုလည်းမဖြစ်။

ဂူပေါက် အောက်ဘက်သို့ရောက်သောအခါ တန်ခက်ဟင်း ကြိုတင်ပြောထားသည့် အတိုင်း ယန်ထယ်မိုသည်အပေါ်သို့ခုန်ပျံတက်လိုက်သည်။

ကိုယ်ဖော့ပညာ အတော်ကောင်းသည်။ ဂူဝသို့တစ်ခါတည်း ရောက်မသွားသော်လည်း အတော် မြင့်မြင့်တော့ရောက်အောင်ခုန်နိုင်သည်။

ယန်ထယ်မိုနှင့် တစ်ပြိုင်တည်း လိုလိုပင် တန်ခက်ဟင်းလည်း ခုန်ပျံတက်သည်။

သို့သော် ယန်ထယ်မိုသို့ ဂူဝရှိရာသို့ဦးမတည်။ ဂူဝ ညာဘက် ယွန်းယွန်း ငါးပေ သာသာလောက် အကွာသို့ဦးတည်ကာ ပျံသန်းတက်ခြင်းဖြစ်သည်။

ထိုနေရာတွင် ကျောက်စွန်းလေး တစ်ခု ရှိနေသည်။

တန်ခက်ဟင်းသည် ခုန်လွှားတက်ရင်း ထိုကျောက်စွန်းလေးရှိရာသို့ ကြိုကွင်းလွှမ်းပစ်သည်။ ကြိုးကွင်းကမိမိရရ ပင်စွပ်မိသည်။

ထိုအချိန်တွင် တန်ခက်ဟင်း၏ ခုန်ပျံတက်မှုအား ရပ်တန့်ကာ လူက အောက်သို့ ပြန်ကျသည်။ တန်ခက်ဟင်းသည် ကျောက်စွန်းတွင် စွပ်မိနေသော ကြိုးကိုအားပြု ဆွဲလျက် ကိုယ်ဟန်တစ်ချက်လှုပ်ရှားသည်။

စနစ်ကျနပြီး အချိန်အဆလည်း တိကျလှသည်။

ဟန်ခက်ဟင်း၏ ကိုယ်သည် လေထဲ လွင့်မျောကာ ကျောက်ဂူဝထဲသို့ ဆိုက်ဆိုက်မြိုက်မြိုက်ပင် တန်းဝင်သွားလေသည်။

* * *

ကျောက်ဂူလေးထဲသို့ တန်ခက်ဟင်း ရောက်သွားလေသည်။

တန်ခက်ဟင်း၏မူလစိတ်ကူးမှာ ကျောက်ဂူလေး ထဲသို့ဝင်မိသည်နှင့် လှုပ်ရှားတိုက်ခိုက်ကာ ကျောင်းဖန်းယောင်ကို အမိအရ ချုပ်ဖမ်းရန်ဖြစ်သည်။



သို့ရာတွင်....

ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်းတို့ရှေ့နောက်တင်ပျဉ်ခွေထိုင်ကာ တုကူးချင်းချင်း၏ နောက်ကျောတွင် ကျောင်းဖန်းယောင်က လက်ဝါးနှစ်ဖက် ကပ်ထားသည်ကို တွေ့ရသောအခါတွင်တော့ စိတ်ကူးတစ်မျိုး ပြောင်းသွားသည်။

သည်လိုအတွင်းအား ဖြည့်သွင်းကာ အတွင်းဒဏ်ကုသပေးနေရသော အချိန်သည် သိုင်းသမားများ၏ အားအပျော့ဆုံး၊ အကာအကွယ် အမဲ့ဆုံးသော အနေအထားဖြစ်သည်။

သိုင်းပညာမတတ်သောသာမန်အရပ်သားတစ်ယောက်ကပင် အန္တရာယ်ပေးနိုင်သည်။

ကြက်ကလေး ငှက်ကလေး ဖမ်းသလို လွယ်လင့်တကူဖမ်းယူ နိုင်တော့မည့် အခြေအနေမို့ တန်ခက်ဟင်းက အလောတကြီးမလှုပ်တော့။ အသင့်ပြင်ထားသည့်သိုင်းဟန်ကိုပင်ရုပ်သိမ်းသည်။

စုစည်းထားသော အတွင်း အားများကိုလည်း ဖြေလျှော့သည်။

ခြင်းထဲက ကြက်တွေလို ဖြစ်နေကြရ ရှာလေသောကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်းတို့ကို ပိုင်နိုင်သောအကြည့်ဖြင့်ကြည့်ကာ ကျေနပ်အားရစွာပြုံးသည်။

ထိုအချိန်မှာပင်....

မျက်စိမှိတ်ကာ ငြိမ်သက်စွာထိုင်နေသော တုကူးချင်းချင်း ရုတ်တရက် ထရပ်လာသည်။ မျက်လုံးများပွင့်သည်။ ဘယ်ညာ လက်ဝါးနှစ်ဖက်ဖြင့် တန်ခက်ဟင်းကိုလှမ်းရိုက်သည်။

ဘယ်လိုမျှ ထင်မှတ်မထားသော တိုက်ခိုက်မှုမို့ တန်ခက်ဟင်း အကြီးအကျယ် ထိတ်လန့်တုန်လှုပ်သည်။

နောက်သို့လည်း အလန့်တကြားခုန်လွှားဆုတ်သည်။

ကျောင်းဖန်းယောင်လည်း ဝုန်းခနဲခုန်ထသည်။ ဆုတ်သွားသော တန်ခက်ဟင်း၏နောက်သို့ လွှားခနဲ ခုန်လိုက်သည်။ ညာလက်ဝါးတစ်ချက်လည်း ရိုက်ထုတ်သည်။

တကယ်တော့ ကျောင်းဖန်းယောင်အနေဖြင့် လက်ဝါးတစ်ချက် ရိုက်ထုတ်ရန်ပင်မလိုတော့ပါ။

ကမန်းကတန်း နောက်ဆုတ်သွားသော တန်ခက်ဟင်း အရှိန်နှင့်ဟန်ချက်ကိုမထိန်းနိုင်ဘဲ ဂူပေါက်မှ အားလွန်ကာ လွင့်စဉ်ပြုတ်ကျသွားခဲ့လေပြီ။

* * *

ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်းတို့ ဘက်မှ ကုသိုလ်ကံက အဆောက်အကူပြု မျက်နှာသာပေးသွားသည်ဟုဆိုရမည်။



တန်ခက်ဟင်း ကျောက်ဂူထဲသို့ ခုန်လွှားဝင်လာသည့်အချိန်မှာပင် တုကူးချင်းချင်း၏ ကျောဆစ်ရိုးဗဟိုနေရာ သွေးကြောကွက်တွင် သွေးလေလှုပ်ရှားမှု တည်ငြိမ်၍ ပုံမှန်ဖြစ်သွားခဲ့သည်။

အတွင်းဒဏ်လုံးလုံးမပျောက်သေးသော်လည်း အတော်ကြီး သက်သာသွားခဲ့သည်။

အကယ်၍ မူလစိတ်ကူးအတိုင်း တန်ခက်ဟင်းက ဂူထဲသို့ ရောက်လျှင် ရောက်ချင်း လှုပ်ရှား တိုက်ခိုက်မည်ဆိုလျှင် ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်းတို့ နှစ်ယောက်သည် လိုမျိုးလှုပ်ရှားတိုက်ခိုက်နိုင်ကြမည်မဟုတ်။

တန်ခက်ဟင်း၏ အဖမ်းအချုပ်ကိုပင်ခံကြရဖို့ ဆယ်ပုံတွင် ရှစ်ပုံလောက် သေချာနေသည်။

တန်ခက်ဟင်းက စိတ်ကူးတစ်မျိုးပြောင်းကာ အချိန်ဆိုင်းလိုက်မှုက ကျောင်းဖန်းယောင်တို့အတွက် အခွင့်အရေးကောင်း ဖန်တီးပေးလိုက်သလိုဖြစ်သွားသည်။

တကယ်တော့ တုကူးချင်းချင်းရုတ်တရက်ထ၍လက်ဝါးစုံရိုက်ချက် ရိုက်ထုတ်လိုက်ခြင်းသည် ခြိမ်းခြောက်ကွက်သက်သက်မျှသာဖြစ်သည်။ ဟန်ဟိတ်လောက်သာ ရှိသည်။ အားအင်လုံးဝမပါ။

တန်ခက်ဟင်းလို ဝါရင့် ပထမတန်းစား သိုင်းသမားတစ်ယောက် မဆိုထားနှင့် သိုင်းလေ့ကျင့်ခါစ လက်သင်သိုင်းသမားပေါက်စလေးကပင် ရင်ဆိုင် ချေဖျက်ပစ်နိုင်သည်။

သိုင်းဟန်ကိုလည်း ရုပ်သိမ်း၊ အတွင်းအားလည်း ဖြေလျှော့ပစ်လိုက်ချိန်တွင် မထင်မှတ်သော တိုက်ခိုက်မှုကို ရင်ဆိုင်ရသောကြောင့် တန်ခက်ဟင်းမှာ လုပ်မိလုပ်ရာ အလန့်တကြား ခုန်ဆုတ်ရာမှ ကိုယ့်အရှိန်ဖင် ကိုယ်မထိန်းနိုင်တော့ပဲ ရုပ်ပျက်ဆင်းပျက်ဖြစ်သွားရလေသည်။

''ညီမ ဘာဖြစ်သွားသေးလဲ''

ကျောင်းဖန်းယောင်က မေးသည်။

''ဘာမှမဖြစ်ဘူး အစ်ကို''

''ဒီအထဲမှာပဲနေ၊ အပြင်ထွက်မလာနဲ့''

ကျောင်းဖန်းယောင်က ပြောဆိုမှာကြားရင်း ကျောက်ဂူလေးထဲမှ လှစ်ခနဲထွက်သွားသည်။

* * *

ကျောက်တုံးတစ်ခုပြုတ်ကျသလိုမျိုး တစ်ဟုန်ထိုးကျလာသော တန်ခက်ဟင်းကို ယန်ထယ်မိုက တအံ့တသြကြည့်နေမိသည်။

တန်ခက်ဟင်းတစ်ယောက် သိုင်းပညာလည်းမသုံးနိုင်၊ အတွင်းအားလည်း မစုစည်းနိုင်ဘဲ သာမန်အရပ်သားတစ်



ယောက်နှင့် မခြားနားတော့သည့်အနေအထားတွင် အထိနာလာခဲ့ရပုံကို မသိသောကြောင့် ဘယ်လိုမှ မစဉ်းစားတတ်အောင်ဖြစ်နေသည်။

''ဗုန်း''

တောင်ခြေလေး အောက်ခြေတစ်နေရာတွင် တန်ခက်ဟင်း လေးလံစွာကျသည်။

ပြန်ထနိုင်ရန်ဝေးစွ၊ တုတ်တုတ်ပင်မလှုပ်။

ယန်ထယ်မိုမှာလည်း အံ့အားတသင့်ဖြင့် တန်ခက်ဟွင်းကို မျက်လုံးအပြူးသားနှင့် ဓေးမောကြည့်နေမိသည်။

ထိုအခိုက်မှာပင် ကျောက်ဂူလေးထဲမှ ကျောင်းဖန်းယောင် ခုန်လွှားဆင်းလာသည်။

ညာလက်တွင် ဓားရှည်ကိုင်ထားသည်။ ဂူအောက်ခြေဘက်တွင် ခြေချရပ်မိသည်နှင့် ယန်ထယ်မိုရှိရာသို့ လှစ်ခနဲပြေးဝင်တိုက်ခိုက်သည်။

ယန်ထယ်မို အလန့်တကြားနောက်သို့ ခုန်ဆုတ်သည်။

''ကျုပ်ကို မဲမနေနဲ့၊ ခင်ဗျားကို ရန်ပြုဖို့ တင်မူးဂါးနဲ့ ကျန်းဆာ့တို့ ပုန်းပြီး ချောင်းနေကြတယ် သိရဲ့လား''

ယန်ထယ်မိုက ကမန်းကတန်းပြောသည်။

တင်မူးဂါးနှင့်ကျန်းဆာ့တို့ သည်နေရာသို့ရောက်လာကြမည်ကို သိသော်လည်း ရောက်နှင့်ပြီး ပုန်းအောင်းနေသည်ကိုတော့ ယန်ထယ်မို တကယ်မသိပါ။

ကျောင်းဖန်းယောင်၏ သွက်လက်မြန်ဆန်သော ဓားသိုင်းဟန်လှုပ်ရှားမှုကိုတွေ့ရသောအခါ အရိပ်မဲ့မှော်သိုင်း

၏ အဆင့်မြင့် အစွမ်းထက် သိုင်းပညာများကို အတော်ပင် တတ်မြောက်နေပြီဖြစ်ကြောင်း ယန်ထယ်မိုရိပ်မိသည်။

ကျောင်းဖန်းယောင်အပေါ် အကောက်ကြံမှုများ လုပ်ခဲ့ဖူးသည့်အတွက် ကောက်ကျစ်ညစ်ပတ်များသူတစ်ယောက်၏ ဗီဇအတိုင်း အသာစီးရသော အခြေအနေတွင် ကျောင်းဖန်းယောင်က မိမိကို ရက်ရက်စက်စက် ပြုတော့မည်ဟုလည်း တွေးကာ ကြောက်လန့်သည်။

တန်ခက်ဟင်းတစ်ယောက် ခွေးကျဝက်ကျ ကျလာခြင်းမှာ ကျောင်းဖန်းယောင်၏လက်ချက်ဖြစ်မည်ဟုလည်း ထင်မိကာ မိမိအနေဖြင့် ကျောင်းဖန်းယောင်ကို ဘယ်လိုမျှ ယှဉ်နိုင်မည်မဟုတ်ဟုလည်း တွက်သည်။

ထို့ကြောင့် ကျောင်းဖန်းယောင်၏ စိတ်အာရုံ လှုပ်ရှားအောင် လုပ်သည့်အနေဖြင့် ပါးစပ်မှ ရမ်းသန်းကာ ပြောလိုက်ခြင်းဖြစ်သည်။ ကျောင်းဖန်းယောင် စိတ်လှုပ်ရှားပြီး မိမိအပေါ် ဖိနှိပ်တိုက်ခိုက်မှု လျော့သွားလျှင် အလွတ်ရုန်း ထွက်ပြေးနိုင်ရန် အခွင့်ကောင်း ရနိုင်လိမ့်မည်ဟု ယန်ထယ်မိုက မျှော်လင့်သည်။

ကျောင်းဖန်းယောင်အဖို့ ယန်ထယ်မို၏စကားကို ယုံရခက်ခက် မယုံရခက်ခက် ဖြစ်နေသည်။

ယန်ထယ်မိုပြောသလို့မှာကယ်ဟုတ်နေပြီး တင်မူးဂါးတို့ ဆရာတပည့် ထွက်ပေါ်လာလျှင် အန္တရာယ်ဝိုင်းသည့်အခြေအနေမျိုး ပေါ်ပေါက်နိုင်သည်။



တင်မူးဂါးတို့ ထွက်ပေါ်မလာခင် တုကူးချင်းချင်းကို ခေါ်ကာ ရှောင်တိမ်းထွက်သွားလျှင် ကောင်းမည်လားဟု တွေးသည်။

ဤသို့ အတွေးဝင်လာမှုကြောင့် ကျောင်းဖန်းယောင်၏ တိုက်ခိုက်မှု တစ်ချက် တုံ့သည်။

ယန်ထယ်မိုက လိမ်လည်လှည့်စား ပြောဆိုခြင်းဖြစ်လျှင် မိမိတို့ ရှောင်တိမ်း ထွက်သွားခြင်းကြောင့် ယန်ထယ်မိုကို ချေမှုန်းနိုင်သည့် အခွင့်အလမ်း လက်လွတ်သွားမည်။

ယန်ထယ်မိုက မိမိတို့နောက်ကို အင်အားစုကာ လိုက်လံရန်ပြုဖို့ အခွင့်အလမ်း ပေးလိုက်သလို ဖြစ်မည်။

ယခု လောလောဆယ် အသာစီးရထားခိုက် ယန်ထယ်မိုကို ရှင်းပစ်လိုက်သည်က ကောင်းလိမ့်မည်။

ထိုသို့ စဉ်းစားမိသည်တွင် ကျောင်းဖန်းယောင်၏ ဓားချက် ပြန်၍မြန်ဆန်လာသည်။

ကျောင်းဖန်းယောင်၏ တိုက်ခိုက်မှု တုံ့ အသွားတွင် ယန်ထယ်မိုလည်း မိမိ၏ ပရိယာယ်ဆင်ကွက်အတိုင်း ဝင်သွားလေပြီဟု လွတ်လမ်းရှာ ထွက်ပြေးမည်လုပ်သည်။

သို့သော် ချက်ချင်းဆိုသလိုပင် ကျောင်းဖန်းယောင်၏ ဓားချက် မြန်လာရာ ယန်ထယ်မိုမှာ ခြေရှုပ်လက်ရှုပ်နှင့် ဆက်ရက်ခုန်ခုန်ကာ ကမန်းကတန်း နောက်ဆုတ် ရှောင်လွှဲက်ရသည်။

အကယ်၍ ယန်ထယ်မိုက ဝဲယာ တစ်ဘက်ဘက်ချက်သို့ နေရာရွှေ့ပြောင်း၍ဖြစ်စေ၊ ပျံဝဲ၍ဖြစ်စေ ရှောင်တိမ်းလျှင်

ကျောင်းဖန်းယောင်၏ အရိပ်မဲ့ဓားသိုင်း တိုက်ကွက်များမှ လွတ်မည် မဟုတ်ပေ။

နောက်သို့သာ ခုန်ဆုတ်နေသည့်အတွက် ဓားတစ်ကမ်း အကွာအဝေး အပြင်သို့ရောက်ကာ သီသီလေးကပ်၍ လွတ်နေခဲ့သည်။

ထို့ပြင် တိုက်ခိုက်သူမှာ ကျောင်းဖန်းယောင်မဟုတ်ဘဲ တုကူးချင်းချင်းသာဆိုလျှင် ယန်ထယ်မို အရေးနိမ့်ဇာတ်သိမ်းသွားသည်မှာကြာပေပြီ။

ကျောင်းဖန်းယောင်သည် ခပ်ရိုးရိုး ခပ်အေးအေးနေတတ်သည်။ ရန်လိုစိတ်လည်းမရှိ။ (အထူးသဖြင့် တုကူးချင်းချင်းအပေါ်)ကျရောက်နေသည့်အန္တရာယ်ကင်းရှင်းစေရေးအတွက် မလွှဲမရှောင်သာဘဲ ခပ်ကြမ်းကြမ်း တိုက်နေရခြင်းဖြစ်သည်။

ထို့ပြင် သူတတ်မြောက်ထားသော အရိပ်မဲ့ကိုယ်ဖော့ပညာ၏ လှုပ်ရှားနိုင်မှုနှင့် ချိန်ဆချင့်ချိန်က အရိပ်မဲ့ဓားမြန်သိုင်းကို ထုတ်သုံးသည်။ သူ၏ အရိပ်မဲ့ကိုယ်ဖော့ပညာ အစွမ်းအကုန်အစင်ပင်မဟုတ်။ ဆယ်ပုံခုနစ်ပုံ ခန့်သာချိန်ဆ၍ ဓားချက်ထုတ်သည်။

တုကူးချင်းချင်းဆိုလျှင် အနိမ့်ဆုံးတော့ သူမ လေ့ကျင့်အောင်မြင်ထားသော အရိပ်မဲ့ကိုယ်ဖော့ပညာအဆင့်ကုန် လှုပ်ရှားမှုဖြင့် အရိပ်မဲ့ဓားမြန်သိုင်းကို သုံးပေလိမ့်မည်။ တင်မူးဂါးတို့နှင့် ရင်ဆိုင်ခဲ့ရစဉ်က ကြုံခဲ့ရသည့်အဖြစ်မျိုး



သင်ခန်းစာယူရသည့်တိုင် လိုအပ်လျှင် မိမိ၏အရိပ်မဲ့ကိုယ်ဖော့ပညာစွမ်းထက် အတန်ငယ်သာလွန်သော ဓားသိုင်းဟန် လှုပ်ရှားမှုကိုပင် (လိုအပ်လျှင်) လုပ်ဆောင်ပေလိမ့်မည်။

* * *

ကျောင်းဖန်းယောင်၏ ဓားဟန်လှုပ်ရှားမှု မြန်ဆန်လာသောကြောင့် ယန်ထယ်မို့မှာ ထွက်ပြေးရန်လမ်းစ ရှာမရတော့။

"တင်မူးဂါးတို့ ကျန်းဆာ့တို့ ထွက်မတိုက်ကြသေးဘူးလား၊ ဒီအချိန်မှမထွက်ရင် ဘယ်အချိန် ထွက်လာကြမှာလဲ"

ကြံရာမရသည့်အဆုံး ယန်ထယ်မိုက အော်ဟစ်လိုက်ပြန်သည်။

ယန်ထယ်မိုက ရမ်းသန်းကာ အော်ဟစ်နေခြင်း ဖြစ်သော်လည်း တင်မူးဂါးနှင့် ကျန်းဆာ့တို့ကတော့ မိမိတို့ပုန်းအောင်း ချောင်းမြောင်းနေကြကြောင်း ယန်ထယ်မို သိသွားပြီဟု ထင်ကြသည်။

လျှို့ဝှက်ချက် ပေါ်သွားပြီမို့ ဆက်လက်ပုန်းအောင်းနေလျှင်လည်း အကျိုးမရှိတော့ဟုတွက်ကာ နှစ်ယောက်သား ချုံကြီးထဲမှ ထွက်လာကြသည်။

တင်မူးဂါးနှင့် ကျန်းဆာ့တို့ ပုန်းအောင်းနေကြသည့် ချုံကြီးသည် ကျောင်းဖန်းယောင်၏ နောက်ကျောဘက်တွင်ရှိသည်။ ယန်ထယ်မိုနှင့်မူ မျက်နှာချင်းဆိုင်ဟု ဆိုရမည်။

တင်မူးဂါးနှင့် ကျန်းဆာ့တို့နှစ်ယောက် ပေါ်ထွက်လာကြသည်ကို ယန်ထယ်မိုက အရင်မြင်သည်။ မိမိရမ်းသန်းကာပြောလိုက်သည်မှာ တကယ်ဖြစ်လာသည့်အတွက် ယန်ထယ်မို အံ့ဩသွားသည်။ မိမိအတွက် အကူအညီ ရလာသောကြောင့်လည်း ဝမ်းသာသည်။

အံ့ဩဝမ်းသာစိတ်တို့ကြောင့် နောက်ဆုတ်ရှောင်တိမ်းရာတွင် အနည်းငယ်မျှ အရှိန်နှေးသွားသည်။

ကျောင်းဖန်းယောင်ကတော့ တင်မူးဂါးတို့တို့ချက်ချင်းမမြင်။ သို့သော် ယန်ထယ်မို၏ မျက်နှာအမူအရာတစ်ချက်ပြောင်းလဲသွားသည်ကိုတော့ သတိပြုမိသည်။

ထိတွေ့နေရသည့် အခြေအနေ အပြောင်းအလဲများအရ တင်မူးဂါးတို့ ပုန်းအောင်းနေရာမှ ထွက်လာကြသောကြောင့် ယန်ထယ်မို အားတက်သွားခြင်းဖြစ်မည်ဟု အကဲခတ်မိသည်။

တင်မူးဂါးတို့ကို ရင်ဆိုင်နိုင်ရန်အတွက် ယန်ထယ်မိုကို အနိုင်တိုက်မှ ဖြစ်တော့မည့်အခြေအနေမို့ ကျောင်းဖန်းယောင်က သူ၏ ခါးဟန်လှုပ်ရှားမှုအခြေအနေကို သူတတ်မြောက်နေသည့် အရိပ်မဲ့ ကိုယ်ဖော့ပညာအစွမ်း ဖြင့်အဝနှင့်ကိုက်ညီအောင် တိုးမြှင့်သည်။



ယန်ထယ်မို၏ နောက်ဆုတ်မှုအနည်းငယ် တုံ့နှေးသွားသည့်အချိန်နှင့် ကျောင်းဖန်းယောင်၏ ခါးချက် အရှိန်အဟုန် အနည်းငယ်ပိုမြန်လာမှုတို့တိုက်ဆိုင်သည်။

ဤသို့ဖြင့်....

"စွပ်"

"အား"

ခါးချက်ထိမိသံ၊ နာကျင်စွာအော်ဟစ်သံတို့ဆက်တိုက်ပေါ်ထွက်လာကာ ယန်ထယ်မို တုံးခနဲ လဲပြိုကျသွားသည်။

ကျောင်းဖန်းယောင်လည်း တင်မူးဂါးတို့ကိုရင်ဆိုင်ရန်နောက်သို့ ချာခနဲလှည့်သည်။ လှစ်ခနဲ ပြေးဝင်ခါးကွက်ထုတ်တော့မည်အလုပ်...

"ဂွဲ"

အော်မြည်သံနှင့်အတူ သူ့ထံသို့ တစ်စုံတစ်ရာ အုပ်မိုးဝင်လာသည်။

တင်မူးဂါး၏ အချက်ပေးမှုဖြင့် သူလျှိုသိမ်းငှက်က ကျောင်းဖန်းယောင်ထံ ထိုးစိုက်ချလျက် တိုက်ခိုက်လာခြင်းဖြစ်သည်။

တိုက်ခိုက်ရန်အတွက် စနစ်တကျ လေ့ကျင့်ပေးထားခြင်းမရှိသောကြောင့် သိမ်းငှက်တို့၏ သဘာဝတိုက်ခိုက်ပုံဟန်အတိုင်း ခြေသည်းများနှင့်ကုတ်ဆွဲသည်။ နှုတ်သီးဖြင့်ပေါက်သည်။

ကျောင်းဖန်းယောင်လည်း တင်မူးဂါးတို့ထံ ရုတ်ခြည်း ပြေးဝင်တိုက်ခိုက်မှုမပြုနိုင်ဘဲ ခေါးရှည်ကို အမြန်ဝှေ့ယမ်း၍ ကာကွယ်မှု လုပ်လိုက်ရသည်။

သူ့ကို၊ 'စင်ရေဝီနက်ကျောင်းဖန်းယောင်'ဟု နာမည်တစ်လုံးရစေခဲ့သော ကျွန်းနက်စံအိမ်၏ 'စင်ရော်ဓားသိုင်း'မှ 'စင်ရော်ပျံတက်ဓားကွက်'ကို အလိုလို သုံးမိသွားသည်။

အောက်မှ အထက်ကိုပင့်ဝိုက်ခုတ်လိုက်သော 'စင်ရော်ပျံတက်' ဓားကွက်သည် အပေါ်မှ အောက်သို့ ထိုးစိုက်ဆင်းကာ ခြေးသည်းနှင့်ကုတ်ဆွဲ၊ နှုတ်သီးနှင့် ပေါက်ချလာသည့် သူလျှိုသိမ်းငှက်၏ တိုက်ခိုက်မှုကို ရင်ဆိုင်ရန် အသင့်လျော် အကောင်းမွန်ဆုံး ဖြစ်သွားသည်။

ခြေသည်းနှင့် နှုတ်သီးတို့က ကျောင်း ဖန်း ယောင်၏ အသားကို ထိလုလုမှာပင် သူလျှိုသိမ်းငှက်ကိုယ် ထက်ပိုင်းပြတ်သွားသည်။

"ဖောက်....ဖောက်....ဖောက်"

ထိုးစိုက်မိသံ သုံးချက်လည်း ဆက်တိုက် ပေါ်ထွက်လာသည်။

ကျောင်းဖန်းယောင်၏ ဘယ်ပခုံး စူးခနဲ နာကျင်သွားသည်။

* * *



သူလျှိုသိမ်းငှက် ထိုးစိုက်ဆင်း၍ တိုက်ခိုက်သည့်အချိန်မှာပင် တင်မူးဂါးက ကျောင်းဖန်းယောင်ရှိရာသို့ သွေးနက်ဓားပျံ သုံးလက်ပစ်လွှတ်လိုက်သည်။

သွေးနက်ဓားပျံသည် တင်မူးဂါးတို့ သိမ်းငှက်တစ်ရာဂိုဏ်း၏ ကြောက်စရာကောင်းလှသော အဆိပ် လက်နက်ဖြစ်သည်။ ထည့်ထားသည့် အဆိပ်ကလည်း ဆန်းပြားပြီးပြင်းထန်လှသည်။

အထိမှန်ခံရသည်နှင့် သွေးများတွင် အဆိပ်ပျံ့သည်။ သွေးနီတို့သည် သွေးနက်များ အဖြစ် ပြောင်းသည်။ တစ်နာရီအတွင်း ဖြေဆေး မသောက်ရလျှင် တစ်ကိုယ်လုံးရှိ သွေးများအားလုံး အဆိပ်သင့်ကုန်ကြကာ အသက်သေဆုံးသည်။

အဆိပ် ပြင်းထန်လှသောကြောင့် သွေးနက်ဓားပျံကို ဂိုဏ်းချုပ်ဖြစ်သော တင်မူးဂါး တစ်ယောက်သာ အသုံးပြုသည်။

ဖြေဆေးမှာလည်း တင်မူးဂါးထံတွင်သာရှိသည်။ တော်ရုံတန်ရုံအရေးကြီးသည့် ကိစ္စတွင်ပင် မသုံး။

ကိုယ်ဖော့ပညာကောင်းလှပြီးဓားသိုင်းပညာပါအလွန်မြန်ဆန်ထက်မြက်သော ကျောင်းဖန်းယောင်ကို အမိအရဖမ်းနိုင်ရန်အတွက် တင်မူးဂါးက သွေးနက်ဓားပျံကိုထုတ်သုံးလိုက်ခြင်း ဖြစ်သည်။

သွေးနက်ဓားပျံ အထိခံရကာ သွေးများ အဆိပ်သင့်ကုန်သော ကျောင်းဖန်းယောင်သည် လူပ်ရှား နိုင်တော့

မည်ဟောင်သည့်အတွက် အလွယ်တကူ ဖမ်းချုပ်ကာ ဖြေဆေးကိုအချိန်မီ တိုက်ကျွေး အဆိပ်ပြေစေပြီး မိမိလိုချင်သောအရိပ်မဲ့မှော်သိုင်းကျမ်းကို အရယူဖို့ စိတ်ကူးရှိသည်။

တင်မူဂါးပင်လွှတ်သော မြားပျံများမှ နှစ်စင်းသည် ထက်ပိုင်းပြတ်သွားသော သူလျှိုသံမ်းငှက်၏ ကိုယ်ခန္ဓာအခြမ်းများကို ထိုးစိုက်မိသည်။

တစ်လက်တည်းသာ ကျောင်းဖန်းယောင်၏ ဘယ်ဘက်ပခုံးတွင်စူးဝင်သည်။

"တင်မူးဂါးနဲ့ကျန်းဆာ့၊ ဒီနေ့သေဖို့သာ ပြင်ထားကြတော့"

ကျောင်းဖန်းယောင်၊ တင်မူးဂါးနှင့်ကျန်းဆာ့တို့သုံးယောက်လုံး အသံပေါ်ထွက်လာရာသို့ ကြည့်လိုက်ကြလေသည်။

ကျောက်ဂူလေး၏ အောက်ခြေတွက်တွင် မြားရှည်ကိုင်ကာ မားမားကြီးရပ်နေသော တုကူးချင်းချင်းကို တွေ့ရသည်။

တုကူးချင်းချင်း၏ အသွင်က တစ်တုန်ထိုး မပြေးဝင်ထိုးခုတ်တော့မယောင်။

တင်မူးဂါးနှင့် ကျန်းဆာ့တို့နှစ်ယောက် ထိတ်လန့်သွားကြသည်။

တုကူးချင်းချင်း၏ သွက်လက်မြန်ဆန်လှသောမြားသိုင်းဟန်ကို သူတို့နှစ်ယောက် ကိုယ်တွေ့မျက်မြင် သိရှိထားကြလေသည်။



တုကူးချင်းချင်း ဒဏ်ရာရသွားခဲ့သော်လည်း ကျောက်ဂူလေးအောက်ခြေသို့ ခုန်ဆင်းလာနိုင်မှုကိုထောက်လျှင်သက်သာပျောက်ကင်းနေပြီဟု သူတို့တွေးကြသည်။

တုကူးချင်းချင်းက မြားကွက်ထုတ် အမြန်လှုပ်ရှားတော့မည့်အသွင်ကို မြင်ရသည်နှင့် တင်မူးဂါးတို့ နှစ်ယောက်ကမန်းကတန်းပင် ကာကွယ် ရှောင်တိမ်းရန် ပြင်ကြလေသည်။

တုကူးချင်းချင်း၏ အခြေအနေကို အမှန်အတိုင်း သိထားသော ကျောင်းဖန်းယောင် အရမ်းပင် စိုးရိမ်မိသည်။

တုကူးချင်းချင်းသည်အတွင်းဒဏ်မပျောက်သေး၊ သက်သာ စသာ ရှိသည်။ ကျောက်ဂူလေးတည်ရှိရာ နေရာသည် အတော်ပင်မြင့်ရာ ကိုယ်ဖော့ပညာကို အဆင့်မြင့်မြင့် သုံးနိုင်မှသာ အတက်အဆင်း ရှောရှောရှူရှူ လုပ်နိုင်ပေသည်။

အတွင်းဒဏ်မပျောက်သေးသော တုကူးချင်းချင်းအနေဖြင့်ကိုယ်ဖော့ပညာထိထိရောက်ရောက် မသုံးနိုင်။ ကျောက်ဂူအောက်သို့ဆင်းလာနိုင်ဖို့မလွယ်။

တစ်နည်းနည်းဖြင့်ရအောင်ဆင်းလာနိုင်သည် ထားဦး၊ တင်မူးဂါးနှင့် ကျန်းဆာ့တို့လို သိုင်းသမားကြီးများကိုတော့ ဘယ်နည်းနှင့်မျှ ယှဉ်နိုင်မည်မဟုတ်။

တုကူးချင်းချင်းက ဟိတ်ဟန်ပြပြီး ခြိမ်းခြောက်ခြင်းသာဖြစ်သည်ကို ကျောင်းဖန်းယောင် ကောင်းကောင်းသိသည်။

ယခင်က အရိပ်မဲ့ဓားမြန်သိုင်း ပညာစွမ်း ပြဖူးသည့် အရှိန်ဖြင့် တင်မူးဂါးတို့ ဖြုံကာ ရှောင်တိမ်း သွားလျှင်တော့ကောင်းသည်။ ယခုမူတင်မူးဂါးတို့သည် ရှောင်ထွက်ကြမည့်လက္ခဏာမရှိ။

အကြိတ်အနယ် ရပ်ဆိုင်တိုက်ခိုက်ကြမည့်အသွင်ပေါ်နေရာ ကျောင်းဖန်းယောင် အကြီးအကျယ်ပင် စိုးရိမ်မိသည်။

ချစ်သူအတွက် စိုးရိမ်စိတ်ဖြင့် ကျောင်းဖန်းယောင်သည် ထူးကဲသော စွမ်းဆောင်မှုတစ်ခုကို အံ့ခခန်း ပြုလုပ်သည်။

ရှေ့သို့ လှစ်ခနဲပြေးတက်သည်။ ဓားရှည်ကို အလွန်မြန်ဆန်သွက်လက်လှသော လှုပ်ရှားဟန်ဖြင့် ခုတ်ချသည်။

တင်မူးဂါးနှင့် ကျန်းဆာ့တို့နှစ်ယောက်၏စိတ်အာရုံက တုကူးချင်းချင်းထံတွင် ရောက်နေကြသည်။ တုကူးချင်းချင်း ပြေးဝင်တိုက်ခိုက်လာမည့် မြန်ဆန်လွန်းလှသော ဓားချက်များကို ရင်ဆိုင်ဖို့ကသာ အဓိကထားနေကြသည်။

သွေးနက်ဓားပျံ အထိ ခံထားရသော ကျောင်းဖန်းယောင်ကို လုံးဝ အရေးမလုပ်။ ကျောင်းဖန်းယောင် အဆိပ်သင့် လဲကျနေပြီဟုသာ တွက်ကြသည်။

ကျောင်းဖန်းယောင်မှာ အဆိပ်ဒဏ်ကို ခံနေရသော်လည်း တုကူးချင်းချင်းအတွက် စိုးရိမ်စိတ်ဖြင့် အားတင်းကာ နောက်ဆုံးသိုင်းကွက်အဖြစ် လှုပ်ရှားတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။



တုကူးချင်းချင်းထံမှဓားချက်များကိုရင်ဆိုင်ဖို့ အလောတကြီး ပြင်ဆင်နေကြသော တင်မူးဂါးနှင့် ကျန်းဆာ့တို့မှာ အဆိပ်သင့် လဲကျနေပြီဟု ထင်ထားသော ကျောင်းဖန်းယောင်၏ ဓားချက်တို့ကို ဘယ်လိုမှ ခုခံရှောင်တိမ်းခြင်း မပြုနိုင်။

နှစ်ယောက်လုံး ဓားချက်အထိ ခံကြရသည်။
ပြိုင်တူပင် လဲကျသည်။
ကျောင်းဖန်းယောင်လည်း လဲကျသွားသည်။

* * *

တင်မူးဂါးတို့ ထွက်ပေါ်လာသောအခါ ကျောင်းဖန်းယောင်ကို ဝင်ကူပေးမှုဖြစ်တော့မည်ဟု တုကူးချင်းချင်း သိသည်။ သို့သော် သူမအနေဖြင့် ကျောက်ဂူမှထွက်ကာ အောက်သို့ဆင်းရန်ပင် အလွန်ခက်ခဲနေသည်မို့ အမြန်ပင် အကြံထုတ် စဉ်းစားရသည်။

အကြံကောင်းရကာ တန်ခက်ဟောင်း လှမ်းပစ်ချိတ်ထားသောကြိုးကို အားပြုခိုတွဲကာ ကျောက်ဂူအောက်သို့ဆင်းသည်။ ကြိုးက တောင်ကြောအောက်ခြေသို့ ရောက်အောင်

မရှည်သည့်အတွက် ကြိုးတစ်ဆုံး ခိုဆင်းကာ လက်လွှတ်ခုန်ချရသေးသည်။

အတော်လေးထိန်းကာ ခုန်ချနိုင်သောကြောင့် အတွင်းဒဏ် ထပ်မတိုး။ ထို့နောက် ကျောက်ဂူမှခုန်ဆင်းလာသည့်ဟန်ဖြင့် စကား ထန်ထန်ပြောကာ တရကြမ်း တိုက်ခိုက်တော့မည်ဟန် ခြိမ်းခြောက်လိုက်သည်။

တုကူးချင်းချင်း၏ စိတ်ကူးကား တင်မူးဂါးတို့၏ စိတ်အာရုံ လှုပ်ရှားကုန်အောင်လုပ်လျက် ကျောင်းဖန်းယောင် ထိထိမိမိ တိုက်ကွက်ဆင်နိုင်အောင် ကူညီပေးဖို့ ဖြစ်သည်။

ကျောင်းဖန်းယောင်၏ဓားချက် တင်မူးဂါးနှင့် ကျန်းဆာ့တို့ကို ထိသွားသော အခါ တုကူးချင်းချင်း အကြံအောင်ပြီဟု ဝမ်းသာသည်။ သို့သော် ကျောင်းဖန်းယောင် ခွေယိုင်လဲကျသွားသည့်အတွက် ထိတ်ထိတ်ပျာပျာဖြစ်သွားသည်။ ကမန်းကတန်းသွား၍ ပွေ့ထူကြည့်ရာ ကျောင်းဖန်းယောင်မှာ မျက်နှာပင်ပြာနှမ်း၍ အဆိပ်ဒဏ် ပြင်းပြင်းထန်ထန် ခံနေရသည်ကို တွေ့ရသည်။

တုကူးချင်းချင်း ဘာလုပ်ရမည်မသိတော့။

ကံကောင်းထောက်မစွာပင် ထိုနေရာသို့ မာအန်းနား ရောက်လာသည်။

မာအန်းနားသည် သူမတို့ မိသားစုကို ဒုက္ခပေးခဲ့ပြီး လမ်းမှန် သိုင်းသမားများကိုလည်း နယ်ခဲ့၊ အလိုတော်ရိများလက် အပ်ခဲ့သော ကြေးစားသူလျှိုပင့်ကူနက်ယောက်



စွမ်းကိုကို အခြေအနေ အချိန်အခါ အပြောင်းအလဲတွင် ဒဏ်ခတ်အပြစ်ပေးရန် လျှိုက်လံစုံစမ်း ရှာဖွေခဲ့သည်။

မြင်းဖြူတောင်ခြေ တစ်နေရာတွင် ယောက်စွမ်းကိုကို ရှာတွေ့ကာ အကြိတ်အနယ်တိုက်ခိုက် အနိုင်ယူခဲ့သည်။ သူမကိုယ်တိုင်လည်း ဒဏ်ရာရလာလျက် အနားယူဆေးကုရန် နေရာကောင်းလိုက်ရှာရင်း တုကူးချင်းချင်းနှင့် ဆုံမိခြင်း ဖြစ်သည်။

အတွေ့အကြုံများပြီး ဗဟုသုတလည်းကြွယ်သော မာအန်းနားသည် သိမ်းငှက်ဂိုဏ်း၏ သွေးနက်ဓားပျံ အကြောင်း အတန်အသင့်သိထားသည်။ တင်မူးဂါးကိုယ်ပေါ်မှ အဆိပ်ဖြေဆေးကို ရှာနိုင်သောကြောင့် ကျောင်းဖန်းယောင်ကို အချိန်မီဖြေဆေးတိုက်ကာ အသက်ကယ်နိုင်ခဲ့လေသည်။

* * *

အခြေအနေအရပ်ရပ် အေးချမ်း ငြိမ်သက်သွားသော အခါ ကျောင်းဖန်းယောင်နှင့် တုကူးချင်းချင်းတို့ လက်ထပ်ကြသည်။ အရိပ်မဲ့မှော်သိုင်း ပညာများကိုလည်း ဆုံးခန်းတိုင် သင်ကြားလေ့ကျင့်နိုင်ကြသည်။

လမ်းမှန် သိုင်းသမားများနှင့် ပူးပေါင်းကာ အများအကျိုး ဆောင်ခဲ့ကြသည်။ ကြိုးကြာဂိုဏ်းကိုလည်း ပြန်လည် ထူထောင်ပေးနိုင်ခဲ့သည်။

မာအန်းနားသည် ကျောင်းဖန်းယောင်တို့မိသားစုနှင့်အတူ နေထိုင်သည်။ ကျောင်းဖန်းယောင်တို့၏ကူညီမှုဖြင့် ကြိုးကြာဂိုဏ်းလည်း စည်ပင်လာသည်။ အသက်အရွယ်ကြီးရင့် အိုမင်းနေသော မာ အန်း နား က တော့ သိုင်းလောကနှင့် ဖက်သက်မှုမပြုတော့။

တရားဓမ္မများကျင့်ကြံကာ အေးအေးချမ်းချမ်းနေထိုင်နေလေသည်။

★

တိုးတက်ရေးစာပေ

ရှင်သန်းချမ်းမြေ့ပါစေ။

ပြီးပါပြီ။

ဘုန်းကြွယ်